ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန



# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း
## မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်
## ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ
## စီမံကိန်း အပိုင်း(၁)

ပြုစုသူ
ဦးသိန်းဝင်း *B.Sc(Forestry)*
လက်ထောက်ညွှန်ကြားရေးမှူး

မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

## ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်/နည်းလမ်း

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်သည့်စနစ် (Monitoring System)အရ အောက်ပါ အချက်အလက်များကို သုံးသပ်သွား မည်ဖြစ် ပါသည်။

၁။ ရေးဆွဲချ မှတ်ထားသည့် စီမံကိန်းပါ အချက်အလက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်ရရှိသည့် အောင်မြင်မှုများနှင့် တွေ့ကြုံ ရသည့် အခက်အခဲအတား အဆီးများ၊

၂။ တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး

၃။ ကုန်ကျမှုနှင့် အကျိုးရှိမှု၊

၄။ ဝင်ငွေနှင့်သုံးငွေ၊

၅။ သွင်းအားစုများ(ငွေကြေး၊လူအင်အားနှင့် လုပ်ငန်းသုံးပစ္စည်းများစသည့်) ရရှိနိုင်မှုနှင့် အသုံးပြုမှု၊ ထို့အတူ အကဲဖြတ်သည့်စနစ် (Evaluation System) သည်လည်း စီမံကိန်း ကာလတစ် လျှောက်လုံးတွင် အောက်ပါ အကဲဖြတ်ခြင်း ၄ မျိုးကို ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း၊

(ခ) စီမံကိန်းအလယ်အကဲဖြတ်ခြင်း၊

(ဂ) စီမံကိန်းအဆုံးအကဲဖြတ်ခြင်း၊

(ဃ) လုပ်ငန်းပြီးဆုံးပြီးနောက်အကဲဖြတ်ခြင်း။

## ၉.၁၃.၃ စီမံကိန်းကာလအလယ်/စီမံကိန်းကာလအဆုံးတွင် အကဲဖြတ်ခြင်း

စီမံကိန်းအလယ် ၅နှစ်တွင်တစ်ကြိမ် အကဲဖြတ်ခြင်းဖြင့်ချမှတ်ထားသော မူဝါဒများကို ပြန်လည်သုံးသပ်နိုင်ပြီး ဖွံ့ဖြိုးမှုလမ်းကြောင်းကိုလည်းလိုအပ်ပါကပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။ အကဲဖြတ်ခြင်းကြောင့် ချမှတ်ထားသော ရည်မှန်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာလုပ်ဆောင်ချက်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ပါသည်။ စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်းဖြင့် စီမံကိန်းအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ။ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့်ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ (ကောင်းကျိုး/ဆိုးကျိုး)ကို ပြန်လည် သုံးသပ်ရန် ဖြစ်ပါသည်။

## သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **စီမံကိန်းအကျဉ်းချုပ်** | ၁ | ၇ |
| | **အပိုင်း(၁)လက်ရှိအခြေအနေ** | ၈ | - |
| ၁ | **နိဒါန်း** | ၈ | ၉ |
| ၂ | **အခြေခံအချက်အလက်များ** | ၉ | - |
| | ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ | ၉ | - |
| | ၂.၁.၁ တည်နေရာအကျယ်အဝန်းနှင့် ဥပဒေအကျိုးသက်ရောက်မှု | ၉ | ၁၂ |
| | ၂.၁.၂ မြေမျက်နှာသွင်ပြင် | ၁၂ | ၁၃ |
| | ၂.၁.၃ ဘူမိဗေဒနှင့် မြေဆီလွှာ | ၁၃ | - |
| | ၂.၁.၄ ရာသီဥတု | ၁၃ | ၁၄ |
| | ၂.၁.၅ ဇလဗေဒရေစီးရေလာနှင့် ရေရရှိမှု | ၁၄ | - |
| | ၂.၁.၆ အပင်များ | ၁၄ | ၁၅ |
| | ၂.၁.၇ သားငှက်တိရစ္ဆာန်များ | ၁၅ | ၁၆ |
| | ၂.၁.၈ အခြေခံအဆောက်အဦ | ၁၆ | - |
| | ၂.၁.၈.၁ အဆောက်အဦ လမ်းနှင့်တံတားများ | ၁၆ | ၁၇ |
| | ၂.၁.၈.၂ ဆက်သွယ်ရေး | ၁၇ | - |
| | ၂.၁.၈.၃ စက်နှင့် စက်ပစ္စည်းကိရိယာများ | ၁၇ | - |
| | ၂.၁.၉ သစ်တောအခြေခံလုပ်ငန်း | ၁၇ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၂.၂ မြေအသုံးချမှု | ၁၇ | - |
| | ၂.၂.၁ လက်ရှိမြေအသုံးချမှု | ၁၇ | ၂၀ |
| | ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ | ၂၀ | ၂၁ |
| | ၂.၂.၃ မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများ | ၂၁ | - |
| | ၂.၂.၄ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျူးကျော်ဧရိယာများ စာရင်း | ၂၂ | - |
| | ၂.၂.၅ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအတွင်းရှိ ရွှေ/သတ္တုတူးဖော်ခွင့်ပြု ဧရိယာများစာရင်း | ၂၂ | - |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | | |
| | ၂.၃.၁ သစ်တောအမျိုးအစားများနှင့် ဧရိယာအကျယ်အဝန်း | ၂၂ | ၂၃ |
| | ၂.၃.၁.၁ သဘာဝတောများ | ၂၃ | - |
| | ၂.၃.၁.၂ သစ်တောစိုက်ခင်းများ | ၂၄ | - |
| | ၂.၃.၁.၃ အခြားသစ်တောများ | ၂၄ | - |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၅ | - |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၅ | ၂၉ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၂၉ | ၃၃ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျက်ရှိသည့်အစိုးရမြေ) | ၃၃ | ၃၇ |
| | ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၃၇ | - |
| | ၂.၃.၃.၁ ဝါးများ | ၃၇ | - |
| | ၂.၃.၃.၂ ကြိမ်များ | ၃၈ | - |
| | ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ | ၃၈ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၃၈ | - |
| | ၂.၃.၄.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်မှု | ၃၈ | - |
| | ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု | ၃၉ | - |
| ၃ | **လူဦးရေဆိုင်ရာအချက်အလက်များ** | | |
| | ၃.၁ လူဦးရေ | ၃၉ | ၄၀ |
| | ၃.၂ ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှု | ၄၀ | - |
| | ၃.၃ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ် | ၄၀ | ၄၁ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်မှု** | | |
| | ၄.၁ ထုတ်လုပ်ခြင်း | ၄၁ | - |
| | ၄.၁.၁ သစ်ထုတ်လုပ်ခြင်း | ၄၁ | - |
| | ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု | ၄၁ | - |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း | ၄၁ | ၄၂ |
| | ၄.၃ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း | ၄၃ | ၄၄ |
| | ၄.၄ လေ့ကျင့်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေး | ၄၄ | - |
| | ၄.၅ အခွန်တော်ငွေနှင့် အသုံးစရိတ် | ၄၄ | ၄၅ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ခြင်း** | | |
| | ၅.၁ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု | ၄၆ | - |
| | ၅.၂ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများ | ၄၆ | - |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများ | ၄၆ | - |
| | ၅.၄ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီမံခန့်ခွဲမှု | ၄၆ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၅.၅ ပြင်ပအကြောင်းအရင်းများမှ အကျိုးသက်ရောက်မှု | ၄၆ | - |
| | ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု | ၄၆ | - |
| | ၅.၇ အခွန်တော်ငွေနှင့် အသုံးစရိတ် | ၄၇ | - |
| | ၅.၈ လုပ်ငန်းဆိုင်ရာ အခက်အခဲအတားအဆီးများ | ၄၇ | - |
| | ၅.၉ အထွေထွေ | ၄၇ | - |
| ၆ | **နိဂုံး** | ၄၇ | - |
| | **အပိုင်း(၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု** | | |
| ၇ | **သစ်တောမူဝါဒ** | ၄၈ | ၄၉ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | | |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀ နှစ် ကာလအတွက်) | ၄၉ | - |
| | ၈.၁.၁ လူမှုစီးပွားရေး | ၄၉ | - |
| | ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး | ၄၉ | - |
| | ၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၄၉ | - |
| | ၈.၁.၄ သဘာဝဝန်းကျင် ထိန်းသိမ်းရေး | ၅၀ | - |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | | |
| | ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု | ၅၀ | - |
| | ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု | ၅၀ | - |
| | ၈.၂.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု | ၅၀ | - |
| | ၈.၂.၃.၁ သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု | ၅၀ | - |
| | ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု | ၅၁ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု | ၅၁ | - |
| | ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝ ဝန်းကျင်ထိန်းသိမ်းမှု | ၅၁ | - |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲခြင်း** | ၅၁ | ၅၂ |
| | ၉.၁ သစ်ထုတ်ရေးသဘာဝသစ်တောများ | | |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၃ | - |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၃ | - |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၅၃ | ၅၉ |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | | |
| | ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၉ | - |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၆၀ | - |
| | ၉.၂.၂.၁ စိုက်ခင်းအလုပ်တိုက်နယ် | ၆၀ | ၆၉ |
| | ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီမံခန့်ခွဲမှု | ၆၉ | - |
| | ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၆၉ | - |
| | ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | | |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၆၉ | ၇၀ |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၀ | – |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ် | ၇၁ | ၇၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
| --- | --- | --- | --- |
| | | မှ | ထိ |
| | ၉.၃.၂.၂ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခြင်း | ၇၇ | - |
| | ၉.၃.၂.၃ သစ်တောပညာပေးခြင်း | ၇၈ | - |
| | ၉.၃.၃ အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီမံခန့်ခွဲမှု | ၇၈ | - |
| | ၉.၃.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၇၈ | - |
| | ၉.၄ ရေဝေရေလဲသစ်တောများ | | |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၇၈ | - |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၉ | - |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ် | ၇၉ | ၈၃ |
| | ၉.၄.၂.၂ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခြင်း | ၈၃ | - |
| | ၉.၄.၂.၃ သစ်တောပညာပေးခြင်း | ၈၃ | ၈၄ |
| | ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | | |
| | ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၄ | - |
| | ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၈၄ | - |
| | ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် | ၈၅ | ၈၆ |
| | ၉.၅.၂.၂ သယံဇာတစာရင်း ကောက်ယူခြင်း | ၈၇ | - |
| | ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ | | |
| | ၉.၆.၁ ဂေဟာစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၈၇ | ၉၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **ပိတောင်ဘေးမဲ့တော** | | |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၉၁ | ၉၇ |
| | **ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော** | | |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၉၈ | ၁၀၁ |
| | ၉.၇ သစ်တောကာကွယ်ခြင်း | ၁၀၁ | - |
| | ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | | |
| | ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ် | ၁၀၂ | - |
| | ၉.၇.၁.၂ အကွက်နယ်နိမိတ် | ၁၀၂ | ၁၀၄ |
| | ၉.၇.၂ မီးကာကွယ်ခြင်း | ၁၀၅ | ၁၀၆ |
| | ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း | ၁၀၆ | - |
| | ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း | ၁၀၆ | - |
| | ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း | ၁၀၆ | ၁၀၇ |
| | ၉.၈ လေ့ကျင့်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေး | | |
| | ၉.၈.၁ လေ့ကျင့်ရေး | ၁၀၇ | - |
| | ၉.၈.၂ သုတေသန | ၁၀၇ | ၁၀၈ |
| | ၉.၈.၃ ဖွံ့ဖြိုးရေး | ၁၀၈ | - |
| | ၉.၉ သစ်တောအခြေခံလုပ်ငန်းများ | | |
| | ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ | ၁၀၈ | - |
| | ၉.၉.၂ သမဝါယမကဏ္ဍ | ၁၀၈ | - |
| | ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ | ၁၀၈ | - |
| | ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ | ၁၀၉ | - |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၁၀ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ | ၁၀၉ | - |
| | ၉.၁၀.၁ သစ်တောစိုက်ခင်းများ | ၁၀၉ | ၁၁၀ |
| | ၉.၁၀.၂ သစ်ထုတ်လုပ်ခြင်း | ၁၁၀ | - |
| | ၉.၁၀.၃ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း | ၁၁၀ | ၁၁၁ |
| | ၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ | ၁၁၁ | - |
| | ၉.၁၀.၅ သဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း | ၁၁၁ | ၁၁၂ |
| | ၉.၁၁ အခြေခံအဆောက်အဦ | | |
| | ၉.၁၁.၁ အဆောက်အဦ၊ လမ်းနှင့်တံတားများ | ၁၁၂ | - |
| | ၉.၁၁.၂ ဆက်သွယ်ရေး | ၁၁၃ | - |
| | ၉.၁၁.၃ စက်နှင့်စက်ကရိယာများ | ၁၁၃ | - |
| | ၉.၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက် | | |
| | ၉.၁၂.၁ ဝန်ထမ်းအင်အား | ၁၁၄ | ၁၁၉ |
| | ၉.၁၂.၂ ဘတ်ဂျက် | ၁၁၉ | ၁၂၃ |
| | ၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း | ၁၂၄ | - |
| | ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်စစ်ဆေးခြင်း | ၁၂၄ | - |
| | ၉.၁၃.၁ ရည်ရွယ်ချက်များ | ၁၂၄ | - |
| | ၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်/နည်းလမ်း | ၁၂၅ | - |
| | ၉.၁၃.၃ စီမံကိန်းအလယ်/စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်း | ၁၂၅ | - |
| | ၉.၁၄ အထွေထွေ | ၁၂၆ | - |
| ၁၀ | **မြေပုံနှင့် နောက်ဆက်တွဲများ** | ၁၂၆ | - |

# စီမံကိန်းအကျဉ်းချုပ်

## စီမံကိန်းအမည်

၁။ ဤစီမံကိန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်အတွက် ရေးဆွဲထားသော မြစ်ကြီးနား ခရိုင်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဖြစ်ပါသည်။

## စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ( ၁၀)နှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ) ဖြစ်ပါသည်။

## စီမံကိန်းရည်ရွယ်ချက်

၃။ သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management) ဖြင့် မြစ်ကြီးနားခရိုင်အတွင်းရှိ သစ်တောသယံဇာတများကို လုပ်ငန်းစီမံကိန်း အစီအစဉ်များချမှတ်လျှက် ထိန်းသိမ်းပြုစုပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

## အခွင့်အာဏာ

၄။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ (၁၀)အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သည် ဤ သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏သဘောတူ ခွင့်ပြု ချက်ဖြင့် စီမံခန့်ခွဲမှု အခွင့်အာဏာများကို ကျင့်သုံးပြီး အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါ သည်။

၅။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ ၊ မူဝါဒသဘောထားကြေငြာချက် အခန်း (၃-၆) တွင် လည်း ယေဘူယျလမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးသည့် (၁၀) နှစ် စီမံကိန်း တစ်ရပ်ရေး ဆွဲရန် မူဝါဒလုပ်ငန်း တစ်ရပ်အဖြစ် ဖော်ပြထားပါသည်။

## အကျယ်အဝန်းနှင့်လူဦးရေ

၆။ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ မြစ်ကြီးနားခရိုင်တွင်(က)အဆင့် မြစ်ကြီးနား မြို့နယ်နှင့် (ခ)အဆင့် ဝိုင်းမော်မြို့နယ်တို့ ပါဝင်ပါသည်။ မြစ်ကြီးနားမြို့နယ် အောက်တွင် တနိုင်းမြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်၊ ဝိုင်းမော်မြို့နယ်အောက်တွင် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်တို့ပါဝင်ပါသည်။ ခရိုင်၏ဧရိယာ အကျယ်အဝန်းမှာ (၈၇၆၁၁၅၉)ဧက ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ဩဂုတ်လရှိ ခရိုင်၏ လူဦးရေမှာ (၄၇၆၉၃၃)ဦး ဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၇။ မြစ်ကြီးနားခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာ များသောအားဖြင့် မြင့်မားသော တောင်တန်းကြီးများ၊ တောင်ကုန်းမြင့်များရှိပြီး တရုတ်နိုင်ငံနှင့် မတ်စောက်သော တောင်တန်းများ က ပိုင်းခြားလျက်ရှိကာ တောင်ကုန်းများသည် အရှေ့မြောက်မှ အနောက်တောင်သို့ သွယ်တန်းလျက် ရှိကြပါသည်။ ထင်ရှားသော မြေနိမ့်ချိုင့်ဝှမ်းလွင်ပြင်မှာ ဟူးကောင်း မြေပြန့်လွင်ပြင် ဖြစ်ပါသည်။ ဧရာဝတီမြစ် နှင့် တနိုင်းခမြစ်ချောင်းဝဲယာတို့ တွင်လည်း မြေနိမ့်မြေပြန့်များ တည်ရှိကြပါသည်။

## ရာသီဥတု

၈။ မြစ်ကြီးနားခရိုင်တွင် နွေဥတုဟူ၍ ပြောပလောက်အောင်မရှိဘဲ ဆောင်းနှင့်မိုးသည် ဆက်စပ် လျက် ရှိပါသည်။ ခရိုင်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၈.၅၈ ဒီဂရီစင်တီဂရိတ် ဖြစ်ပြီး ပျမ်းမျှ အနိမ့်ဆုံး အပူချိန်မှာ ၈.၇၆ ဒီဂရီစင်တီဂရိတ်ဖြစ်၍၊ ပျမ်းမျှအပူချိန်မှာ ၂၃.၈၅ ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ပျမ်းမျှမိုးရေချိန်မှာ ၉၂.၅၈ လက်မဖြစ်ပြီး ပျမ်းမျှစိုထိုင်းဆမှာ ၈၀.၅၆% ဖြစ်ပါသည်။

## သစ်တောမြေအသုံးချမှု

၉။၂၀၁၅ခုနှစ်၊နိုဝင်ဘာလအထိသစ်တောမြေအသုံးချမှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | ဧရိယာ (ဧက) | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ကြိုးဝိုင်းတော | ၁၃ | ၂၅၂၈၇၀ | ၈.၁၀ |
| ၂။ | ကြိုးပြင်ကာကွယ်တော | ၃ | ၂၆၈၃၁၈ | ၈.၆၀ |
| ၃။ | သဘာဝထိန်းသိမ်းရေးနယ်မြေ | ၂ | ၂၁၃၆၄၀၅ | ၆၈.၄၂ |
| ၄။ | ကြိုးပြင်တောများ(သစ်တောဖုံးလွှမ်းလျှက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | - | ၄၆၄၇၁၁ | ၁၄.၈၈ |
| **ခရိုင်သစ်တောမြေအသုံးချမှုပေါင်း** | | **၁၈** | **၃၁၂၂၃၀၄** | **၁၀၀.၀၀** |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## သစ်တောအမျိုးအစားနှင့် သစ်၊ကြိမ်၊ ဝါးများ

၁၀။ မြစ်ကြီးနားခရိုင်အတွင်း တောင်ပေါ်တော၊ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော စသည့် သစ်တောအမျိုးအစားများ ပေါက်ရောက်ပါသည်။ သဘာဝပေါက်ရောက်ပင်များမှာ ကျွန်း၊တမလန်း၊ ထောက်ကြံ့၊ ယမနေ၊ လောက်ယား၊ စကားဝါ၊ အုံတုံ၊ သစ်ခြောက်၊ သစ်အယ်၊ ကညင်၊ သင်္ကန်း၊

ကုံ့ကော်၊ ကြီးလန်၊ ပိုးဇာပင်စသည်တို့ ပေါက်ရောက်ပါသည်။ ဝါးများအနေဖြင့် ဝါးဘိုးမျက်ဆန် ကျယ်၊ တင်းဝါး၊ ဝါးနက်၊ ဝါးနွယ်ကုတ်တို့ပေါက်ရောက်ပြီး ယမထာကြိမ်၊ တောင်ကြိမ်နှင့် ရေကြိမ်၊ ကြိမ်နီ၊ ကြက်ဥကြိမ်တို့ ပေါက်ရောက်ကြပါသည်။

**သစ်ပင်ပေါက်ရောက်မှုနှင့် သစ်ထုထည်**

၁၁။ မြစ်ကြီးနားခရိုင်အတွင်းသစ်ထုတ်လုပ်နိုင်သည့်ဧရိယာ (Productive Area) တွင် ပေါက် ရောက်လျှက်ရှိသော ရင်စို့လုံးပတ် ၂ပေနှင့်အထက်ရှိ အပင်အရေအတွက်နှင့်၄င်းတို့၏ ထုထည်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | သစ်မျိုး | ပင်ရေ | ရောင်းတန်းဝင်ထုထည် (ကုဗတန်) | (၁)ဧကရှိသည့်ရောင်းတန်းဝင် ထုထည်(ကုဗတန်) |
|---|---|---|---|---|
| ၁ | ကျွန်း | ၆၉၇၇၈ | ၄၃၀၈၉ | ၀.၆၄ |
| ၂ | အုပ်စု(၁) | ၁၅၆၇၈ | ၁၄၇၃၉ | ၀.၂၂ |
| ၃ | အုပ်စု(၂) | ၇၀၁၃၅ | ၆၆၆၂၈ | ၀.၉၉ |
| ၄ | အုပ်စု(၃) | ၃၁၃၈၄ | ၃၃၃၁၈ | ၀.၅၀ |
| ၅ | အုပ်စု(၄) | ၁၄၀၀၁ | ၁၇၈၁၄ | ၀.၂၇ |
| ၆ | အုပ်စု(၅) | ၂၀၀၈၆၂ | ၁၇၀၃၀၆ | ၂.၅၄ |
| | **စုစုပေါင်း** | **၄၀၁၈၃၈** | **၃၄၅၈၉၄** | **၅.၁၆** |

ဇစ်မြစ် - ၂၀၁၀-၁၁ ခုနှစ် One Shot Inventory

၁၂။ မြစ်ကြီးနားခရိုင်အတွင်း ပြီးခဲ့သည့်စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်းများကို လျှာထား ချက် ပြည့်လုနီးပါး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ထုတ်လုပ်မှု**

၁၃။ မြစ်ကြီးနားခရိုင်သည် လွန်ခဲ့သော(၁၀)နှစ်တာကာလအတွင်းကျွန်း၊သစ်မာ ထုတ်လုပ်မှုမရှိပါ။

**သစ်အခြေခံလုပ်ငန်းများ**

၁၄။ ခရိုင်အတွင်း သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လျက်ရှိပြီး ပုဂ္ဂလိက ပိုင် အသေးစားသစ်ခွဲစက် (၈၆)ခုသာရှိပါသည်။

**အလုပ်တိုက်နယ်များ**

၁၅။ (က) **ထုတ်လုပ်ရေးအလုပ်တိုက်နယ်**

အလုပ်တိုက်နယ်ကို ခုတ်စဉ်(၁)ခုဖြင့် ဖွဲ့စည်းထားပြီး (၈၈၆၂၄) ဧက ကျယ်ဝန်းပါသည်။

(ခ) **စိုက်ခင်းများအလုပ်တိုက်နယ်**

အလုပ်တိုက်နယ်ကို စီးပွားရေးစိုက်ခင်းများဖြင့် ဖွဲ့စည်းထားပြီး ဧရိယာ အကျယ်အဝန်းမှာ (၆၁၀၉)ဧကကျယ်ဝန်းပါသည်။

(ဂ) **ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ်**

ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြစ်သော သစ်၊ဝါးစသည်တို့ကို ရေရှည်စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရန် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်းလုပ်ငန်း စသည်တို့ကို လုပ်ကိုင်မည် ဖြစ်ပါသည်။ အကျယ်အဝန်းမှာ (၁၉၃၅၆၂)ဧက ဖြစ်ပါသည်။

(ဃ) **သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်**

အလုပ်တိုက်နယ် အကျယ်အဝန်းမှာ ( ၂၇၄၉၅၄) ဧကရှိပါသည်။

(င) **ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်**

ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ်ဧရိယာ အကျယ်အဝန်းမှာ (၅ဝ၆၄ဝ)ဧကရှိပါသည်။ဧရာဝတီမြစ်ထဲသို့စီးဝင်သည့် မေခမြစ်နှင့်ရေဝေကုန်းတန်းများ၊ ဝါရှောင်ရေလွှဲဆည် ရေဝေဧရိယာရှိ တောကျန်များနှင့် ရေဝေရေလဲစိုက်ခင်း(၂၃၅ဝ)ဧက ပါဝင်ပါသည်။

(စ) **အလုပ်တိုက်နယ်တွင်မပါဝင်သောဧရိယာများ**

အလုပ်တိုက်နယ်တွင်မပါဝင်သော ဧရိယာ(၉၉)ဧကမှာ ခန့်ဖူးကြိုးပြင်ကာကွယ်တော အတွင်း ခွင့်ပြုထားသည့် သတ္တုတူးဖော်သည့် ဧရိယာဖြစ်ပါသည်။

မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များရှိ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင် ရွှေနှင့်သတ္တုများ ထွက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်း သက်သာစေသောနည်းများဖြင့် ထုတ်လုပ်သွားနိုင်ရန် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များနှင့် အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားပါမည်။

**တည်ထောင်ပြီးစိုက်ခင်းများ**

၁၆။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ပြီး စိုက်ခင်းများအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

## မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ထားသည့် စိုက်ခင်းများစာရင်းချုပ်

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုး အစား | သစ်မျိုး | တည်နေရာနှင့် ဧရိယာ(ဧက) | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | | ကြိုးဝိုင်း | ကြိုးပြင် ကာကွယ် တော | ကြိုး ပြင် တော | စုစုပေါင်း | |
| ၁ | မြစ်ကြီးနား ဝိုင်းမော် | စီးပွားရေး | ကျွန်း/ပျဉ်း/ကြက်ဆူ<br>ကျွန်း/ပျဉ်း/ကြက်ဆူ | ၂၂၅<br>၃၆၅ | ၀<br>၀ | ၁၀၀၆<br>၆၅၀ | ၁၂၃၁<br>၁၀၁၅ | |
| **စီးပွားရေးပေါင်း** | | | | **၅၉၀** | **၀** | **၁၆၅၆** | **၂၂၄၆** | |
| ၂ | မြစ်ကြီးနား ဝိုင်းမော် | ကျေးရွာထင်း | သြ/မယ်/ဘောစကိုင်း | ၀<br>၁၃၀ | ၀<br>၃၀ | ၅၆၀<br>၃၆၀ | ၅၆၀<br>၅၂၀ | |
| **ကျေးထင်းစိုက်ခင်းပေါင်း** | | | | **၁၃၀** | **၃၀** | **၉၂၀** | **၁၀၈၀** | |
| ၃ | မြစ်ကြီးနား ဝိုင်းမော် | ရေဝေရေလဲ | သစ်မျိုးစုံ | ၀<br>၆၀၀ | ၀<br>၁၀၀ | ၁၆၀၀<br>၅၀ | ၁၆၀၀<br>၇၅၀ | |
| **ရေဝေရေလဲစိုက်ခင်းပေါင်း** | | | | **၆၀၀** | **၁၀၀** | **၁၆၅၀** | **၂၃၅၀** | |
| **စုစုပေါင်း** | | | | **၁၃၂၀** | **၁၃၀** | **၄၂၂၆** | **၅၆၇၆** | |

## ပုဂ္ဂလိကကျွန်းနှင့်သစ်မာမျိုးစုံ စိုက်ခင်း

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုး အစား | သစ်မျိုး | တည်နေရာနှင့် ဧရိယာ(ဧက) | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | | ကြိုးဝိုင်း | ကြိုးပြင်ကာကွယ်တော | ကြိုးပြင်တော | စုစုပေါင်း | |
| ၁ | ဝိုင်းမော် | စီးပွားရေး<br>စီးပွားရေး<br>စက်မှု | ကျွန်း<br>သစ်မာ<br>ရာဘာ | <br>၁၅၃<br>၁၀၀ | ၃၀၀<br>၆၈၀<br>၂၅၀၀ | ၀<br>၀<br>၀ | ၃၀၀<br>၈၃၃<br>၂၆၀၀ | |
| **စုစုပေါင်း** | | | | **၂၅၃** | **၃၄၈၀** | **၀** | **၃၇၃၃** | |

## ကျေးလက်အိမ်ရာ ထူထောင်ရေးကျေးရွာပိုင်သစ်တောစိုက်ခင်းလုပ်ငန်း

| စဉ် | တစ်ရွာ(၁)ဧကစိုက်ခင်း | | | တစ်အိမ်ထောင် ယူကလစ်(၂၀)ပင် | | | တစ်အိမ်ထောင် ကျွန်း(၃)ပင် | | | လူ(၁)ဦး ကျွန်း(၁)ပင် | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ကျေး ရွာ ပေါင်း | သစ် မျိုး | ဧက | ကျေး ရွာ ပေါင်း | အိမ် ထောင် စုပေါင်း | ပင်ရေ | ကျေး ရွာ ပေါင်း | အိမ် ထောင် စုပေါင်း | ပင်ရေ | လူ ဦး ရေ | ပင်ေ ေ |
| ၁ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ၇၁ | သစ်မျိုးစုံ | ၇၁ | ၂၄ | ၁၃၆၁ | ၂၇၂၂၀ | ၁၂၂ | ၃၅၇၃၈ | ၁၀၇၂၃၆ | ၃၀၅၀၀ | ၃၀၅၀၀ |

ဇစ်မြစ် - မြစ်ကြီးနား ၊ခရိုင်သစ်တောဦးစီးဌာန။

## သဘာဝထိန်းသိမ်းရေးနယ်မြေများ

### ပိတောင်ဘေးမဲ့တော

၁၇။ မြစ်ကြီးနားခရိုင်ရှိ ပိတောင်ဘေးမဲ့တောအား အမိန့်အမှတ် ၆၄(၇-၄-၁၉၁၈) ဖြင့် ဧရိယာ (၁၇၂၄၅၂.၃၄) ဧကအား ပိတောင်ဘေးမဲ့တောအဖြစ် ကာကွယ်ထိန်းသိမ်းခဲ့ရာ ၂၀၁၀ ခုနှစ်တွင် အမိန့်အမှတ် ၁(၃-၁-၂၀၀၆) ဖြင့် (၁၄၂၈၇.၃၄)ဧကအား ပယ်ဖျက်လိုက်သဖြင့် လက်ရှိဧရိယာ အကျယ်အဝန်းမှာ (၃၀၁၆၅) ဧက သာကျန်ရှိပါတော့သည်။

### ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော

၁၈။ မြစ်ကြီးနားခရိုင် ၊ သစ်တောဦးစီးဌာန တနိုင်းမြို့နယ်အတွင်းရှိ (၁၅၁၆၈၀၀)ဧက၊ ရှင်ဗွေယန် မြို့နယ်အတွင်း(၅၈၉၄၀)ဧကရှိသောနယ်မြေကို သဘာဝဝန်းကျင်နှင့်ဇီဝမျိုးကွဲများ ထိန်းသိမ်း ကာကွယ်ရေးအလို့ငှာ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အဖြစ် အမိန့်ကြော်ငြာစာ အမှတ် ၃၄(၃-၆-၂၀၀၄)ဖြင့် သတ်မှတ် ကြေငြာခဲ့ပါသည်။

### အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ်

၁၉။မြစ်ကြီးနားမြို့နယ် အင်ခိုင်ဘွမ်ဒေသတွင် အင်ခိုင်ဘွမ်အမျိုးသားဥယျာဉ် တည်ထောင်ရန် ဧရိယာ (၇၄၂၆၀)ဧကအား ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၄(၁.၇.၂၀၁၄) ဖြင့် ကြေငြာ၍ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

### အီမောဘွန်းအမျိုးသားဥယျာဉ်

၂၀။ ချီဖွေမြို့နယ်နှင့်ဆော့လော်မြို့နယ်ရှိ အီမောဘွန်းဒေသတွင် အီမောဘွန်းအမျိုးသားဥယျာဉ် တည်ထောင်ရန်အတွက် ဧရိယာ(၃၈၆၂၂၅)ဧကအား ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာန၊ ပိတောင် ဘေးမဲ့တောနှင့် နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် အပင်များအဖွဲ့ Fauna and Flora International(FFI)တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားရှိပြီး ဖြစ်ပါသည်။

### သစ်တောခရိုင်ဖွဲ့စည်းပုံ

၂၁။ မြစ်ကြီးနားခရိုင်တွင် (က)အဆင့် (၁)မြို့နယ်နှင့် (ခ)အဆင့်(၁)မြို့နယ်၊ စုစုပေါင်း (၂)မြို့နယ် ဖြင့် ဖွဲ့စည်းထားပြီး လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး၊ ဦးစီးအရာရှိ(၁)ဦး အပါ အဝင် ဝန်ထမ်း စုစုပေါင်း (၅၉) ဦး ဖြင့် ဖွဲ့စည်းထားပါသည်-

# ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံဇယား

| စဉ် | ရာထူး | လစာနှုန်း(ကျပ်) | ခွင့်ပြု | ခန့်ထား | လို | ပို | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | လက်ထောက်ညွှန်ကြားရေးမှူး | ၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀ | ၁ | ၁ | | - | |
| ၂ | ဦးစီးအရာရှိ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၂ | ၁ | ၁ | - | |
| ၃ | တောအုပ်ကြီး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၆ | ၂ | ၄ | - | |
| ၄ | ဌာနခွဲစာရေး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၃ | ၂ | ၁ | - | |
| ၅ | တောအုပ် | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂၀ | ၂၀ | - | - | |
| ၆ | စာရင်းကိုင် ၃ | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၂ | ၂ | - | - | |
| ၇ | အကြီးတန်းစာရေး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | ၂ | - | ၁ | |
| ၈ | တောခေါင်း | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄၁ | ၂၃ | ၁၈ | - | |
| ၉ | စာရင်းကိုင် ၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄ | ၁ | ၃ | - | |
| ၁၀ | အငယ်တန်းစာရေး | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၄ | ၁ | ၃ | - | |
| ၁၁ | ထွန်စက်မောင်း ၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | - | ၁ | - | |
| ၁၂ | အမှုတွဲထိန်း | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၁ | ၁ | - | - | |
| ၁၃ | တောကြပ် | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၈ | ၂ | ၆ | - | |
| ၁၄ | ယာဉ်မောင်း/စက်ပြင် ၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၂ | - | ၂ | - | |
| ၁၅ | လုံခြုံရေး ၅ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁ | - | ၁ | - | |
| ၁၆ | ရုံးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၃ | ၁ | ၂ | - | |
| ၁၇ | ရုံးစောင့် | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၄ | - | ၄ | - | |
| ၁၈ | သန့်ရှင်းရေးအကူ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၁ | - | ၁ | - | |
| | စုစုပေါင်း | | ၁၀၅ | ၅၉ | ၄၇ | ၁ | |

# အပိုင်း(၁)

# လက်ရှိအခြေအနေ

## ၁။ နိဒါန်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၏ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၄၇-၄၈ ခုနှစ် မှ ၁၉၆၀-၆၁ ခုနှစ်အထိ ခရိုင် သစ်တောဝန် ဦးသိန်းရင်နှင့် မစ္စတာနာချီယပ်တို့ ရေးဆွဲခဲ့ပြီး ၁၉၆၁-၆၂ ခုနှစ် မှ ၁၉၇၀-၇၁ ခုနှစ်အထိ ခရိုင်သစ်တောဝန် ဦးခင်မောင်ကျော်၊ ဦးဘရီ နှင့် မစ္စတာဟက်ကလက်တို့ ရေးဆွဲခဲ့ကြပါသည်။

၁၉၉၆-၉၇ ခုနှစ် မှ ၂၀၀၅-၀၆ ခုနှစ်အထိ (၁၀)နှစ်တာ ကာလအတွက် ရေးဆွဲခြင်းကို မြစ်ကြီးနားခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်ဟိန်းဦးဆောင်၍ ဦးစီးအရာရှိ ဦးစိုးဝင်း (မြစ်ကြီးနားမြို့နယ်)၊ ဦးစီးအရာရှိ ဦးစောခင်မောင်ရွှေ (မိုးကောင်းမြို့နယ်)နှင့် ဦးစီးအရာရှိ၊ ဦးသန်းထွန်းအောင်(မိုးညှင်းမြို့နယ်)တို့မှ ပါဝင်ရေးဆွဲခဲ့ကြပါသည်။

၂၀၀၆-၀၇ မှ ၂၀၁၅-၂၀၁၆ ခုနှစ် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအား လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးကျော်တင့် ဦးဆောင်ပြီး ဦးစီးအရာရှိ၊ ဦးဝင်းနိုင်တို့မှ ရေးဆွဲခဲ့ပါသည်။

၂၀၁၀ ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပြန်လည်ရေးဆွဲခြင်းဆိုင်ရာ အစည်းအဝေးတွင် သစ်တောဦးစီးဌာန၏ ခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန်အတွက် စီမံကိန်းများကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှုနည်းစနစ်များနှင့်အညီ ပြန်လည်ပြုစုရေးဆွဲနိုင်ရေး အားလုံးက အလေးထား ဆောင်ရွက်သွားရန်လိုအပ်ကြောင်း လမ်းညွှန်ချက်အရ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးဘခင် နှင့်အဖွဲ့မှ ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

ဦးစီးရုံးချုပ်၏ (၃၀-၆-၂၀၁၅) ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ ၀၂၀/ ၁၁၃၁၉-၃၆/ ၁၅ဖြင့် ညွှန်ကြားချက်အရ ၂၀၁၆-၁၇ မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ပြုစုရေးဆွဲရေးနှင့် စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ရေးဆွဲရေးလုပ်ငန်းအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (၁) | ဦးသိန်းဝင်း | လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးနော်ဂျာ | မြို့နယ်ဦးစီးမှူး၊ ဝိုင်းမော်မြို့နယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃) | ဦးမြလွင် | အုပ်ချုပ်ရေးမှူး၊ ပိတောင်ဒေါ်သေးမဲ့တော | အဖွဲ့ဝင် |
| (၄) | ဦးမင်းခိုင်ဦး | အုပ်ချုပ်ရေးမှူး၊ ဟူးကောင်းဒေါ်သေးမဲ့တော | အဖွဲ့ဝင် |
| (၅) | ဦးဂျုံးဆယ် | တောအုပ်ကြီး၊ မြစ်ကြီးနားမြို့နယ် | အဖွဲ့ဝင် |
| (၆) | ဒေါ်ခေါန်လွမ်း | ဌာနခွဲစာရေး၊ မြစ်ကြီးနားခရိုင်ရုံး | အဖွဲ့ဝင် |
| (၇) | ဒေါ်တင်တင်စန်း | အကြီးတန်းစာရေး၊ မြစ်ကြီးနားခရိုင်ရုံး | အဖွဲ့ဝင် |
| (၁၀) | ဦးဟန်ကျော်လင်း | တောအုပ်၊မြစ်ကြီးနားမြို့နယ် | အဖွဲ့ဝင် |
| (၁၁) | ဒေါ်နယ်လီထွန်း | စာရင်းကိုင်-၃၊ မြစ်ကြီးနားမြို့နယ် | အဖွဲ့ဝင် |
| (၁၂) | ဦးဇော်ဝင်းထွန်း | ဦးစီးအရာရှိ၊မြစ်ကြီးနားမြို့နယ် | အတွင်းရေးမှူး |

## ၂။ အခြေခံအချက်အလက်များ

### ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ

#### ၂.၁.၁ တည်နေရာ၊ ဧရိယာ၊ အကျယ်အဝန်းနှင့်ဥပဒေအကျိုးသက်ရောက်မှု

မြစ်ကြီးနားခရိုင်တွင် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ တနိုင်းမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် ချီဖွေမြို့နယ်များပါဝင်ပါသည်။ မြစ်ကြီးနားခရိုင်သည် မြောက်လတ္တီကျူ ၂၄ ° ၂၉' ၁၂"မှ ၂၇ ° ၄၁'ဝ၆"၊ အရှေ့ လောင်ဂျီတွဒ် ၉[illegible] °၄၆'၂၃” မှ ၉၈ °၅၅'၃၇” အကြားတွင်တည်ရှိပါသည်။

ဤသစ်တောခရိုင်၏ အလားအလာများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

**မြောက်ဘက်။** မြောက်ဘက်တွင်စစ်ကိုင်းတိုင်း၊နန်းယွန်းမြို့နယ်၊လေရှီးမြို့နယ်နှင့်ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ်သုံးမြေဆုံမှ အရှေ့စူးစူးသို့ tawaw bum တောင်ကြော အတိုင်း sharit bum တောင် ၆၇၁၇ ပေအထိ၊ ထိုမှအရှေ့ စူးစူး ၈၆၅၀ ပေ အမြင့်ရှိ lawrt kawng တောင်အထိ၊ ထိုမှ အရှေ့ဘက်သို့ ဆက်ဝိုက် သွားပြီး ပူတာအို၊ ဆွမ်ပရာ ဘွမ်နှင့် တနိုင်းခမြို့ နယ်တို့ဆုံရာ ၁၁၁၄၈ ပေအမြင့်ရှိ matsiku bum တောင်ထိ၊ ထိုမှတောင်ဘက်သို့ တောင်ကြော တစ်လျှောက်စီးဆင်းလာရာ ၁၁၁၇၅ပေရှိ bumpha bum တောင်ထိ၊ ထိုမှ တောင်ဘက်သို့ ၈၃၅၃ ပေရှိ kumgal bum တောင်၊ ထိုမှ ၇၅၀၂ ပေရှိ daru bum ထိ၊ ထိုမှ ၆ မိုင်ခန့် ဆင်းသက်လာရာ ၈၀၃၀ ပေအမြင့်ရှိ hkai yat bum တောင်ထိ၊ ထိုမှ tanaung hka မြစ်အတိုင်း အရှေ့တောင်ဘက် သို့ဆင်းလာရာ tiang hka မြစ်အတိုင်း ဆက်ဆုံလာပြီး မလိခမြစ်နှင့်

ဆုံသည်အထိ ထိုမှတဆင့် မလိခမြစ်အတိုင်း အရှေ့မြောက်သို့ တက်လာပြီး hkrang hka မြစ် နှင့်ဆုံသည့် hkrang hka မြစ်အတိုင်း အရှေ့မြောက်သို့ ဆက်သွားရာ chahtung ရွာ အထိ၊ ထိုရွာမှ အရှေ့မြောက်တောင်ကြောအတိုင်း ၈ မိုင်ခန့် သွားရာ ၁၁၈၄၅ ပေရှိ hkangri bum တောင်အထိ၊ ထိုမှ အရှေ့စူးစူး နမိုင်းခမြစ်မှာ တစ်စုံအတိုင်းဆုံလာရာ RASATE ရွာအထိ၊ ထိုရွာမှတောင်ဘက်သို့ NAI HKA မြစ်အတိုင်း ဆုံလာရာ၊ KATZE ရွာအထိ၊ ထိုရွာမှတဆင့် MEKH RAME ချောင်း အတိုင်း အရှေ့မြောက်သို့ NAHKE PASS ဖြတ်လမ်း ၁၁၇၈၁ အထိ လည်းကောင်း။

အရှေ့ဘက်။ အရှေ့ဘက်တွင် NAHKE PASS ဖြတ်လမ်းမှ နားခတောင် ကြောအတိုင်း တောင်ဘက်သို့ မိုင်၂၀ ခန့် ဆင်း လာရာ SALA PASS ဖြတ်လမ်း ၁၂၁၉၈ ပေအထိ ထိုမှ SALA တောင်ကြော အတိုင်းတောင်ဘက်သို့ဆက်ဆင်းလာရာ၁၂၅၀၆ပေ၊ ၁၃၂၁၇ပေ၊ ၁၁၃၆၈ပေ၊ ၁၂၉၀၈ပေ၊ ၁၃၁၉၀ပေ၊ ၁၁၇၄၈ပေ၊ ၁၃၁၄၇ပေ တောင်ထိပ်များ အစဉ်အတိုင်း မိုင် ၅၀ ခန့်ဆင်းလာရာ BP 47 ၁၃၄၅၁ ပေ(တရုတ်-မြန်မာနယ်စပ်) အထိ၊ ထိုမှ တောင်ဘက်သို့ ဆက်ဆင်းလာရာ ၁၂၆၃၅ပေအမြင့်ရှိ HPASHI BUM တောင် ထိပ်ထိ၊ ထိုမှဖြတ်ပြီး ၂၇မိုင်ခန့် ဆက်ဆင်းလာရာ ၁၁၃၈၆ ပေရှိ CHAKU SHAN တောင်ထိ၊ ထိုမှ ၈၅၆၂ပေရှိ BP 45 နှင့် ၁၀၅၄၄ ပေရှိ LUNGTHUIN SHAN တောင်၊ ထိုမှအနောက် စူးစူးသို့ ၁၂ မိုင်ခန့် ပတ်လာရာ ၈၈၃၁ ပေရှိ BP 44 ထို့နောက် ၉၃၄၆ပေရှိ BP 43စသဖြင့် တရုတ်-မြန်မာနယ်စပ် တစ်လျှောက် ဆင်းလာရာ ၇၆၆၅ ပေရှိ BP 42, BP 41, BP 40 မှတဆင့် ၁၂၂၆၀ပေရှိ LAOYA SHAN တောင်ထိပ်ထိ၊ ထိုမှ အနောက် မြောက်သို့ ဆက်ဆင်း လာရာ ၁၁၈၁၀ ပေရှိ AWK BUM တောင်နှင့် ၁၀၇၁၆ ပေ အထိ၊ ၄င်းမှ တောင်ဘက်သို့ CHAW BUM ရွာမှ နယ်နိမိတ်ကြောအတိုင်း TABU BUM ရွာနှင့် တောင် ၁၁၁၆၇ ပေအထိ၊ ၄င်းမှ နန်းသဘက်ချောင်း အတိုင်း ဆင်းလာရာ SIMA ရွာ၊ ၄င်းမှPAGAOရွာအထိလည်းကောင်း၊ အနောက်ဘက် နယ်နိ မိတ်ကြောအတိုင်းကွေ့၍ ဝိုင်းမော်မြို့နယ်

NAHPAW ရွာအနီး၊တောင် ၈၅၄၈ပေအထိလည်းကောင်း၊ ၎င်းမှ LAIZA HKA ချောင်းဖျားမှ NALONG အထိလည်းကောင်း၊ ၎င်းရွာထိပ်မှမြောက်ဘက်သို့ DUMBAI YANG ရွာအထိလည်းကောင်း၊၎င်းမှမြစ်ကြီးနားမြို့နယ်အနောက်ဘက်ကြေအတိုင်းနမ့်ဆမ်ချောင်းအတိုင်းအရိန္ဒမာရွာအထိလည်းကောင်း။

တောင်ဘက်။

တောင်ဘက်တွင် ခရိုင်နယ်နိမိတ်နှင့် မြစ်ကြီးနားမြို့နယ် နယ်နိမိတ် အရိန္ဒမာရွာနှင့် အရိန္ဒမာကြိုးဝိုင်း အစပ်မှ တောင်ဘက်သို့ တောင်ပလောင်(tAUNG BALAUNG R.f)ကြိုးဝိုင်းအနီး၊ လက်မ(LETMA) ရွာဟောင်းအထိ၊ ၎င်းမှတောင်ပလောင် ကြိုးဝိုင်းအဆုံးအထိ၊တောင်ပလောင်ကြိုးဝိုင်းအဆုံးမှ အနောက်ဘက်သို့ ဗန်းမော်-မြစ်ကြီးနားခရိုင် နယ်နိမိတ်အတိုင်းလာရာ နန့်ခိုကြိုးဝိုင်း အကွက်အမှတ်(၁၅၃)အထိ၊ ၎င်းမှ အနောက်သို့ ခရိုင်နယ်နိမိတ်အတိုင်း ဆက်လက်လာရာ နန့်ခိုကြိုးဝိုင်းနှင့် နန့်ထန်ကြိုးဝိုင်း နယ်နိမိတ်ကွက်ဆုံ ဘုတ်တိုင်အထိ။

အနောက်ဘက်။

ကွက်ဆုံဘုတ်တိုင်မှ မြောက်ဘက်သို့လာရာ နန့်ခိုကြိုးဝိုင်းအနောက်ဘက်နယ်နိမိတ်၊ ပုဂါကြိုးပြင်ကာကွယ်တော အနောက်ဘက်နယ်နိမိတ်၎င်းမှ နန့်ဆယ်ကြိုးဝိုင်းအနောက်ဘက်နယ်နိမိတ် မှလာရာ အကွက်အမှတ်(၁၁) အထိ၊ ၎င်းမှ ကြိုးဝိုင်းအားမြို့နယ်နိမိတ်အတိုင်းလာရာမိုးကောင်း-မြစ်ကြီးနား ရထားလမ်းနှင့်ကားလမ်းဆုံ မြစ်ကြီးနား-မိုးကောင်း နယ်နိမိတ်အထိ၊ ၎င်းမှပိတောင်ဘေးမဲ့တော အနောက်ဘက် နယ်နိမိတ်အတိုင်းလာရာမြစ်ကြီးနား-တနိုင်း-မိုးကောင်းမြို့နယ် နယ်နိမိတ်ဆုံရာ အထိ၊ ၎င်းမှအနောက်ဘက်သို့ တနိုင်း-ရှဒူဇွတ်ကားလမ်း အထိ၊ ၎င်းမှအနောက်ဘက်သို့ တနိုင်း-ဖားကန့်နယ်နိ မိတ်အတိုင်းလာရာကံဆီးကြိုးပြင်ကာကွယ်တော မြောက်ဘက်နယ်နိမိတ်ကို ဖြတ်၍လာရာ စစ်ကိုင်းတိုင်း၊ နန်းယွန်းမြို့နယ်၊ လေရှီးမြို့နယ် နှင့်ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ် သုံးမြေဆုံအထိ၊

မြစ်ကြီးနားခရိုင်သည် ဧရိယာဧက ၈၇၆၁၁၅၉ ဧက ကျယ်ဝန်းပြီးကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအားဇယား(၂.၁.၁)ဖြင့် ဖော်ပြ အပ်ပါသည်။

## မြစ်ကြီးနားခရိုင်ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သဘာဝထိန်းသိမ်းရေး နယ်မြေစာရင်းများ

ဇယား(၂-၁-၁)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေး နယ်မြေအမည် | ဧရိယာ (ဧက) | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | မှတ် ချက် |
|---|---|---|---|---|
| | **ကြိုးဝိုင်း** | | | |
| ၁ | တောင်ပလောင် | ၂၃၀၁၉ | ၆၉(၁၅-၂-၁၈၉၄) | |
| ၂ | ဥယာဟာသ | ၉၆၅၄ | ၁၈၆(၁၁-၅-၁၈၉၄) | |
| ၃ | နန်စွန်တီး | ၂၃၆၂၀ | ၃၈၅(၄-၁၂-၁၈၉၅) | |
| ၄ | အရိန္ဒမာ | ၁၀၆၀၃ | ၁၂၃(၂၇-၅-၁၉၁၄) | |
| ၅ | တာလောကြီး | ၉၇၉၂ | ၁၂၄(၂၇-၅-၁၉၁၄) | |
| ၆ | ရွှေကိုင်းမော် | ၁၈၁၁ | ၃၂(၂၄-၂-၁၉၁၇) | |
| ၇ | ပုဂါ | ၂၆၆၁ | ၉၀(၃-၅-၁၉၁၇) | |
| ၈ | မလော် | ၁၃၁၂၀ | ၁၈၂(၃-၈-၁၉၃၄) | |
| ၉ | နန့်ခို | ၃၂၃၅၆ | ၂၀၃(၃-၈-၁၉၃၄) | |
| ၁၀ | နန့်ဆည် | ၂၈၅၈၂ | ၅၁၄(၃၀-၁၁-၁၉၃၉) | (ပိုင်း) |
| ၁၁ | မိုင်းနား | ၄၉၉၂ | ၃၃(၂၄-၂-၁၉၁၇) | |
| ၁၂ | နန့်ဝါ | ၃၀၈၀ | ၁၉(၂၂-၂-၁၉၁၆) | |
| ၁၃ | ဝါရှောင် | ၈၉၅၈၀ | ၆၉(၁၁-၆-၁၉၇၄) | |
| | **ကြိုးဝိုင်းစုစုပေါင်း** | **၂၅၂၈၇၀** | | |
| | **ကြိုးပြင်ကာကွယ်တော** | | | |
| ၈ | ခန်ဖူး | ၆၀၃၁၈ | ၁(၁၄-၁-၉၉) | |
| ၉ | ဝါရှောင် | ၁၁၁၃၆၀ | ၂(၁၄-၁-၉၉) | |
| ၁၀ | ပုဂါ | ၉၆၆၄၀ | ၂၇(၂၆-၅-၀၂) | |
| | **ကြိုးပြင်ကာကွယ်တောစုစုပေါင်း** | **၂၆၈၃၁၈** | | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေ** | | | |
| ၁ | ပိတောင်ဘေးမဲ့တော | ၃၀၁၆၅ | ၆၄(၇-၄-၁၉၁၃) | |
| ၂ | ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော | ၁၅၇၄၄၀၀ | ၃၄(၃-၆-၂၀၀၄) | |
| ၃ | ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော (တိုးချဲ့) | ၅၃၁၈၄၀ | ၇၁(၂၇-၅-၂၀၁၀) | |
| | **သဘာဝထိန်းသိမ်းရေးနယ်မြေပေါင်း** | **၂၁၃၆၄၀၅** | | |
| | **စုစုပေါင်း** | **၂၆၅၇၅၉၃** | | |

### ၂.၁.၂ မြေမျက်နှာသွင်ပြင်

မြစ်ကြီးနားခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာများသောအားဖြင့်မြင့်မားသော တောင်တန်းကြီးများ၊ တောင်ကုန်းမြင့်များဖြင့်သော်လည်း၊ မြေပြန့်ချိုင့်ဝှမ်း၊ မြေနိမ့်ဒေသများလည်းရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်းများကိုများ သောအားဖြင့် မတ်စောက်သော တောင်တန်းများက ဝန်းရံလျက်ရှိပြီး တောင်တန်းများသည်အရှေ့မြောက်မှ အနောက်

တောင်သို့ သွယ်တန်းလျက်ရှိကြပါသည်။ ထင်ရှားသော မြေနိမ့်ချိုင့်ဝှမ်းလွင်ပြင်များမှာ ဟူးကောင်းမြေပြန့်လွင်ပြင် ဖြစ်ကြပါသည်။ ဇရာဂတီမြစ်၊ ကောက်ကွေ့ချောင်းနှင့် စစ်ချောင်း ဝဲယာတို့တွင် မြေနိမ်မြေပြန့်များတည်ရှိကြပြီး အများအားဖြင့် ၄င်းမြေနိမ့်မြေပြန့်များကို တောင်များကာဂန်းရံထားကြပါသည်။

## ၂.၁.၃ ဘူမိဗေဒနှင့်မြေဆီလွှာ

မြစ်ကြီးနားခရိုင်သည် နီညိုတောမြေ၊ တောင်မြင့်နီညိုတောမြေ၊ ကမ္ဘာမြေမဲနှင့် ကျောက်ပြုန်း မြေ(အများဆုံး)၊ ဝါညိုတောမြေ (အသင့်အတင့်)၊ လယ်မြေ အနည်းငယ်နှင့်ဇရာဂတီမြစ်နှင့် ကျန်ထင်ရှားသော မြစ်ချောင်းများဝဲယာရှိ မြေနိမ့်အရပ်များတွင် နုန်းတင်မြေနုများဖြစ်ပါသည်။ တနိုင်းမြို့နယ်တွင်ရွှေကျင်ခြင်းများပြုလုပ်ကြပါသည်။

ဇယား(၂.၁.၃)

| စဉ် | မြို့နယ် | ကြိုးဝိုင်းအမည် | မြေအမျိုးအစား | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြန်မာအမည် | FAOအမည် | Landuse အမည် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | တောင်ပလောင် | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | ဥယာဟာသ | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | နန်စွန်တီး | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | အရိန္ဒမာ | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | တာလောကြီး | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | ရွှေကိုင်းမော် | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | ပုဂါ | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | မလော် | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | နန့်ခို | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | နန့်ဆည် | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| ၂ | ဝိုင်းမော် | မိုင်းနား | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | နန့်ဝါ | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |
| | | ဝါရှောင် | ဝါညိုတောမြေ | Freeasois(xanthic) | Yellow Brown Forest | |

## ၂.၁.၄ ရာသီဥတု

မြစ်ကြီးနားခရိုင်တွင် ရာသီဥတုအနေဖြင့် မြောက်ဘက်ပေ ၉၀၀၀ ကျော်မြင့်သော တောင်တန်းဒေသများတွင်သမပိုင်းရာသီဥတု၊ တောင်ဘက်ပေ ၉၀၀၀ ထက်နိမ့်သော တောင်ပေါ်ဒေသများတွင် အပူလျော့ပိုင်း ရာသီဥတုတို့ ရှိကြပါသည်။ မြစ်ကြီးနားခရိုင်၏ ရာသီဥတုဆိုင်ရာကိန်းဂဏန်းများအား ဇယား(၂.၁.၄)ဖြင့်ဖော်ပြအပ်ပါသည်။

## ၂၀၀၅-၂၀၀၆ ခုနှစ် မှ၂၀၁၄-၂၀၁၅ ခုနှစ်ထိ (၁၀-နှစ်တာကာလပျမ်းမျှ ) ရာသီဥတုဆိုင်ရာကိန်းဂဏန်းများ

မိုးလေဝသစခန်းတည်နေရာ - မြစ်ကြီးနားမြို့ ဇယား (၂-၁-၄)

| စဉ် | လအမည် | မိုးရေချိန် လက်မ | အမြင့်ဆုံးအပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံးအပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆ (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၀.၃၆ | ၂၆.၄၄ | ၁၀.၄၂ | ၈၁.၀၀ |
| ၂ | ဖေဖော်ဝါရီ | ၀.၅၂ | ၂၉.၂၂ | ၁၂.၅၅ | ၇၇.၀ |
| ၃ | မတ် | ၀.၇၉၄ | ၃၁.၈၀ | ၁၆.၀၆ | ၆၆.၉ |
| ၄ | ဧပြီ | ၀.၀၇၈ | ၃၄.၀၀ | ၁၉.၆၈ | ၆၆.၂ |
| ၅ | မေ | ၈.၀၁၇ | ၃၃.၉၆ | ၂၂.၃၄ | ၇၄.၉ |
| ၆ | ဇွန် | ၂၁.၂၄၃ | ၃၂.၄၁ | ၂၄.၁၈ | ၈၉.၄ |
| ၇ | ဇူလိုင် | ၂၁.၃၈၃ | ၃၁.၆၉ | ၂၄.၄၇ | ၉၁.၂ |
| ၈ | ဩဂုတ် | ၁၈.၂၉ | ၃၃.၀၀ | ၂၄.၄၂ | ၈၉.၄ |
| ၉ | စက်တင်ဘာ | ၁၂.၃၇ | ၃၃.၇၂ | ၂၁.၃၄ | ၈၉.၈ |
| ၁၀ | အောက်တိုဘာ | ၇.၅၅ | ၃၁.၇၆ | ၂၁.၁၁ | ၈၄.၉ |
| ၁၁ | နိုဝင်ဘာ | ၀.၄၁၁ | ၂၆.၅၅ | ၁၃.၇၉၁ | ၇၉.၅ |
| ၁၂ | ဒီဇင်ဘာ | ၀.၁၈၂ | ၂၃.၈၆ | ၁၁.၀၄ | ၈၂.၀ |

ဇစ်မြစ် - ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန

## ၂၀၀၅-၂၀၀၆ ခုနှစ် မှ၂၀၁၄-၂၀၁၅ ခုနှစ်ထိ (၁၀-နှစ်တာကာလပျမ်းမျှ ) လအလိုက် ရာသီဥတုအခြေအနေပြဂရပ်



**အမြင့်ဆုံးနှင့် အနိမ့်ဆုံးအပူချိန်ပြဂရပ်**




### ၂.၁.၅ ဇလဗေဒ၊ ရေစီးရေလာနှင့်ရေရရှိမှု

မြစ်ကြီးနားခရိုင်အတွင်း မလိခမြစ်သည် မြောက်ဘက်မှလည်းကောင်း၊ မေခမြစ်သည် အရှေ့မြောက်ဘက်မှလည်းကောင်း အသီးသီး စီးဝင်ပေါင်းဆုံပြီး ဧရာဝတီမြစ်အဖြစ် စီးဆင်းပါသည်။ ၎င်းမြစ်သည် တစ်နှစ်ပတ်လုံး ရေစီးသဖြင့် ဝါးဖောင်များ နှင့် သစ်ဖောင် များ မျှောချနိုင်ပါသည်။ ဤခရိုင်အတွင်း ထင်ရှားသည့် မြစ်များမှာ မေခမြစ်၊ မလိခ မြစ်၊ ဧရာဝတီမြစ်၊ တနိုင်းခမြစ်တို့ဖြစ်ပါသည်။

### ၂.၁.၆ အပင်များ

ဤခရိုင်အတွင်း တောင်ပေါ်တော၊ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော စသည်ဖြင့် ရှိပါသည်။ တောင်ပေါ်တောတွင် ပေါက်ရောက်သော အပင်များမှာ လောက်ယား၊ အုံတုံ၊ စကား‌ဝ၊ ဖက်သန်း၊ သစ်ချ၊ သစ်အယ်၊ ကြီးလန်၊ ထင်းရှူး၊ မိုင်ဘောင်း၊ ကရဝေး၊ သစ်ဂျပိုးပင် တို့ဖြစ်ကြပြီး၊ အမြဲစိမ်းတောတွင် ကညင်၊ သဃ်န်း၊ ကံ့ကော်၊ ကြီးလန်၊ ပိုးစာ၊ တောင်တမာ၊ စကားဝါ ၊ မအူလက်တံရှည်၊ အောက်ချင်းစာ(ခလောင်)၊ သဖန်း၊ ဘိုင်၊ စက္ကတုံးစသည်တို့နှင့် ဝါးဘိုးမျက်ဆန်ကျယ်၊ တင်းဝါး၊ ဝါးနွယ်ကုတ်နှင့် ဝါးနက် တို့ပေါက်ရောက်ပါသည်။ ရွက်ပြတ်ရောနှောတောတွင် ကျွန်း၊ တမလန်း၊ ထောက်ကြံ့၊ ယမနေ၊ သရက်၊ သဖန်း၊ ကြက်ရိုး တို့ပေါက်ပြီး ဝါးဘိုးမျက်ဆန်ကျယ်၊ တင်းဝါး၊ ဝါးဖြူ၊ မျှင်ဝါး၊ သနပ်ခါးတို့ ပေါက်ရောက်ကြပါသည်။ မြစ်ကြီးနားခရိုင် အတွင်း ယမထာကြိမ်၊ ရေကြိမ်နှင့် တောင်ကြိမ်တို့မှာ အမြောက် အများပေါက်ရောက်ပြီး ကြိမ်နီ၊ ကြက်ဥကြိမ်တို့မှာ အသင့်အတင့်ပေါက်ရောက်ပါသည်။

### ၂.၁.၇ သားငှက်တိရစ္ဆာန်များ

လက်ရှိအခြေအနေတွင် တွေ့ရှိနိုင်သော တိရစ္ဆာန်များမှာ -

၁။ နို့တိုက်သတ္တဝါများ

လင်းစွဲ၊ မြောက်လေပွေ(မျောက်မောင်းမ)၊ မျောက်ညို၊ မျောက်မျက်ကွင်း ဖြူ၊ ဖျံ၊

ကြောင်ပျင်း၊ မြွေပါ၊ တောဝက်၊ ဂျီ၊ ဒရယ်၊ ဆင်၊ ဆတ်၊ ပြောင်၊ စိုင်၊ သားမင်း၊ ယုန် ရှူးပုံ၊ ရှဉ့်၊ လင်းဂက်၊ ဖြူပွေးတို့ ဖြစ်ကြပါသည်။

၂။ ငှက်များ

တောကျီးကန်း၊ ငှက်တော်ပြာ၊ ဝါးရောင်းငှက်(ခေါင်းဖြူ)၊ ဝါးရောင်း၊ ငှက်ရိုးရိုး၊ ငှက်ပြာစိမ်း၊ ရွှေပြည်စိုး၊ ဘွတ်ဖင်နီ၊ ဘွတ်ကလုံ၊ သပိတ်လွယ်၊ စာမ၊ မြင်းမီးဆွဲ၊ ငှက်တော်၊ ငှက်လက်မ၊ ဇရက်၊ တောဇရက်၊ ပုံလွှား၊ ဥဩ၊ ဘုတ်၊ ကြက်တော (ကြက်တူရွေး)၊ ကျေးကုလား (ကြက်တူရွေး)၊ ငှက်ခါး၊ ပဇ္ဇိုးကိုး၊ ပိန်ညှင်း၊ အောက်ချင်း၊ အောက်လောင်၊ မေဝက်၊ ဇီးကွက်၊ ဒီးဒုတ်၊ တောလုံ၊ စွန်ခေါင်းဖြူ ချိုးသိန်း၊ ငု၊ ငုံး၊ ခါ ၊ ရေကြက်၊ စနိုက်၊ ဇင်ယော်၊ ငှက်ကြီးဝံပို၊ ဒင်ကြီး၊ ဗျိုင်းအောက်၊ ဗျိုင်းငန်း၊ ရေစွလီ၊ ဟသ်ာ၊ ဘဲခေါင်း စိမ်း၊ စသည့်ငှက်များ ရာသီအလိုက် ဧရာဝတီမြစ်တစ်လျှောက် ကျက်စား လေ့ ရှိကြောင်းတွေ့ရှိရပါသည်။

ဆော့လော်မြို့နယ်နှင့်ချီဖွေမြို့နယ်တို့တွင်အီမောဘွန်အမျိုးသားဥယျာဉ်တည်ထောင်ရန်ရည်ရွယ်ထားရှိပါသည်။ အီမောဘွန်တောင်တန်းဒေသအတွင်း နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း(၂၅၂)မျိုးစာရင်းကောက်ယူရရှိပြီး ၎င်းတို့အနက် နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သော မျိုးစိတ်(၁၆)မျိုးအပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း (၅၁)မျိုးတွေ့ရှိရပါသည်။ မြန်မာနှာခေါင်းလန်မျောက်၊ ပန်ဒါနီ၊ တတိုးချေစသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးများအား တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း (၁ဝ၅၆)မျိုးရှိသည့်အနက် အီမောဘွန်းဒေသတွင်ငှက်မျိုးစိတ်(၄ဝဝ)ကျော်အားတွေ့ရှိရပြီး ၎င်းတို့အနက် (၇)မျိုးမှာ နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သော မျိုးစိတ်များဖြစ်သည်။ ဇာမဏီ၊ မိုနဲရစ်နှင့် အနီရောင်ရစ်(Blood pheasant)ကဲ့သို့သော ရှားပါးငှက်မျိုးစိတ်များအားလည်း တွေ့ရှိနိုင် ပါသည်။

အီမောဘွန်းဒေသအား အမျိုးသားဥယျာဉ်တည်ထောင်နိုင်ရေးအတွက် Flora and Fauna International (FFI) အကူအညီဖြင့် ကွင်းနင်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်အစိုးရ ထံ တင်ပြထားပါသည်။

## ၂.၁.၈ အခြေခံအဆောက်အအုံ

### ၂.၁.၈.၁ အဆောက်အဦ၊ လမ်းနှင့်တံတားများ

မြစ်ကြီးနားခရိုင်ရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အဦများစာရင်းကို အတွဲ (၂)

ဇယား (၂-၁-၈-၁)(က)နှင့် မြစ်ကြီးနားခရိုင်ရှိ လမ်း/တံတားများ ပြင်ဆင်ထိန်းသိမ်း ခြင်းစာရင်းကို အတွဲ(၂) ဇယား (၂-၁-၈-၁) (ခ)နှင့် ဇယား (၂-၁-၈-၁) (ဂ) တွင် ဖော်ပြအပ်ပါသည်။

### ၂.၁.၈.၂ ဆက်သွယ်ရေး

ဆက်သွယ်ရေးစနစ် အသုံးပြုမှုကို ဇယား (၂.၁.၈.၂) တွင် ဖော်ပြအပ်ပါသည်။

**မြစ်ကြီးနားခရိုင်အတွင်း မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ် အသုံးပြုမှုဇယား**

| စဉ် | မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေး စနစ်များ | | | | မှတ် ချက် |
|---|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ ကြေးနန်း | အခြား | ဖက်စ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | မြစ်ကြီးနားခရိုင်ရုံး | ၀၇၄-၂၂၃၀၀ | - | - | ၀၇၄-၂၂၃၀၀ | |
| ၂။ | မြစ်ကြီးနားမြို့နယ် | ၀၇၄-၂၂၄၇၀ | - | - | ၀၇၄-၂၂၄၇၀ | |
| ၃။ | ဝိုင်းမော် | ၀၇၄-၈၀၀၉၅ | - | - | ၀၇၄-၈၀၀၉၅ | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၁.၈.၃ စက်နှင့်စက်ပစ္စည်းကိရိယာများ

ခရိုင်အတွင်း လက်ရှိသုံးစွဲနေသော မော်တော်ယာဉ်၊ စက်ကိရိယာများနှင့် ပတ်သက်၍ အရေအတွက်နှင့် လက်ရှိအခြေအနေတို့ကို အတွဲ(၂)၊ ဇယား (၂-၁-၈-၃) တွင် ဖော်ပြထားပါသည်။

### ၂.၁.၉ သစ်တောအခြေခံလုပ်ငန်း

ခရိုင်အတွင်းရှိ သစ်တောအခြေခံလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် သစ်တောထွက် ပစ္စည်းများပေါ် အခြေခံသည့် လုပ်ငန်းများစာရင်းကို အတွဲ(၂)၊ ဇယား(၂-၁-၉)တွင် ဖော်ပြ ထားပါသည်။

## ၂.၂ မြေအသုံးချမှု

### ၂.၂.၁ လက်ရှိမြေအသုံးချမှု

မြစ်ကြီးနားခရိုင်အတွင်းရှိ လက်ရှိမြေအသုံးချမှုတို့အား ဇယား(၂-၂-၁)ကတွင် လည်းကောင်း ၊ လက်ရှိမြေအသုံးချဓုံနယ်မြေခွဲဝေစာရင်းကို ဇယား(၂-၂-၁)ခ တွင်လည်းကောင်း ဖော်ပြ အပ်ပါသည်။

# မြစ်ကြီးနားခရိုင်အတွင်း လက်ရှိမြေအသုံးချမှုစာရင်း

ဇယား(၂.၂.၁)က

| စဉ် | မြို့နယ်အမည် | ကြိုးဝိုင်းတော | ကြိုးပြင်ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရမြေ(ကြိုးပြင်တော) | သဘာဝထိန်းသိမ်းရေးနယ်မြေ | လယ် / ယာမြေ | အခြားမြေ | စုစုပေါင်းဧရိယာ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | မြစ်ကြီးနား | ၁၅၅၂၁၈ | ၉၆၆၄၀ | ၉၅၉၆၄၉ | ၃၀၁၆၅ | ၃၂၇၂၄၂ | ၃၇၅၁၅ | ၁၆၀၆၄၂၉ |
| ၂ | တနိုင်း | - | - | ၈၇၈၉၃၀ | ၂၁၀၆၂၄၀ | ၄၂၇၇၇ | ၂၆၇၂၃ | ၃၀၅၄၆၇၀ |
| ၃ | အင်ဂျန်းယန် | - | - | ၁၁၃၂၆၃၃ | - | ၄၂၂၅၉ | ၅၃၁၈ | ၁၁၈၀၂၁၀ |
| ၄ | ဝိုင်းမော် | ၉၇၆၅၂ | ၁၇၁၆၇၈ | ၆၉၃၅၈၇ | - | ၂၂၉၆၅၈ | ၁၂၆၅၄ | ၁၂၀၅၂၂၉ |
| ၅ | ချီဖွေ | - | - | ၇၉၅၆၅၁ | - | ၄၇၃၇၂ | ၄၃၉၇ | ၈၄၇၄၂၀ |
| ၆ | ဆော့လော် | - | - | ၈၀၃၃၆၄ | - | ၅၈၆၉၇ | ၅၁၄၀ | ၈၆၇၂၀၁ |
| စုစုပေါင်း | | ၂၅၂၈၇၀ | ၂၆၈၃၁၈ | ၅၂၆၃၈၁၄ | ၂၁၃၆၄၀၅ | ၇၄၈၀၀၅ | ၉၁၇၄၇ | ၈၇၆၁၁၅၉ |

ဇစ်မြစ်- Forest Resource Assessment 2015 (FRA 2015)

## မြစ်ကြီးနားခရိုင် မြေယာအသုံးချဇုန်နယ်မြေအလိုက် ဧရိယာခွဲဝေသတ်မှတ်ခြင်းဇယား

| ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | သစ်နှင့်သစ် တောထွက် ပစ္စည်းများ ထုတ်လုပ် ရေးဇုန် | ရေဝေ ရေလဲ ထိန်းသိမ်း ရေးဇုန် | ဒေသ ထောက်ပံ့ ရေးဇုန် | သစ်တော စိုက်ခင်း များဇုန် (ဌာန) | သစ်တော စိုက်ခင်း များဇုန် (ပုဂ္ဂလိက) | လယ် မြေ များ ဇုန် | သဘာဝ နယ်မြေ များ ထိန်းသိမ်း ရေးဇုန် | သတ္တု တူးဖော် ရေးဇုန် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ကြိုးဝိုင်းပေါင်း | ၁၈၃၅၂၉ | ၂၂၃၅၀ | ၄၅၉၈၈ | ၅၉၀ | ၄၁၃ | ၀ | ၀ | ၀ | ၂၅၂၈၇၀ |
| ကြိုးပြင်ကာကွယ်တောပေါင်း | ၉၁၄၂၅ | ၂၆၆၄၀ | ၁၄၆၆၅၄ | ၅၀ | ၃၄၅၀ | ၀ | ၀ | ၉၉ | ၂၆၈၃၁၈ |
| ဘေးမဲ့တောပေါင်း | | | | | | | ၂၁၃၆၄၀၅ | | ၂၁၃၆၄၀၅ |
| ကြိုးပြင်တော | | ၁၆၅၀ | ၉၂၀ | ၁၆၀၆ | | | ၄၆၀၄၈၅ | | ၄၆၄၆၆၁ |
| **စုစုပေါင်း** | **၂၇၄၉၅၄** | **၅၀၆၄၀** | **၁၉၃၅၆၂** | **၂၂၄၆** | **၃၈၆၃** | **၀** | **၂၅၉၆၈၉၀** | **၉၉** | **၃၀၂၂၂၅၄** |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်၊ သစ်တောဦးစီးဌာန

## မြစ်ကြီးနားခရိုင်အတွင်းမြေအသုံးချမှု




### ၂.၂.၂ သစ်တောဖုံးလွှမ်းမှုအခြေအနေ (တောအမျိုးအစား)

မြစ်ကြီးနားခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုဆိုင်ရာ အခြေအနေကို ၂၀၁၅ ခုနှစ် ဂြိုလ်တုဓါတ်ပုံများကို အခြေခံ၍ အဝေးမှစူးစမ်းလေ့လာရေးနှင့် ပထဝီ အချက်အလက်ဌာနစိတ်၊စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ သစ်တောဦးစီးရုံးချုပ်မှ လေ့လာတွက်ချက်ထားသည့် ကိန်းဂဏန်းများ ဖြစ်ပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ (ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| ၁။ | ရှက်အုပ်ပိတ်တော | ၄၉၃၇၈၀၉ | ၅၆.၃၆ |
| ၂။ | ရှက်အုပ်ပွင့်တော | ၁၇၅၄၂၇၉ | ၂၀.၀၂ |
| ၃။ | တောနိမ့် | ၁၀၀၁၃၃၄ | ၁၁.၄၃ |
| ၄။ | စိုက်ပျိုးမြေ/အခြားမြေ | ၉၇၉၅၁၃ | ၁၁.၁၈ |
| ၅။ | ဆီးနှင်း | ၃၁၈ | ၀.၀၀၄ |
| ၆။ | ရေ | ၈၇၉၀၆ | ၁.၀၀၃ |
| | **စုစုပေါင်း** | **၈၇၆၁၁၅၉** | |
| | **ခရိုင်၏သစ်တောဖုံးလွှမ်းမှု** | **၈၇.၈၁%** | |

**သစ်တောဖုံးလွှမ်းမှု**




## ၂.၂.၃ မြေအသုံးချမှုဆိုင်ရာပြောင်းလဲမှုများ

မြစ်ကြီးနားခရိုင်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများမှ ပယ်ဖျက်ပေးခဲ့ရသည့် မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**မြစ်ကြီးနားခရိုင်အတွင်းရှိ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများ (၂၀၁၄-၂၀၁၅ ခုနှစ်)**

ဇယား (၂-၂-၃)

| စဉ် | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/ သဘာဝထိန်းသိမ်းရေးနယ်မြေ | မူလ ဧရိယာ (ဧက) | ပယ်ဖျက် ဧရိယာ (ဧက) | လက်ရှိ ဧရိယာ (ဧက) | အမိန့်ကြော်ငြာ စာအမှတ်/ ရက်စွဲ | ပယ်ဖျက် ရသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | ပိတောင်ဘေးမဲ့တော | ၁၇၃၉၄၆ | ၉၈၁<br>၄၂၀<br>၅၀<br>၂၀.၆၆<br>၂၂<br>၁၄၂၂၈၇.၃၄ | ၃၀၁၆၅ | ၂၀၆(၁၆-၆-၁၉၉၃)<br>၈၃(၁၁-၁၀-၁၉၉၅)<br>၃၂(၁၅-၅-၁၉၉၇)<br>၅၀(၄-၇-၁၉၉၇)<br>၅၆(၇-၈-၂၀၀၁)<br>၁(၃-၁-၂၀၀၆) | ခလရ(၂၆၀)<br>(၇)တိုင်းဗဟို လေ့ကျင့်ရေးတပ်<br>မပခ စစ်သင်္ချိုင်းမြေ<br>လေယာဉ်ကွင်းတိုးချဲ့<br>အစိုးရကွန်ပျူတာ ကောလိပ်<br>အခြားမြေအသုံးချမှု |
| | **ပေါင်း** | | **၁၄၃၇၈၁** | | | |
| ၁။ | ခန့်ဖူး(ပြင်) | ၆၄၀၀၀ | ၃၀၈၅.၉၄<br>၅၉၆.၄ | ၆၀၃၁၇.၆ | ၁၄၄/၁၄၅ (၂၄-၆-၂၀၁၁)<br>၁၁၀(၁၆-၁၂-၂၀၁၄) | မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်း<br>မြို့ရွာတိုးချဲ့ |
| | **ပေါင်း** | | **၃၆၈၂.၃၄** | | | |
| ၂။ | နန့်ဝါ(ဝိုင်း) | ၃၈၄၀ | ၇၅၉.၆၅ | ၃၀၈၀.၃၅ | ၁၁၁(၁၆-၁၂-၂၀၁၄) | မြို့ရွာတိုးချဲ့ |
| ၃။ | မိုင်းနားကြိုးဝိုင်း | ၅၀၁၂ | ၁၉.၇၉ | ၄၉၉၂.၂၁ | ၁၇၅ (၁၈-၃-၂၀၁၅) | မြို့ရွာတိုးချဲ့ |
| | **စုစုပေါင်း** | **၇၂၈၅၂** | **၄၄၆၁.၇၈** | **၆၈၃၉၀.၁၆** | | |

ဇစ်မြစ်−မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန

### ၂.၂.၄ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုစာရင်း

မြစ်ကြီးနားခရိုင်အတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ အတွင်းရှိ ကျူးကျော်မှုများ စာရင်းချုပ် (၂၀၁၅-၁၆ခုနှစ်)ကို ဇယား(၂.၂.၄)ခ နှင့်အသေးစိတ်အား အတွဲ(၂)၊ ဇယား (၂.၂.၄)က ဖြင့် ဖော်ပြထားပါသည်။

**မြစ်ကြီးနားခရိုင်ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိကျူးကျော်မှုများစာရင်းချုပ်**

(၂.၂.၄)ခ

| စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ပေါင်း | ဧရိယာ (ဧက) | ကျူးကျော်ဧရိယာ (ဧက)ပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | လယ် | ယာ | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | မြစ်ကြီးနား | ကြိုးဝိုင်း(၁၀)ခု၊ ကြိုးပြင်/ ကာကွယ်တော (၁)၊ ဘေးမဲ့တော (၂)ခု | ၂၃၈၈၂၆၃ | ၁၁၂၉ | ၈၉ | - | |
| ၂ | ဝိုင်းမော် | ကြိုးဝိုင်း(၃)၊ကြိုးပြင်/ ကာကွယ်တော(၂)၊ပေါင်း(၅) | ၂၆၉၃၃၀ | ၇၀ | ၂၉၉ | ၃၉၆၉ | |
| စုစုပေါင်း | | | ၂၆၅၇၉၃ | ၁၁၉၉ | ၃၈၈ | ၃၉၆၉ | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၂.၅ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်း ရွှေ/သတ္တုတူးဖော်ခွင့်ပြုထားသော ဧရိယာများ စာရင်း

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ခန့်ဖူးကြိုးပြင်ကာကွယ်တောအတွင်း (၉၉)ဧက ရွှေ/ သတ္တုတူးဖော်ခွင့်ပြုထားပါသည်။ အသေးစိတ်အား အတွဲ(၂)၊ ဇယား(၂.၂.၅)ဖြင့် ဖော်ပြထားပါသည်။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားများနှင့်ဧရိယာအကျယ်အဝန်း

မြစ်ကြီးနားခရိုင်အတွင်းရှိ သစ်တော အမျိုးအစားများမှာ ရွက်ပြတ်ရောနှောတော၊ တောနိမ့်၊ ခြုံပုတ်တောနှင့် အင်တိုင်းတော မြစ်ကမ်းဘေးတစ်လျှောက်တွင် အမြဲစိမ်း တောများ ပေါက်ရောက်ပါသည်။ သစ်တောဖုန်းလွှမ်းမှု အကျယ်အဝန်းမှာ ဧရိယာ ပေါင်း(၆၈၉၀၀၅၈)ဧက ဖြစ်ပါသည်။ ခရိုင်ဧရိယာ၏ (၇၈.၆၄%) ခန့်ရှိပါသည်။

| စဉ် | တောအမျိုးအစား | ဧရိယာ (ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| ၁။ | အမြဲစိမ်းတော | ၂၂၃၂၀ | ၀.၂၅ |
| ၂။ | ရွက်ပြတ်ရောနှောတော | ၅၉၀၇၃၅၁ | ၆၇.၄၃ |
| ၃။ | တောခြောက် | ၁၁၅၄၉၃၈ | ၁၃.၁၈ |
| ၄။ | တောင်ပေါ်တော | ၅၆၅၀၈၀ | ၆.၄၅ |
| ၅။ | အင်တိုင်းတော | ၄၃၇၃၃ | ၀.၅၀ |
| ၅။ | အခြားမြေ/ကွက်လပ်များ/စိုက်ပျိုးမြေ | ၁၀၆၇၇၃၇ | ၁၂.၁၉ |
| | စုစုပေါင်း | ၈၇၆၁၁၅၉ | ၁၀၀ |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။




## ၂.၃.၁.၁ သဘာဝတောများ

ခရိုင်အတွင်း ကြိုးဝိုင်း- ၁၃ခု (၂၅၂၈၇၀ဧက)၊ ကြိုးပြင်ကာကွယ်တော- ၃ ခု (၂၆၈၃၁၈ ဧက)၊ သဘာဝထိန်းသိမ်းရေးနယ်မြေ-၂ ခု(၂၁၃၆၄၀၅ ဧက)၊ စုစုပေါင်း (၂၆၅၇၅၉၃ ဧက) ရှိပါသည်။အဆိုပြု ကြိုးပြင်ကာကွယ်တော (၁၄၃၈၁၉၂)ဧက ရှိပါသည်။အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ တောခြောက်၊ အင်တိုင်းတော နှင့် တောပေါ်တောအမျိုးအစားများဖြစ်ပါသည်။ အတွဲ(၂) ဇယား (၂.၃.၁.၁)တွင် ဖော်ပြထားပါသည်။

## ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

### မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ထားသည့် စိုက်ခင်းများစာရင်းချုပ်

ဇယား(၂.၃.၁.၂)

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုး အစား | သစ်မျိုး | တည်နေရာနှင့် ဧရိယာ(ဧက) | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | | ကြိုးဝိုင်း | ကြိုးပြင် ကာကွယ် တော | ကြိုး ပြင် တော | စုစုပေါင်း | |
| ၁ | မြစ်ကြီးနား<br>ဝိုင်းမော် | စီးပွားရေး | ကျွန်း/ပျဉ်း/ကြက်ဆူ | ၂၂၅<br>၃၆၅ | ၀<br>၀ | ၁၀၀၆<br>၆၅၀ | ၁၂၃၁<br>၁၀၁၅ | |
| **စီးပွားရေးပေါင်း** | | | | **၅၉၀** | **၀** | **၁၆၅၆** | **၂၂၄၆** | |
| ၂ | မြစ်ကြီးနား<br>ဝိုင်းမော် | ကျေးရွာထင်း | သြ/မယ်/ဘောစကိုင်း | ၀<br>၁၃၀ | ၀<br>၃၀ | ၅၆၀<br>၃၆၀ | ၅၆၀<br>၅၂၀ | |
| **ကျေးထင်းစိုက်ခင်းပေါင်း** | | | | **၁၃၀** | **၃၀** | **၉၂၀** | **၁၀၈၀** | |
| ၃ | မြစ်ကြီးနား<br>ဝိုင်းမော် | ရေဝေရေလဲ | သစ်မျိုးစုံ | ၀<br>၆၀၀ | ၀<br>၁၀၀ | ၁၆၀၀<br>၅၀ | ၁၆၀၀<br>၇၅၀ | |
| **ရေဝေရေလဲစိုက်ခင်းပေါင်း** | | | | **၆၀၀** | **၁၀၀** | **၁၆၅၀** | **၂၃၅၀** | |
| **စုစုပေါင်း** | | | | **၁၃၂၀** | **၁၃၀** | **၄၂၂၆** | **၅၆၇၆** | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

မြို့နယ်အလိုက် တည်ထောင်ထားသည့် စီးပွားရေး/ ကျေးရွာထင်း/ ရေဝေရေလဲ စိုက်ခင်းများအားအတွဲ(၂)ဇယား(၂.၃.၁.၂)ကဖြင့်လည်းကောင်း၊ ပုဂ္ဂလိကစိုက်ခင်းများအား (၂.၃.၁.၂)ခ၊ဂ ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးလမ်းဘေးဝဲ/ယာ စိုက်ခင်းများအား (၂.၃.၁.၂)ဃ ဖြင့် လည်းကောင်း ဖော်ပြအပ်ပါသည်။

### ပုဂ္ဂလိကကျွန်းနှင့်သစ်မာမျိုးစုံ စိုက်ခင်းစာရင်းချုပ်

ဇယား(၂.၃.၁.၂) ဃ

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပုဂ္ဂလိက | ကျွန်း | ၃၀၀ | |
| ၂ | ပုဂ္ဂလိက | သစ်မာ | ၈၃၃ | |
| ၃ | ပုဂ္ဂလိက | ရာဘာ | ၂၆၀၀ | |
| **စုစုပေါင်း** | | | **၃၇၃၃** | |

ဇစ်မြစ် - မြစ်ကြီးနား ၊ခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၁.၃ အခြားသစ်တောများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ/ပုဂ္ဂလိကပိုင် သစ်တောများအား မြို့နယ် တည်ထောင်သည့်ခုနှစ်အလိုက် အတွဲ(၂)ဇယား(၂.၃.၁.၃) ဖြင့် ဖော်ပြအပ်ပါသည်။

## ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

### ၂.၃.၂.၁ ကြိုးဝိုင်းတောများ

#### ၂.၃.၂.၁.၁ ထုတ်လုပ်ရေးသစ်တောများ

##### ၂.၃.၂.၁.၁.၁ သဘာဝတောများ

###### ၂.၃.၂.၁.၁.၁.၁ ကြီးထွားနှုန်း

မြစ်ကြီးနားခရိုင်အတွင်းကျွန်းနှင့်အဖိုးတန်သစ်များ၏ ကြီးထွားနှုန်းများကို မှတ်တမ်းများ မရရှိနိုင်ပါသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။

###### ၂.၃.၂.၁.၁.၁.၂ သေကြေပျက်စီးနှုန်း

သဘာဝတောများအတွင်း ယခင်အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ ကျွန်း၏ သေကြေပျက်စီးနှုန်းမှာ(၂%)နှင့် အခြားသစ်မာများ၏ သေကြေ ပျက်စီးနှုန်းမှာ (၅%)ခန့်ရှိကြောင်း ဖော်ပြအပ်ပါသည်။

###### ၂.၃.၂.၁.၁.၁.၃ မျိုးဆက်မှု

သဘာဝတောအတွင်းရှိ ကျွန်းနှင့်အခြား အဖိုးတန်သစ်မာများ၏ မျိုးဆက်မှုညံ့ဖျင်းရခြင်းမှာကျွန်း၊ပျဉ်းကတိုးနှင့်အခြားအဖိုးတန် သစ်မျိုးများခိုးယူခံရခြင်း၊ နယ်မြေတည်ငြိမ်မှုမရှိသဖြင့် ကာကွယ်ထိန်းသိမ်းခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

###### ၂.၃.၂.၁.၁.၁.၄ ပင်ထောင်ဇယား

သဘာဝတော ကြိုးဝိုင်းတောများတွင်ကျွန်းနှင့် သစ်မာအုပ်စုအလိုက် ပေါက်ရောက်မှုကိုသတ်မှတ်ထားသည့်လုံးပတ်အတန်းအစားအလိုက် ဇယား(၂.၃.၂.၁.၁.၁.၄)ဖြင့် ဖော်ပြအပ် ပါသည်။

**ပင်ထောင်ဇယား(ပင်ရေ)**

ဇယား(၂.၃.၂.၁.၁.၄)

| သစ်မျိုး/ အုပ်စု | ရင်စို့လုံးပတ် အတန်းအစား | | | | | | | | | | ပါဝင်မှုရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀"မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀"မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | |
| ကျွန်း | ၄၁၂၉၂ | ၁၉၁၆၅ | ၁၃၇၉ | ၇၉၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၆၉၇၇၈ | ၁၇.၃၆ |
| အုပ်စု(၁) | ၈၃၄၆ | ၁၉၂၄ | ၁၂၀၄ | ၁၅၁၅ | ၃၄၃ | ၀ | ၀ | ၀ | ၂၃၄၆ | ၁၅၆၇၈ | ၃.၉၀ |
| အုပ်စု(၂) | ၃၄၇၅၄ | ၁၆၉၆၀ | ၃၄၃၆ | ၅၀၀၁ | ၁၃၃၄ | ၂၇၂၂ | ၀ | ၃၅၅၁ | ၂၃၇၇ | ၇၀၁၃၅ | ၁၇.၄၅ |
| အုပ်စု(၃) | ၁၃၆၄၃ | ၆၈၇၁ | ၁၅၅၈ | ၄၂၁၆ | ၆၈၇ | ၁၇၇၆ | ၉၆ | ၉၇ | ၂၄၄၀ | ၃၁၃၈၄ | ၇.၈၁ |
| အုပ်စု(၄) | ၄၄၁၅ | ၂၃၆၅ | ၅၆၁ | ၁၉၅၈ | ၄၆၀ | ၃၃၂၈ | ၂၉၉ | ၁၉၅ | ၄၂၀ | ၁၄၀၀၁ | ၃.၄၈ |
| အုပ်စု(၅) | ၁၁၈၁၁၂ | ၃၉၀၆၄ | ၉၆၃၁ | ၆၇၇၇ | ၄၅၄၀ | ၄၉၄၇ | ၂၈၄၈ | ၂၇၈၅ | ၁၂၁၅၈ | ၂၀၀၈၆၂ | ၄၉.၉၉ |
| **စုစုပေါင်း** | ၂၂၀၅၆၂ | ၈၆၃၄၉ | ၁၇၇၆၉ | ၂၇၄၀၉ | ၇၃၆၄ | ၁၂၇၇၃ | ၃၂၄၃ | ၆၆၂၈ | ၁၉၇၄၁ | ၄၀၁၈၃၈ | |

### ၂.၃.၂.၁.၁.၅ ထုထည်ဇယား

သဘာဝတော ကြိုးဝိုင်းတောများတွင် ကျွန်းနှင့်သစ်မာအုပ်စုအလိုက် ပေါက်ရောက်မှုကို သတ်မှတ်ထားသည့် လုံးပတ်အတန်းအစား One Shot Inventoryမှ ရရှိသည့်ကိန်းဂဏန်းများကို အခြေခံ၍ ထုထည် တွက်ချက်မှုကို ဇယား(၂.၃.၂.၁.၁.၅)ဖြင့် ဖော်ပြအပ်ပါသည်။

**ထုထည်ဇယား(ကုဗတန်)**

ဇယား(၂.၃.၂.၁.၁.၅)

| သစ်မျိုး/ အုပ်စု | ရင်စို့လုံးပတ် အတန်းအစား | | | | | | | | | | ပါဝင်မှုရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀"မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀"မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈' နှင့် အထက် | ပေါင်း | |
| ကျွန်း | ၁၃၃၃၂ | ၁၇၀၅၅ | ၁၅၉၉ | ၁၁၁၀၃ | ၀ | ၀ | ၀ | ၀ | ၀ | ၄၃၀၈၉ | ၁၂.၄၆ |
| အုပ်စု(၁) | ၂၆၈၅ | ၁၂၀၉ | ၁၁၉၃ | ၁၈၃၂ | ၅၃၅ | ၀ | ၀ | ၀ | ၇၂၈၅ | ၁၄၇၃၉ | ၄.၂၆ |
| အုပ်စု(၂) | ၁၂၇၀၈ | ၁၂၅၆၅ | ၄၁၀၇ | ၇၅၄၀ | ၂၅၁၁ | ၄၉၇၇ | ၀ | ၁၀၇၁၄ | ၁၁၅၀၆ | ၆၆၆၂၈ | ၁၉.၂၆ |
| အုပ်စု(၃) | ၃၉၄၆ | ၄၈၂၄ | ၁၅၉၅ | ၅၂၈၄ | ၁၀၅၃ | ၃၄၇၁ | ၂၄၀ | ၂၉၃ | ၁၂၆၁၂ | ၃၃၃၁၈ | ၉.၆၃ |
| အုပ်စု(၄) | ၁၅၃၅ | ၁၆၉၇ | ၆၁၈ | ၂၇၀၀ | ၈၇၆ | ၆၉၉၁ | ၈၁၂ | ၆၂၈ | ၁၉၅၇ | ၁၇၈၁၄ | ၅.၁၅ |
| အုပ်စု(၅) | ၂၈၀၈၁ | ၂၇၃၇၃ | ၉၂၂၃ | ၇၇၇၁ | ၇၄၀၃ | ၈၆၈၆ | ၇၂၂၅ | ၅၈၂၁ | ၆၈၇၂၃ | ၁၇၀၃၀၆ | ၄၉.၂၄ |
| **စုစုပေါင်း** | ၆၂၂၈၇ | ၆၄၇၂၃ | ၁၈၃၃၅ | ၃၆၂၃၀ | ၁၂၃၇၈ | ၂၄၁၂၅ | ၈၂၇၇ | ၁၇၄၅၆ | ၁၀၂၀၈၃ | ၃၄၅၈၉၄ | |

ဇစ်မြစ်- ၂၀၁၀-၁၁ခုနှစ် One Shot Inventory

## ၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ

### ၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း

စီးပွားရေးကျွန်းစိုက်ခင်းများ၏ ပျမ်းမျှနှစ်စဉ်လုံးပတ်ကြီးထွားနှုန်းမှာ အတန်းအစားကောင်းမွန်သည့်နေရာများတွင် ၁.၉၂၇လက်မခန့် အထိ ဒေသအတန်းအစားညံ့သည့်နေရာများတွင် ၀.၇၄၅ လက်မခန့်သာ ကြီး ထွားနိုင်သည်။ ပျမ်းမျှနှစ်စဉ်အမြင့်မှာ အတန်းအစားကောင်းမွန်သည့်

နေရာများတွင်၅.၁၉ပေခန့်ထိ၊ ဒေသအတန်းအစားညံ့သည့်နေရာများ တွင်၁.၉၃ပေခန့်ထိရှိကြောင်းခန့်မှန်းတွက်ချက်ဖော်ပြပါသည်။

စီးပွားရေးပျဉ်းကတိုး စိုက်ခင်းများ၏ပျမ်းမျှနှစ်စဉ် လုံးပတ်ကြီးထွား နှုန်းမှာ ဒေသအတန်းအစား ကောင်းမွန်သည့်နေရာများတွင် ၂.၀၆၇ လက်မခန့်အထိနှင့် ဒေသအတန်းအစား ညံ့သည့်နေရာများတွင် ၀.၅၅၉ လက်မခန့်သာကြီးထွားနိုင်ပါသည်။ ပျမ်းမျှနှစ်စဉ်အမြင့် ကြီးထွားနှုန်း မှာဒေသအတန်းအစား ကောင်းမွန်သည့်နေရာများတွင် ၄.၇၅ ပေခန့် အထိနှင့် ဒေသအတန်းအစား ညံ့သည့်နေရာများတွင် ၁.၅၆ ပေခန့်ထိရှိ ကြောင်းခန့်မှန်းတွက်ချက်ဖော်ပြအပ်ပါသည်။

### ၂.၃.၂.၁.၁.၂.၂ သေကြေပျက်စီးနှုန်း

သစ်တောစိုက်ခင်းများ၏ သေကြေပျက်စီးနှုန်းစာရင်း ကောက်ယူထား ခြင်းမရှိသော်လည်း သစ်တောစိုက်ခင်းများမှာ သဘာဝဘေးအန္တရာယ် ဖြစ်သော လေဒဏ်၊မီးဒဏ်ကြောင့် ပျက်စီးမှုရှိသကဲ့သို့ ကျွဲ၊ နွားတော တိရစ္ဆာန်နှင့်လူတို့၏ဖျက်ဆီးမှုကြောင့်ပျက်စီးမှုများလည်းရှိပါသည်။

### ၂.၃.၂.၁.၁.၂.၃ စိုက်ခင်းဇယား

ကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော စီးပွားရေးစိုက်ခင်း(၅၉၀)ဧကကို ဇယား (၂.၃.၂. ၁.၁.၂.၃) တွင်ဖော်ပြအပ်ပါသည်။

**ကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော စီးပွားရေးစိုက်ခင်း**

ဇယား(၂.၃.၂.၁.၁.၂.၃)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | တည်ထောင်သည့် ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်း အပင်အရေအတွက် | ပျမ်းမျှ လုံးပတ် (လက်မ) | ပျမ်းမျှ အမြင့် (ပေ) | အမြင့်ဆုံးအပင်များ၏ ပျမ်းမျှ အမြင့် (ပေ) | ဒေသ အတန်းအစား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | စီးပွားရေး | ပျဉ်းကတိုး | ၁၉၉၆ | ၅၀ | ၁၅၀၀၀ | ၄၅ | ၃၅ | ၃၅ | III | |
| | ။ | ကျွန်း | ၁၉၉၉ | ၆၃ | ၃၇၉၀၀ | ၄၄ | ၃၀ | ၃၀ | III | |
| | ။ | ပျဉ်းကတိုး | ၁၉၉၉ | ၃၇ | ၂၂၂၇၄ | ၄၅ | ၃၀ | ၃၀ | III | |
| | ။ | ကြက်ဆူ | ၂၀၀၆ | ၁၅ | ၁၈၁၅၀ | ၁၇ | ၁၉ | ၁၉ | III | |
| | ။ | ကျွန်း | ၂၀၀၈ | ၂၅ | ၁၃၅၀၀ | ၁၅ | ၁၇ | ၁၈ | III | |
| | ။ | ကျွန်း | ၂၀၀၉ | ၅၀ | ၂၇၀၀၀ | ၁၆ | ၁၆ | ၂၁ | III | |
| | ။ | ကျွန်း | ၂၀၁၀ | ၇၅ | ၄၀၅၀၀ | ၁၀ | ၈'.၆" | ၁၀'.၆" | III | |
| | ။ | ပျဉ်းကတိုး | ၂၀၁၀ | ၁၀၀ | ၅၄၀၀၀ | ၂၉ | ၂၅ | ၂၅ | III | |
| | ။ | ပျဉ်းကတိုး | ၂၀၁၁ | ၁၀၀ | ၅၄၀၀၀ | ၂၉ | ၂၅ | ၂၅ | III | |
| | ။ | ကျွန်း | ၂၀၁၁ | ၇၅ | ၄၀၅၀၀ | ၉ | ၇ | ၈'.၆" | III | |
| စုစုပေါင်း | | | | ၅၉၀ | | | | | | |

ဇယား(၂.၃.၁.၁.၂.၃)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပုဂ္ဂလိက | သစ်မာ | ၁၈၃ | |
| ၂ | ပုဂ္ဂလိက | ရာဘာ | ၁၀၀ | |
| **စုစုပေါင်း** | | | **၂၈၃** | |

ဇစ်မြစ် - မြစ်ကြီးနား ၊ခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၂.၁.၂ ရေဝေရေလဲသစ်တောများ

ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် ကြိုးဝိုင်းများအတွင်းရှိ ရေဝေကုန်းတန်း ရေဝေရေလဲဧရိယာ (၂၁၇၅၀) ဧက အား ရေဝေရေလဲသစ်တောများအဖြစ် ကာကွယ်ထိန်းသိမ်းလျက် ရှိပါသည်။

ကြိုးဝိုင်းများအတွင်း တည်ထောင်ထားသော ရေဝေရေလဲ စိုက်ခင်းများအား ဇယား(၂.၃.၂.၁.၂)ဖြင့် ဖော်ပြအပ်ပါ သည်။

**စိုက်ခင်းဇယား (ကြိုးဝိုင်းတောများ)**

ဇယား(၂.၃.၂.၁.၂)

| စဉ် | စိုက်ခင်း အမျိုး အစား | သစ်မျိုး | တည် ထောင် သည့် ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်း အပင် အရေ အတွက် | ပျမ်းမျှ လုံးပတ် (လက်မ) | ပျမ်းမျှ အမြင့် (ပေ) | အမြင့်ဆုံးအပင် များ၏ပျမ်းမျှ အမြင့် (ပေ) | ဒေသ အတန်း အစား | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရေဝေရေလဲ | ကျွန်းပျဉ်း၊ပိ | ၁၉၉၆ | ၁၀၀ | ၁၆၀၀၀ | ၄၀ | ၃၀ | ၃၀ | III | |
| ၂။ | ။ | သစ်ဆိမ့် | ၂၀၀၄ | ၅၀ | ၁၀၀၀၀ | ၄၀ | ၂၅ | ၂၅ | III | |
| ၃။ | ။ | သစ်ဆိမ့် | ၂၀၀၄ | ၅၀ | ၁၀၀၀၀ | ၄၀ | ၂၅ | ၂၅ | III | |
| ၄။ | ။ | မယ်ဇလီ | ၂၀၀၅ | ၅၀ | ၁၀၀၀၀ | ၃၈ | ၂၄ | ၂၄ | III | |
| ၅။ | ။ | မယ်ဇလီ | ၂၀၀၈ | ၁၀၀ | ၂၀၀၀၀ | ၃၆ | ၂၂ | ၂၂ | III | |
| ၆။ | ။ | မယ်ဇလီ | ၂၀၀၉ | ၁၂၅ | ၂၅၀၀၀ | ၃၂ | ၂၂ | ၂၂ | III | |
| ၇။ | ။ | ယမနေ | ၂၀၀၉ | ၂၅ | ၅၀၀၀ | ၃၂ | ၂၂ | ၂၂ | III | |
| **စုစုပေါင်း** | | | | ၆၀၀ | | | | | | |

ဇစ်မြစ် -မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေး သစ်တောများ

ကြိုးဝိုင်းအတွင်းရှိ (၂၈၃၁၇) ဧကအား ဒေသထောက်ပံ့ရေးအတွက် သတ်မှတ်ထားပြီးဒေသခံပြည်သူများအတွက် သစ်၊ထင်း၊တိုင်၊မျောများ အတတ်နိုင်ဆုံး ထုတ်လုပ်ဖြည့်ဆည်းပေးရန်ရည်ရွယ်ချက်ထားရှိပါသည်။ ဒေသထောက်ပံ့ရေး စိုက်ခင်း(၁၃၀)ဧကတည်ထောင်စိုက်ပျိုးထားမှုအား ဇယား(၂.၃.၂.၁.၃) ဖြင့် ဖော်ပြထားပါ သည်။

## မြစ်ကြီးနားခရိုင် ကြိုးဝိုင်းတောများတွင် တည်ထောင်စိုက်ပျိုးထားသော ဒေသထောက်ပံ့ရေးစိုက်ခင်းများ

ဇယား(၂.၃.၂.၁.၃)

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုးအစား | တည်ထောင် သည့် ခုနှစ် | ကြိုးဝိုင်း အမည် | အကွက် အမှတ် | သစ်မျိုး | စိုက် ဧက | ပန္နအကွာ အဝေး |
|---|---|---|---|---|---|---|---|---|
| ၁ | ဝိုင်းမော် | ကျေးရွာထင်း | ၂၀၀၁-၀၂ | ဝါရှောင် | - | မယ်ဇလီ | ၃၀ | ၈.၅' x ၈.၅' |
| ၂ | ॥ | ॥ | ၂၀၀၅-၀၆ | နန့်ဝါ | | ॥ | ၅၀ | ၈.၅' x ၈.၅' |
| ၃ | ॥ | ॥ | ၂၀၀၅-၀၆ | နန့်ဝါ | | ॥ | ၅၀ | ၈.၅' x ၈.၅' |
| စုစုပေါင်း | | | | | | | ၁၃၀ | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၁.၄ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ

ဝိုင်းမော်မြို့နယ်တွင် ၂၀၀၇-၀၈ခုနှစ်မှစ၍ ၂၀၁၄-၁၅ထိကျေးရွာ(၁၁)ရွာရှိ အဖွဲ့(၁၂)ဖွဲ့အား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော (၆၃၇၇)ဧက တည်ထောင်ခွင့် လက်မှတ်ထုတ်ပေးပြီးဖြစ်ရာ ဝါရှောင်ကြိုးဝိုင်း၊ နန့်ဝါကြိုးဝိုင်းနှင့် မိုင်းနား ကြိုးဝိုင်းများအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော(၃၀၁၇)ဧက တည်ထောင်ထားမှုအားဇယား (၂.၃.၂.၁.၄) ဖြင့်ဖော်ပြထားပါ သည်။

ဇယား(၂.၃.၂.၁.၄)

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော

| စဉ် | မြို့နယ် | တည်ထောင်သည့်ခုနှစ် | တည်နေရာ | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဝိုင်းမော် | ၂၀၁၀-၂၀၁၁ | ဝါရှောင်(ဝိုင်း) | ၄၈၇ | |
| ၂ | ॥ | ၂၀၁၀-၂၀၁၁ | နန့်ဝါ(ဝိုင်း) | ၃၀၀ | |
| ၃ | ॥ | ၂၀၁၁-၂၀၁၂ | မိုင်းနား(ဝိုင်း) | ၁၀၀၀ | |
| ၄ | ॥ | ၂၀၁၁-၂၀၁၂ | နန့်ဝါ(ဝိုင်း) | ၈၀၀ | |
| ၅ | ॥ | ၂၀၁၄-၂၀၁၅ | မိုင်းနား(ဝိုင်း) | ၄၃၀ | |
| ပေါင်း | | | | ၃၀၁၇ | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၁.၅ အခြားသစ်တောများ (အခြားကြိုးဝိုင်းတောအမျိုးအစားများ)

ဖော်ပြရန်မရှိပါ။

### ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ

မြစ်ကြီးနားခရိုင်အတွင်း ကြိုးပြင်ကာကွယ်တော(၃)ခု ဧကပေါင်း (၂၆၈၃၁၈)ဧက ရှိပါသည်။

## ၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ

### ၂.၃.၂.၂.၁.၁ သဘာဝတောများ

#### ၂.၃.၂.၂.၁.၁.၁ ကြီးထွားနှုန်း

သဘာဝတောများမှ ဒေသအလိုက် အဓိကသစ်မျိုးများ၏ လုံးပတ်နှင့် ထုထည် ကြီးထွားနှုန်းများကို သစ်တောအမျိုးအစား အလိုက် တိုင်းတာ မှတ်တမ်းတင် ထားခြင်းမရှိသေးပါသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။ အမြဲတမ်း နမူနာကွက်များ ဆောင်ရွက် ထားခြင်းမရှိပါ။

#### ၂.၃.၂.၂.၁.၁.၂ သေကြေပျက်စီးနှုန်း

သဘာဝတောများတွင် သစ်ပင်များသေကြေပျက်စီးနှုန်းများကို ယခင် အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများတွင် ဖော်ပြထားသည့် ကိန်းဂဏန်းများအရ ကျွန်းများ၏ သေကြေပျက်စီးမှုနှုန်းမှာ (၂%)နှုန်းနှင့် အခြားသစ်မာပင်များ၏ သေကြေပျက်စီးမှုနှုန်းမှာ(၅%)တို့ရှိကြောင်း တွေ့ရှိဖော်ပြအပ်ပါသည်။ မသမာသူများခုတ်လှဲသုံးစွဲခြင်းနှင့် ထင်းလိုအပ်မှုအရ ခုတ်ထုတ်သယ်ဆောင် ခြင်း တို့ကြောင့် ဖြစ်ပါသည်။

#### ၂.၃.၂.၂.၁.၁.၃ မျိုးဆက်မှု

မြစ်ကြီးနားခရိုင်အတွင်း ကျွန်း/အုပ်စု(၂)နှင့် အခြားသစ်မာမျိုးများမှာ သဘာဝအတိုင်မျိုးဆက်မှုအခြေအနေနည်းပါးကြောင်းတွေ့ရှိရပါသည်။ မျိုးဆက်မှု ညံ့ဖျင်းရခြင်းမှာ ကျွန်း/ပျဉ်းကတိုးနှင့်အခြား အဖိုးတန် သစ်မျိုးများရှားပါးခြင်း၊ နယ်မြေတည်ငြိမ်မှုမရှိသဖြင့် ကာကွယ်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အမြဲစွတ်စိုထိုင်းမှိုင်းခြင်း၊ မိုးများခြင်းတို့ကြောင့်ဖြစ်ပါသည်။ သစ်ထုတ်ယူမှုများသည့်တောများတွင် ဝါးတောများ၊ ဘိစပ်တောများ၊ ကိုင်းတောများ ဖြစ်ပေါ်လာပြီး တောပျက်များ များလာပါသည်။

#### ၂.၃.၂.၂.၁.၁.၄ ပင်ထောင်ဇယား

နယ်မြေတည်ငြိမ်မှုမရှိသဖြင့်စာရင်းကောက်ယူနိုင်မှုမရှိ၍တင်ပြနိုင်ခြင်း မရှိပါ။

### ၂.၃.၂.၂.၁.၁.၄ ထုထည်ဇယား

နယ်မြေတည်ငြိမ်မှု မရှိသဖြင့် စာရင်းကောက်ယူနိုင်မှု မရှိ၍တင်ပြ နိုင်ခြင်း မရှိပါ။

### ၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ

### ၂.၃.၂.၂.၁.၂.၁ ကြီးထွားနှုန်း

မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ထားသော စီးပွားရေးကျွန်း စိုက်ခင်းများ၏ ပျမ်းမျှနှစ်စဉ်လုံးပတ်ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့်နေရာများတွင် ၁.၉၂၇ လက်မခန့်အထိရှိပြီး ဒေသအတန်းအစားညံ့သည့်နေရာများတွင် ၁.၇၄၅လက်မခန့်သာ ကြီးထွားနှုန်း ရှိပါသည်။ ပျမ်းမျှနှစ်စဉ် အမြင့်ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့်နေရာများတွင် ၅.၁၉ ပေခန့်ထိ၊ ဒေသအတန်းအစားညံ့သည့်နေရာများတွင် ၁.၉၃ ပေခန့်ထိရှိကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြအပ် ပါသည်။

မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ထားသော စီးပွားရေး ပျဉ်းကတိုးစိုက်ခင်းများ၏ပျမ်းမျှနှစ်စဉ် လုံးပတ်ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့် နေရာများတွင်၂.၀၆၇လက်မ ခန့်အထိနှင့်ဒေသအတန်းအစားညံ့သည့် နေရာများတွင် ၀.၅၅၉ လက်မခန့်သာ ကြီးထွားနိုင်ပါသည်။ ပျမ်းမျှနှစ်စဉ် အမြင့်ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့် နေရာများတွင် ၄.၇၅ ပေခန့်အထိနှင့် ဒေသအတန်းအစားညံ့သည့်နေရာများတွင် ၁.၅၆ ပေခန့်ထိရှိကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြ အပ်ပါသည်။

### ၂.၃.၂.၂.၁.၂.၂ သေကြေပျက်စီးနှုန်း

မြစ်ကြီးနားခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများ၏ သေကြေပျက်စီးနှုန်း စာရင်းကောက်ယူထားခြင်းမရှိပါ။ သို့ရာတွင် သစ်တောစိုက်ခင်းများမှာသဘာဝဘေးအန္တရာယ်ဖြစ်သော လေဒဏ်၊ မီးဒဏ်ကြောင့် ပျက်စီးမှုရှိသကဲ့သို့ ကျွဲ၊ နွား၊တောတိရစ္ဆာန်အချို့၏ ဖျက်ဆီးမှုကြောင့်လည်း ပျက်စီးမှုများရှိပါသည်။ ပတ်ဝန်းကျင်ရှိကျေးရွာများမှ ရွာသားများ၏ လိုအပ်ချက်အရ ခိုးထုတ်ယူမှုကြောင့် ပျက်စီးမှုလည်းရှိပါသည်။

စိုက်ခင်းများပြန်လည် တိုင်းတာစစ်ဆေး သောအခါ ဧရိယာ ပျက်စီးမှု မတွေ့ရှိရပါ။

### ၂.၃.၂.၂.၁.၂.၃ စိုက်ခင်းဇယား

ဇယား(၂.၃.၂.၂.၁.၂.၃)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပုဂ္ဂလိက | ကျွန်း | ၃၀၀ | |
| ၂ | ပုဂ္ဂလိက | သစ်မာ | ၆၅၀ | |
| ၃ | ပုဂ္ဂလိက | ရာဘာ | ၂၅၀၀ | |
| **စုစုပေါင်း** | | | **၃၄၅၀** | |

ဇစ်မြစ် - မြစ်ကြီးနား ၊ ခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၂.၂ ရေဝေရေလဲသစ်တောများ

ဝိုင်းမော်မြို့နယ်၊ ခန့်ဖူးကြိုးပြင်ကာကွယ်တောအတွင်း ဧက ၂၆၅၄၀ အား ရေဝေ ရေလဲ ထိန်းသိမ်းရေး သဘာဝတောအဖြစ် သတ်မှတ်ထားရှိပါသည်။

မြစ်ကြီးနားခရိုင်အတွင်းရှိ ဝိုင်းမော်မြို့နယ်၊ ဝါရှောင်ကြိုးပြင်ကာကွယ်တော တွင် ရေဝေရေလဲစိုက်ခင်းကို အောက်ပါ ဇယား(၂.၃.၂.၂.၂) ဖြင့် ဖော်ပြ အပ်ပါ သည်။

ဇယား(၂.၃.၂.၂.၂)

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုး အစား | တည် ထောင် သည့်ခုနှစ် | ကြိုးပြင်ကာ ကွယ်တော | အကွက် အ မှတ် | စိုက် ခင်း အမှတ် | စိုက် ဧက | ပန္နက် အကွာ အဝေး | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ဝိုင်းမော် | ရေဝေရေလဲ | ၂၀၀၂-၀၃ | ဝါရှောင် | - | သစ်ဆိမ့် | ၁၀၀ | ၁၀'x ၁၀' | |
| စုစုပေါင်း | | | | | | | ၁၀၀ | | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တောများ

ခရိုင်အတွင်းရှိ ကြိုးပြင်ကာကွယ်တော(၃)ခုတွင် ဒေသထောက်ပံ့ရေးအလုပ် တိုက်နယ်အဖြစ် သဘာဝတော (၁၄၃၂၆၄)ဧကလျာထားပါသည်။

ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝါရှောင်ကြိုးပြင်ကာကွယ်တောတွင် ဒေသထောက်ပံ့ ရေးအတွက် ကျေးရွာသုံးထင်း/ ထင်းစိုက်ခင်း(၃၀)ဧက တည်ထောင်ထားရှိပါ

သည်။ ဒေသထောက်ပံ့ရေးအတွက် ကျေးရွာထင်းစိုက်ခင်းများကိုဇယား (၂.၃.၂.၂.၃) ဖြင့် ဖော်ပြအပ်ပါသည်။

**ကြိုးပြင်ကာကွယ်တောအတွင်းရှိကျေးရွာထင်းစိုက်ခင်းများ**

ဇယား(၂.၃.၂.၂.၃)

| စဉ် | မြို့နယ် | စိုက်ခင်း အမျိုး အစား | တည် ထောင် သည့်ခုနှစ် | ကြိုးပြင်ကာ ကွယ်တော | အကွက် အ မှတ် | စိုက် ခင်း အမှတ် | စိုက် ဧက | ပန္နက် အကွာ အဝေး | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၈) | (၉) | (၁၀) | (၁၁) |
| ၁ | ပိုင်းမော် | ကျေးရွာထင်း | ၂၀၀၀-၀၁ | ဝါရှောင် | - | မယ်ဇလီ | ၃၀ | ၈.၅'x ၈.၅' | |
| စုစုပေါင်း | | | | | | | ၃၀ | | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၂.၂.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ

မြစ်ကြီးနားခရိုင်အတွင်းရှိပိုင်းမော်မြို့နယ်တွင် ဒေသခံပြည်သူများသည်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန် စိတ်အားထက်သန်ကြသည်ကိုတွေ့ရှိရပါသည်။ ဝါရှောင်ကြိုးပြင်ကာကွယ်တောတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ထုတ်ပေးပြီး (၃၃၆၀)ဧက တည်ထောင် ပြီးဖြစ်ပါသည်။

ဇယား(၂.၃.၂.၂.၄)

| စဉ် | မြို့နယ် | အမျိုးအစား | တည်ထောင် သည့်ခုနှစ် | တည်နေရာ | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပိုင်းမော် | ဒေသခံပြည်သူ အစု အဖွဲ့ပိုင် | ၂၀၀၇-၂၀၀၈ | ဝါရှောင်(ပြင်) | ၂၆၀၀ | တည်ထောင် ခွင့် လက်မှတ်ထုတ်ပေးပြီး |
| ၂ | ။ | ။ | ၂၀၁၃-၂၀၁၄ | ဝါရှောင်(ပြင်) | ၇၆၀ | ။ |
| | | | | ပေါင်း | ၃၃၆၀ | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၂.၂.၅ အခြားသစ်တောများ

## ၂.၃.၂.၃ ကြိုးပြင်တောများ( သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရမြေ)

### ၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ

### ၂.၃.၂.၃.၁.၁ သဘာဝတောများ

#### ၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း

သဘာဝတောများမှ ဒေသအလိုက် အဓိကသစ်မျိုးများ၏ လုံးပတ်နှင့်

ထုထည်ကြီးထွားနှုန်းများကို သစ်တောအမျိုးအစား အလိုက်တိုင်း တာမှတ်တမ်းတင်ထားခြင်း မရှိသေးပါသဖြင့် ဖော်ပြနိုင်ခြင်းမရှိပါ။

**၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း**

သဘာဝတောများတွင် သစ်ပင်များသေကြေပျက်စီးနှုန်းများကို ယခင်အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများတွင် ဖော်ပြထားသည့်ကိန်းဂဏန်းများ အရကျွန်းများ၏သေကြေပျက်စီးမှုနှုန်းမှာ(၂%)နှုန်းနှင့်အခြား သစ်မာပင်များ၏သေကြေပျက်စီးမှုနှုန်းမှာ (၅%)ရှိကြောင်းတွေ့ရှိ ဖော်ပြအပ်ပါသည်။ မသမာသူများခုတ်လှဲ သုံးစွဲခြင်းနှင့် ထင်းလိုအပ်မှုအရ ခုတ်လှဲသယ်ဆောင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု**

နှစ်စဉ်သဘာဝအတိုင်း မျိုးဆက်မှုများရှိပါသည်။

**၂.၃.၂.၃.၁.၁.၄ ပင်ထောင်ဇယား**

နယ်မြေတည်ငြိမ်မှုမရှိ၍ သစ်တောသယံဇာတစာရင်း ကောက်ယူနိုင်ခြင်း မရှိသောကြောင့် ပင်ထောင်ဇယားဖော်ပြနိုင်ခြင်းမရှိပါ။

**၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ**

**၂.၃.၂.၃.၁.၂.၁ ကြီးထွားနှုန်း**

မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ထားသောစီးပွားရေး(ကျွန်း)စိုက်ခင်းများ၏ ပျမ်းမျှနှစ်စဉ်လုံးပတ် ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့်နေရာများတွင် ၁.၉၂၇ လက်မခန့်အထိ ဒေသအတန်းအစားညံ့သည့်နေရာများတွင် ၀.၇၄၅ လက်မခန့်သာ ကြီးထွားနိုင်ပါသည်။ ပျမ်းမျှနှစ်စဉ်အမြင့်ကြီးထွားနှုန်းမှာဒေသအတန်းအစားကောင်းမွန်သည့် နေရာများတွင် ၅.၁၉ ပေခန့်ထိရှိပြီး ဒေသအတန်းအစားညံ့သည့် နေရာများတွင် ၁.၉၃ ပေခန့်ထိ ရှိကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြအပ်ပါသည်။

မြစ်ကြီးနားခရိုင်အတွင်းတည်ထောင်ထားသောစီးပွားရေး(ပျဉ်းကတိုး) စိုက်ခင်းများ၏ ပျမ်းမျှနှစ်စဉ် လုံးပတ်ကြီးထွားနှုန်းမှာ ဒေသအတန်းအစားကောင်းမွန်သည့်နေရာများတွင် ၂.၀၆၇ လက်ခန့် အထိနှင့်ဒေသ

အတန်းအစားညံ့သည့်နေရာများတွင် ၁.၅၅၉ လက်မခန့်သာ ကြီးထွား နိုင်ပါသည်။ ပျမ်းမျှနှစ်စဉ်အမြင့်ကြီးထွားနှုန်းမှာ ဒေသအတန်းအစား ကောင်းမွန်သည့် နေရာများတွင် ၄.၇၅ ပေခန့်အထိနှင့် ဒေသအတန်း အစားညံ့သည့် နေရာများတွင် ၁.၅၆ ပေခန့် ထိရှိကြောင်း ခန့်မှန်းတွက် ချက်ဖော်ပြအပ်ပါသည်။

### ၂.၃.၂.၃.၁.၂.၂ သေကြေပျက်စီးနှုန်း

မြစ်ကြီးနားခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများ၏ သေကြေပျက်စီး နှုန်းစာရင်းကောက်ယူထားခြင်းမရှိသော်လည်း သစ်တောစိုက်ခင်းများ မှာသဘာဝဘေးအန္တရာယ်ဖြစ်သော လေဒဏ်၊မီးဒဏ်ကြောင့် ပျက်စီးမှု ရှိသကဲ့သို့ ကျွဲ၊ နွားတောတိရစ္ဆာန်များ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှု များလည်းရှိပါသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရွာသားများ၏ လိုအပ်ချက်အရ ခိုးထုတ်ယူမှုကြောင့် ပျက်စီးမှုလည်း ရှိပါသည်။

### ၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား

ကြိုးပြင်တောများအတွင်းရှိ စီးပွားရေးစိုက်ခင်းများစာရင်းကို ဇယား (၂.၃.၂. ၃.၁.၂.၃) ဖြင့် ဖော်ပြအပ်ပါသည်။

**ကြိုးပြင်တောအတွင်းရှိစီးပွားရေးစိုက်ခင်းများ**

ဇယား(၂.၃.၂.၃.၁.၂.၃)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | တည်ထောင် သည့်ခုနှစ် | ဧရိယာဧက | | စုစုပေါင်း အပင် အရေ အတွက် | ပျမ်းမျှ | | အမြင့်ဆုံး အပင်များ ၏ပျမ်းမျှ အမြင့်(ပေ) | ဒေသ အတန်း အစား |
|---|---|---|---|---|---|---|---|---|---|---|
| | | | | စိုက် | လက်ရှိ | | လုံးပတ် (လက္မ) | အမြင့် (ပေ) | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | စီးပွားရေး | ပျဉ်းကတိုး | ၁၉၉၆ | ၅၀ | ၂၇ | ၁၅၀၀၀ | ၄၅ | ၃၅ | ၃၅ | |
| | | ပျဉ်းကတိုး | ၁၉၉၉ | ၅၀ | ၅၀ | ၃၀၁၅၀ | ၁၆ | ၁၆ | ၂၄ | |
| | | ပျဉ်းကတိုး | ၂၀၀၀ | ၃၀ | ၃၀ | ၃၀၁၅၀ | ၂၄ | ၂၄ | ၃၃ | |
| | | ပျဉ်းကတိုး | ၂၀၀၀ | ၅၀ | ၅၀ | ၃၀၁၅၀ | ၂၄ | ၂၄ | ၃၃ | |
| | | ကျွန်း | ၂၀၀၀ | ၁၀၀ | ၉၀ | ၆၀၃၀၀ | ၂၄ | ၂၄ | ၃၃ | |
| | | ကျွန်း | ၂၀၀၀ | ၅၀ | ၅၀ | ၃၀၁၅၀ | ၄၂ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၀ | ၅၀ | ၅၀ | ၃၀၁၅၀ | ၄၂ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၁ | ၁၀၀ | ၉၀ | ၆၀၃၀၀ | ၂၂ | ၂၂ | ၃၁ | |
| | | ပျဉ်းကတိုး | ၂၀၀၁ | ၅၀ | ၅၀ | ၃၀၁၅၀ | ၃၂ | ၂၅ | ၂၅ | |
| | | ပျဉ်းကတိုး | ၂၀၀၁ | ၅၀ | ၅၀ | ၃၀၁၅၀ | ၂၂ | ၂၂ | ၃၁ | |
| | | ပျဉ်းကတိုး | ၂၀၀၁ | ၅၀ | ၅၀ | ၃၀၁၅၀ | ၃၂ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၂ | ၁၀၀ | ၈၅ | ၆၀၃၀၀ | ၂၂ | ၂၃ | ၂၉ | |
| | | ကျွန်း | ၂၀၀၂ | ၅၀ | ၅၀ | ၂၇၀၀၀ | ၂၂ | ၂၃ | ၂၉ | |

ဇယား(၂.၃.၂.၃.၁.၂.၃)အဆုံး

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာဧက | | စုစုပေါင်း အပင် အရေ အတွက် | ပျမ်းမျှ | | အမြင့်ဆုံး အပင်များ ၏ပျမ်းမျှ အမြင့်(ပေ) | ဒေသ အတန်း အစား |
|---|---|---|---|---|---|---|---|---|---|---|
| | | | | စိုက် | လက်ရှိ | | လုံးပတ် (လက်မ) | အမြင့် (ပေ) | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | ကျွန်း | ၂၀၀၂ | ၅၀ | ၅၀ | ၃၀၁၅၀ | ၄၂ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၂ | ၅၀ | ၅၀ | ၃၀၁၅၀ | ၄၂ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၃ | ၁၀၀ | ၈၅ | ၆၀၃၀၀ | ၂၁ | ၂၂ | ၂၈ | |
| | | ကျွန်း | ၂၀၀၃ | ၅၀ | ၅၀ | ၃၀၁၅၀ | ၂၁ | ၂၂ | ၂၈ | |
| | | ပျဉ်းကတိုး | ၂၀၀၃ | ၅၀ | ၅၀ | ၃၀၁၅၀ | ၃၀ | ၂၅ | ၂၅ | |
| | | ပျဉ်းကတိုး | ၂၀၀၃ | ၅၀ | ၅၀ | ၃၀၁၅၀ | ၃၀ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၄ | ၁၀၀ | ၁၀၀ | ၆၀၃၀၀ | ၂၂ | ၂၂ | ၂၇ | |
| | | ပျဉ်းကတိုး | ၂၀၀၄ | ၅၀ | ၅၀ | ၃၀၁၅၀ | ၂၂ | ၂၂ | ၂၇ | |
| | | ပျဉ်းကတိုး | ၂၀၀၄ | ၁၀၀ | ၁၀၀ | ၆၀၃၀၀ | ၂၆ | ၂၄ | ၂၄ | |
| | | ပျဉ်းကတိုး | ၂၀၀၅ | ၅၀ | ၅၀ | ၃၀၁၅၀ | ၁၆ | ၁၅ | ၂၃ | |
| | | ကြက်ဆူ | ၂၀၀၆ | ၂၀ | ၂၀ | ၂၄၀၀၀ | ၁၇ | ၁၆ | ၂၄ | |
| | | ကြက်ဆူ | ၂၀၀၆ | ၆ | ၆ | ၂၄၂၀၀ | ၁၇ | ၁၆ | ၂၄ | |
| | | ပျဉ်းကတိုး | ၂၀၀၅ | ၁၀၀ | ၁၀၀ | ၆၀၃၀၀ | ၂၈ | ၂၅ | ၂၅ | |
| | | ကျွန်း | ၂၀၀၈ | ၂၅ | ၂၅ | ၁၃၅၀၀ | ၁၅ | ၁၇ | ၁၉ | |
| | | ကျွန်း | ၂၀၀၉ | ၇၅ | ၇၅ | ၄၀၅၀၀ | ၁၅ | ၁၈.၆ | ၂၁ | |
| စုစုပေါင်း | | | | ၁၆၅၆ | ၁၅၈၃ | | | | | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

ဖော်ပြရန်မရှိပါသည်။

### ၂.၃.၂.၃.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

အစိုးရမဟုတ် သောအဖွဲ့အစည်းများ(NGOs)မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် အကူအညီပေးလျက်ရှိရာ သစ်တောနယ်မြေများ သာမက ကြိုးပြင် တောများတွင်ပါ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြစ်ကြီးနားမြို့နယ်၊ ကြိုးပြင်တောများအတွင်းတွင် ကျေးရွာထင်းစိုက်ခင်း (၉၂၀)ဧက တည်ထောင်ထားရှိပါသည်။ တည်ထောင်ထားရှိသော စိုက်ခင်းများ အား ဇယား(၂.၃.၂.၃.၄)ဖြင့်ဖော်ပြထားပါသည်။ အသေးစိတ်စာရင်းအား အတွဲ(၂)ဇယား (၂.၃.၂.၃.၄)ဖြင့် ဖော်ပြအပ်ပါသည်။

## မြစ်ကြီးနားမြို့နယ်ရှိ ကြိုးပြင်တောများအတွင်းတွင် ကျေးရွာထင်းစိုက်ခင်း

ဇယား(၂.၃.၂.၃.၄)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | တည်ထောင် သည့်ခုနှစ် | စိုက်ခင်း တည်နေရာ | ဧရိယာ (ဧက) | | ပန္နက် အကွာအဝေး | မှတ် ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | စိုက် | လက်ရှိ | | |
| ၁ | ကျေးထင်း | မယ်ံလက်၊ အော်ပိ၊ပျဉ်း | ၁၉၈၅-၈၆ | နောင်နန်းအပ | ၅၀ | ၅၀ | ၈.၅' x ၈.၅' | |
| ၂ | ॥ | ॥ | ၁၉၈၆-၈၇ | ပိတောင်ပယ်ဖျက် | ၅၀ | ၅၀ | ၈.၅' x ၈.၅' | |
| ၃ | ॥ | မယ်၊လက်၊ အော်ပိ၊ပျဉ်း | ၁၉၉၇-၉၈ | နော့သင်းစတား | ၅၀ | ၅၀ | ၈.၅' x ၈.၅' | |
| ၄ | ॥ | အော်ရီရှား | ၁၉၉၈-၉၉ | မန်ဝိန်းအပတော | ၃၅ | ၃၅ | ၈.၅' x ၈.၅' | |
| ၅ | ॥ | ကျွန်း/အော် မယ်/စွယ် | ၁၉၉၉-၀၀ | ॥ | ၃၅ | ၃၅ | ၈.၅' x ၈.၅' | |
| ၆ | ॥ | မယ်/အော် | ၂၀၀၀-၀၁ | ချီဖွေအပတော | ၈၀ | ၈၀ | ၈.၅' x ၈.၅' | |
| ၇ | ॥ | ပျဉ်း/မယ် | ၂၀၀၁-၀၂ | မန်ဝိန်း/ချီဖွေအပတော/ တနိုင်းကြိုးပြင် | ၁၂၀ | ၁၂၀ | ၈.၅' x ၈.၅' | |
| ၈ | ॥ | သစ်ဆိမ့်/ မယ်ဇလီ | ၂၀၀၂-၀၃ | တနိုင်း/ဆဒုံးကြိုးပြင်/ ချီဖွေအပတော | ၁၅၀ | ၁၅၀ | ၂၄' x ၂၄'/ ၈.၅' x ၈.၅' | |
| ၉ | ॥ | မယ်ဇလီ | ၂၀၀၃-၀၄ | တနိုင်း/ဆဒုံးကြိုးပြင်/ ချီဖွေအပတော | ၁၅၀ | ၁၅၀ | ၈.၅' x ၈.၅' | |
| ၁၀ | ॥ | မယ်ဇလီ | ၂၀၀၄-၀၅ | တနိုင်းကြိုးပြင်/ ဝါရှောင်အပ | ၁၅၀ | ၁၅၀ | ၈.၅' x ၈.၅' | |
| ၁၁ | ॥ | ॥ | ၂၀၀၅-၀၆ | တနိုင်းကြိုးပြင် | ၅၀ | ၅၀ | ၈.၅' x ၈.၅' | |
| | | | | **စုစုပေါင်း** | ၉၂၀ | ၉၂၀ | | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၂.၃.၅ အခြားသစ်တောများ

ဖော်ပြရန်မရှိပါ။

## ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

### ၂.၃.၃.၁ ဝါးများ

မြစ်ကြီးနားခရိုင်အတွင်းတွင် တင်းဝါး၊ ဝါးဘိုးဝါး၊ ဝါးဘိုးမျက်ဆံကျယ်၊ ဝါးနက်၊ ဝါးနွယ်၊ သနပ်ဝါး စသည်တို့ပေါက်ရောက်ပါသည်။ ဝါးသုဉ်းသည့် မှတ်တမ်းများ မတွေ့ရှိပါသဖြင့် မဖော်ပြနိုင်ပါ။ လက်ရှိဝါး ထုတ်လုပ်နေသည့် ပမာဏမှာ ဇယား(၂.၃.၃.၁)အတိုင်း ဖြစ်ပါသည်။

| စဉ် | မြို့နယ်အမည် | ဝါးထုတ်လုပ်မှု(လုံးရေထောင်ပေါင်း) (၂၀၀၆-၀၇ မှ ၂၀၁၅-၁၆ ထိ) | မှတ်ချက် |
|---|---|---|---|
| ၁ | မြစ်ကြီးနား | ၃၂၅၆ | |
| ၂ | ဝိုင်းမော် | ၇၃၇၀ | |
| **မြစ်ကြီးနားခရိုင်စုစုပေါင်း** | | **၁၀၆၂၆** | |

ဇစ်မြစ် -မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၃.၂ ကြိမ်များ

မြစ်ကြီးနားခရိုင်အတွင်း ရေကြိမ်၊ ကြက်ဥကြိမ်၊ တောင်ကြိမ်၊ ကြိမ်နီ၊ ယမထာကြိမ် (ကြီး/သေး) စသည့်ကြိမ်များပေါက်ရောက်ပါသည်။ အောက်ပါအတိုင်း ကြိမ်ထုတ်လုပ်နိုင်ခဲ့ပါသည်။

| စဉ် | မြို့နယ်အမည် | ကြိမ်ထုတ်လုပ်မှု(လုံးရေထောင်ပေါင်း) (၂၀၀၆-၀၇ မှ ၂၀၁၅-၁၆ ထိ) | မှတ်ချက် |
|---|---|---|---|
| ၁ | မြစ်ကြီးနား | ၅၉၉၄ | |
| ၂ | ၀ိုင်းမော် | ၇၈၇ | |
| | **ခရိုင်စုစုပေါင်း** | **၆၇၈၁** | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ

ခရိုင်အတွင်း အင်တွဲ၊ ပွဲညက်၊ သစ်ခေါက်၊ ကရဝေးရွက်များနှင့် ပျားဖယောင်း၊ ပျားရည်တို့ထွက်ပါသည်။ ဒေသအတွင်း သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်း ထုတ်လုပ်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | မြစ်ကြီးနား | ၀ိုင်းမော် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အင်တွဲ/ပွဲညက် | ပိဿာ | ၅၀၃၁၅ | - | |
| ၂ | သစ်ခေါက် | ॥ | ၁၃၉၄၀၅ | ၃၅၂၀၀ | |
| ၃ | ပျားရည် | ॥ | ၄၆၅၀ | ၁၈၆၄ | |
| ၄ | ပျားဖယောင်း | ॥ | ၃၀၉ | ၂၂၅ | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

### ၂.၃.၄.၁ ဂေဟာစနစ်များအုပ်ချုပ်လုပ်ကိုင်မှု

ခရိုင်အတွင်းရှိ သစ်တောများနှင့် သက်ရှိပတ်ဝန်းကျင်ဆိုင်ရာ ဂေဟာစနစ် တည်တံ့ရေးအတွက် မြစ်ကြီးနားမြို့နယ်ရှိ ပိတောင်ဘေးမဲ့တောကို စနစ်တကျ ကာကွယ်ထိန်းသိမ်းရန်အတွက် ပညာပေးစည်းရုံး ဟောပြောခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် ဘုတ်တိုင်များ ပြန်လည်စိုက်ထူခြင်း၊ လှည့်လည်ကင်းလှည့်ခြင်း လုပ်ငန်းများ၊ ဘေးမဲ့တောအတွင်းရှိတောရိုင်းတိရစ္ဆာန်များ၏ မူရင်းဒေသများထပ်မံပျက်စီးမှုမရှိစေရန် စနစ်တကျ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်မှု

မြစ်ကြီးနားမြို့နယ်ရှိ ပိတောင်ဘေးမဲ့တောကို ၁၉၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ၁၉၂၇ ခုနှစ်တွင် စတင်ပြဋ္ဌာန်းကြေငြာခဲ့ပါသည်။ ဆင်၊ကျား၊ကျားသစ်၊ပြောင်၊စိုင်၊ ဆတ်စသော တောရိုင်းတိရစ္ဆာန်ကြီးများနှင့် သင်းခွေချပ်၊ဒရယ်၊ ဝက်ဝံ၊ တောဝက်၊ ဂျီ၊ ဖြူ၊ ငှက်မျိုးစုံတို့ပေါများစွာအုပ်စုဖွဲ့ကျက်စားရာဒေသတစ်ခုဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ဘေးမဲ့တောတစ်ခုအဖြစ် ထင်ရှားခဲ့ပါသည်။ ပိတောင်ဘေးမဲ့ တောအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအား စနစ်တကျထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများကို ဒေသခံပြည်သူများဖြစ်သော ကချင်၊ မြန်မာ၊ ရဝမ်၊ အဇီး၊ လရှီ၊ လီဆူ၊ လဝေါ်၊ဂေါ်ရခါးစသည်တို့သိရှိနားလည်စေရန်၊သဘာဝပတ်ဂန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင်ဒေသခံပြည်သူများပူးပေါင်းပါဂင်လာစေရန်နှင့်ဒေသခံပြည်သူများ ၏လူမှုစီးပွားရေးဘဂတိုးတက်လာစေရန်အတွက်ကူညီပံ့ပိုးရန်ရည်ရွယ်ပါသည်။ ဘေးမဲ့တောနယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း၊ လူမှုစီးပွားရေး စစ်တမ်းကောက်ယူခြင်း၊ ဘေးမဲ့တောအတွင်းတောရိုင်း တိရိစ္ဆာန်နှင့်အပင်များ အားစာရင်းကောက်ယူခြင်း၊ သဘာဂထိန်းသိမ်းရေးလုပ်ငန်းများအား ပြည်သူလူထု စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်လာစေရေးအတွက် ပတ်ဂန်းကျင်ကျေးရွာများသို့ နယ်လှည့်ပညာပေး အဖွဲ့များဖြင့် လှည့်လည်ပညာပေးစည်းရုံးခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ၃။ လူဦးရေဆိုင်ရာအချက်အလက်များ

### ၃.၁ လူဦးရေ

မြစ်ကြီးနားခရိုင်အတွင်းရှိ တောနေ/မြို့နေ လူဦးရေစာရင်းကို မြို့နယ်များအလိုက် (၁၈)နှစ်အောက်နှင့်အထက်ခွဲခြား၍ အတွဲ(၂) ဇယား(၃.၁)တွင် ဖော်ပြ ထားပါ သည်။

**မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်အလိုက် လူဦးရေစာရင်း**

**ဇယား(၃-၁)**

| စဉ် | မြို့နယ် | အိမ်ထောင်စုဦးရေ | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | တောနေ | တိုးပွားနှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၈ နှစ်အောက် | | ၁၈နှစ်အထက် | | | | | |
| | | | ကျား | မ | ကျား | မ | | | | |
| ၁ | မြစ်ကြီးနား | ၅၀၅၈၃ | ၅၃၈၃၇ | ၅၇၄၅၅ | ၉၄၆၄၈ | ၁၀၁၀၀၉ | ၃၀၆၉၄၉ | ၂၄၃၀၃၁ | ၆၃၉၁၈ | |
| ၂ | ဆင်ဘို(ခွဲ) | ၂၀၀၈ | ၂၁၈၈ | ၂၀၀၄ | ၃၃၇၄ | ၃၀၈၉ | ၁၀၆၅၅ | ၃၄၇၅ | ၇၁၈၀ | |
| ၃ | အင်ဂျန်းယန် | ၂၈၅ | ၃၈၇ | ၃၂၂ | ၅၅၉ | ၄၆၄ | ၁၇၃၂ | ၄၄၅ | ၁၂၈၇ | |
| ၄ | တနိုင်း | ၆၃၉၈ | ၉၆၅၄ | ၈၅၃၈ | ၁၆၁၁၉ | ၁၄၂၅၅ | ၄၈၅၆၆ | ၁၁၉၉၈ | ၁၆၅၆၈ | |
| ၅ | ရှင်ဗွေယန်(ခွဲ) | ၂၁၃၀ | ၂၃၉၂ | ၂၀၂၃ | ၃၈၁၄ | ၃၂၂၄ | ၁၁၄၅၃ | ၅၄၁၇ | ၆၀၃၆ | |
| မြစ်ကြီးနားမြို့နယ်ပေါင်း | | ၆၁၄၀၄ | ၆၈၄၅၈ | ၇၀၃၄၂ | ၁၁၈၅၁၄ | ၁၂၂၀၄၁ | ၃၇၉၃၅၅ | ၂၈၄၃၆၆ | ၉၄၉၈၉ | |

ဇယား(၃-၁)

| စဉ် | မြို့နယ် | အိမ်ထောင်စု ဦးရေ | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | ကျေးလက်နေ | တိုးပွားနှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၈ နှစ်အောက် | | ၁၈နှစ်အထက် | | | | | |
| | | | ကျား | မ | ကျား | မ | | | | |
| ၆ | ဝိုင်းမော် | ၁၉၇၈၀ | ၂၁၅၁၅ | ၂၁၉၁၁ | ၃၁၁၈၃ | ၃၁၇၅၇ | ၁၀၆၃၆၆ | ၂၁၉၆၉ | ၈၄၃၉၇ | |
| ၇ | ဆဒုံး(ခွဲ) | ၁၆၁၀ | ၂၃၀၈ | ၂၃၁၆ | ၂၉၃၁ | ၂၉၄၁ | ၁၀၄၉၆ | ၃၅၃၄ | ၆၉၆၂ | |
| ၈ | ကန်ပိုက်တီ(ခွဲ) | ၁၄၇၀ | ၁၇၇၆ | ၁၆၃၀ | ၂၇၅၂ | ၂၅၂၄ | ၈၆၈၂ | ၁၁၅၃ | ၇၅၂၉ | |
| ၉ | ချီဖွေ | ၁၉၃၁ | ၂၈၄၁ | ၂၆၆၆ | ၂၉၉၀ | ၂၈၀၆ | ၁၁၃၀၃ | ၁၅၆၇ | ၉၇၃၆ | |
| ၁၀ | ပန်ဝါ(ခွဲ) | ၁၃၇၅ | ၂၁၁၂ | ၂၀၁၆ | ၂၃၅၇ | ၂၂၅၁ | ၈၇၃၆ | ၁၂၂၃ | ၇၅၁၃ | |
| ၁၁ | ဆော့လော် | ၁၀၇၃ | ၁၆၆၇ | ၁၅၇၆ | ၁၆၈၄ | ၁၅၉၁ | ၆၅၁၈ | ၃၆၈ | ၆၁၅၀ | |
| ဝိုင်းမော်မြို့နယ်ပေါင်း | | ၁၇၂၃၉ | ၃၂၂၁၉ | ၃၂၁၁၅ | ၄၃၈၉၇ | ၄၃၈၇၀ | ၁၅၂၁၀၁ | ၂၉၈၁၄ | ၁၂၂၂၈၇ | |
| | စုစုပေါင်း | ၈၈၆၄၃ | ၁၀၀၆၇၇ | ၁၀၂၄၅၇ | ၁၆၂၄၁၁ | ၁၆၅၉၁၁ | ၅၃၁၄၅၆ | ၃၁၄၁၈၀ | ၂၁၇၂၇၆ | |

ဇစ်မြစ်- လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

## ၃.၂ ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှု

မြစ်ကြီးနားခရိုင်အတွင်းကဏ္ဍအလိုက် အလုပ်အကိုင်ရရှိမှုစာရင်းကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

ဇယား(၃.၂)

| စဉ် | ကဏ္ဍ | စုစုပေါင်း | ကဏ္ဍအလိုက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစိုးရဝန်ထမ်း | ၄၁၅၅၇ | ၂၇.၁၇ | - |
| ၂ | ဝန်ဆောင်မှု(စီမံကိန်း) | ၄၉၀၃ | ၃.၂၁ | - |
| ၃ | စိုက်ပျိုးရေးဌာန | ၄၈၁၂၈ | ၃၁.၄၇ | - |
| ၄ | မွေးမြူရေးဌာန | ၃၅၄၇ | ၂.၃၂ | - |
| ၅ | စက်မှုလက်မှုဌာန | ၁၇၁၁ | ၁.၁၂ | - |
| ၆ | ကျပန်း | ၃၃၆၆၅ | ၂၂.၀၁ | - |
| ၇ | (အခြား) | ၁၉၄၂၅ | ၁၂.၇၀ | - |
| | **စုစုပေါင်း** | **၁၅၂၉၃၆** | **၁၀၀.၀၀** | - |

ဇစ်မြစ်- အလုပ်သမားညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားခရိုင်။

## ၃.၃ ကျေးရွာအုပ်စုအလိုက်လူဦးရေစာရင်း(ကျေးလက်နေ)

ဇယား(၃.၃)ခ

| စဉ် | မြို့နယ် | ကျေးရွာအုပ်စုပေါင်း | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | မြစ်ကြီးနား | ၁၇ | ၁၀၆၂၅ | ၃၂၄၀၂ | ၃၁၅၁၆ | ၆၃၉၁၈ | |
| ၂။ | ဆင်ဘို(ခွဲ) | ၁၂ | ၁၃၁၉ | ၃၇၃၄ | ၃၄၄၆ | ၇၁၈၀ | |
| ၃။ | အင်ဂျန်းယန် | ၁၇ | ၂၅၈ | ၇၀၂ | ၅၈၅ | ၁၂၈၇ | |
| ၄။ | တနိုင်း | ၉ | ၂၈၈၈ | ၈၇၆၆ | ၇၈၀၂ | ၁၆၅၆၈ | |
| ၅။ | ရှင်ဗွေယန်(ခွဲ) | ၂ | ၁၀၅၆ | ၃၁၃၃ | ၂၉၀၃ | ၆၀၃၆ | |
| | **ပေါင်း** | **၅၇** | **၁၆၁၄၆** | **၄၈၇၃၇** | **၄၆၂၅၂** | **၉၄၉၈၉** | |

ဇယား(၃.၃)ခ

| စဉ် | မြို့နယ် | ကျေးရွာ အုပ်စုပေါင်း | အိမ် ထောင် စု | လူဦးရေ | | | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၆။ | ဝိုင်းမော် | ၂၈ | ၁၆၂၆၄ | ၄၁၈၇၁ | ၄၂၅၂၆ | ၈၄၃၉၇ | |
| ၇။ | ဆဒုံး(ခွဲ) | ၅ | ၁၀၈၇ | ၃၄၅၀ | ၃၅၁၂ | ၆၉၆၂ | |
| ၈။ | ကန်ပိုက်တီ(ခွဲ) | ၃ | ၈၄၈ | ၃၉၂၀ | ၃၆၀၉ | ၇၅၂၉ | |
| ၉။ | ချီဖွေ | ၃၂ | ၁၄၇၈ | ၅၀၆၃ | ၄၆၇၃ | ၉၇၃၆ | |
| ၁၀။ | ပန်ဝါ(ခွဲ) | ၇ | ၁၁၈၁ | ၃၈၄၆ | ၃၆၆၇ | ၇၅၁၃ | |
| ၁၁။ | ဆော့လော် | ၂၁ | ၉၃၁ | ၃၁၅၈ | ၂၉၉၂ | ၆၁၅၀ | |
| | ပေါင်း | ၉၆ | ၂၁၇၈၉ | ၆၁၃၀၈ | ၆၀၉၇၉ | ၁၂၂၂၈၇ | |
| | စုစုပေါင်း | ၁၅၃ | ၃၇၉၃၅ | ၁၁၀၀၄၅ | ၁၀၇၂၃၁ | ၂၁၇၂၇၆ | |

ဇစ်မြစ်- လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားရေးမှတ်ပုံတင်ဦးစီးဌာန

ကျေးရွာအုပ်စုအလိုက်လူဦးရေ အသေးစိတ်စာရင်းကို အတွဲ(၂)၊ ဇယား(၃.၃)က ဖြင့်ဖော်ပြအပ်ပါသည်။

## ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

### ၄.၁ ထုတ်လုပ်ခြင်း

#### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

မြစ်ကြီးနားခရိုင်အတွင်းလွန်ခဲ့သည့် (၁၀) နှစ်တာကာလအတွက် ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု ဇယားကို ဇယား(၄.၁.၁)တွင် နှစ်အလိုက် ဖော်ပြအပ် ပါသည်။

**(၂၀၀၆-၀၇ ခုနှစ် မှ ၂၀၁၅-၁၆ ခုနှစ်အထိ)** ဇယား (၄.၁.၁)

| စဉ် | ခုနှစ် | ကျွန်း | | | သစ်မာ | | |
|---|---|---|---|---|---|---|---|
| | | AAC | ထုတ်လုပ် ပင်ရေ | ထုတ်လုပ် (ကုဗတန်) | AAC | ထုတ်လုပ် ပင်ရေ | ထုတ်လုပ် (ကုဗတန်) |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ၂၀၀၇-၀၈ | ၅၁၉ | ၃၀ | ၄၅ | ၇၁၀ | ၁၁၀၂၁ | ၁၆၅၃၆ |
| ၂ | ၂၀၀၈-၀၉ | | - | - | | ၅၃၀၃ | ၁၁၈၂၄ |
| ၃ | ၂၀၀၉-၁၀ | | - | - | | ၅၀၀၀ | ၁၁၆၈၃ |
| ၄ | ၂၀၁၀-၁၁ | | - | - | | ၄၃၀၇ | ၁၃၆၃၂ |
| | ခရိုင်ချုပ် | | ၃၀ | ၄၅ | | ၂၅၆၃၁ | ၅၃၆၇၅ |

ဇစ်မြစ်- မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

#### ၄.၁.၂သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

အတွဲ(၂) နောက်ဆက်တွဲ(ဠ) ဖြင့်ဖော်ပြအပ်ပါသည်။

### ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း

ယခင်(၁၀)နှစ်ကာလ ဆောင်ရွက်ခဲ့သည့် သစ်တောလုပ်ငန်းများအား ဇယား(၄.၂) ဖြင့် ဖော်ပြအပ်ပါသည်။

ဇယား(၄.၂)

## ၂၀၀၆-၀၇မှ ၂၀၁၅-၁၆အထိ ဆောင်ရွက်ပြီးသစ်တောလုပ်ငန်းများ

| ခုနှစ် | ကျွန်း သင်း သတ် ခြင်း (ပင်) | ကျွန်း စို ရိုက် မှတ် ခြင်း (ပင်) | သစ်မာ ပင် ထောင် ရိုက် မှတ် ခြင်း (ပင်) | ပဂတ္တိ မျိုး ဆက် ခြင်း (ဧက) | ဓမ္မတာ မျိုး ဆက် ခြင်း (ဧက) | အုပ်မိုး ကာ ဆိုင်း လှဲခြင်း (ဧက) | ပေါင်း သင် ရှင်း လင်း ခြင်း (ဧက) | ပင် ကျပ် နုတ် ခြင်း (ဧက) | နွယ် ဖြတ် ညှောင် ပတ် လှဲ ခြင်း (ဧက) | သစ် တော လမ်း ပြင် ဆင် ခြင်း (မိုင်) | ကြိုး ဝိုင်း နယ် နိ မိတ် ပြင် ခြင်း (မိုင်) | အကွက် နယ်နိ မိတ် ပြင် ခြင်း (မိုင်) | မီး ကာ ကွယ် ခြင်း (ဧက) | သဘာ ဝ တော စိုက် ပျိုး ခြင်း (ဧက) | ကြိုးဝိုင်း တိုးချဲ့ ဖွဲ့စည်း ခြင်း (စ/မိုင်) | အစုအဖွဲ့ ပိုင် သစ်တော စိုက်ခင်း တည် ထောင်ခြင်း (ဧက) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
| ၂၀၀၆-၀၇ | - | - | - | ၂၁၅ | ၅၀ | - | ၁၉၈၅ | - | - | - | ၁၅ | - | ၁၈၈၅ | - | - | - |
| ၂၀၀၇-၀၈ | - | ၃၀ | ၁၁၀၂၁ | - | ၅၀ | - | ၈၇၀ | - | - | - | ၁၅ | ၁၀ | ၁၄၂၀ | - | - | ၂၆၀၀ |
| ၂၀၀၈-၀၉ | - | - | ၅၃၀၃ | ၁၅၀ | ၁၅၀ | - | ၄၇၀ | - | ၄၄၃၀ | ၅ | - | ၄၀ | ၁၀၀၅ | ၁၀၀ | - | - |
| ၂၀၀၉-၁၀ | - | - | ၈၀၀၀ | ၂၇၅ | ၁၅၀ | - | ၉၇၅ | - | ၄၈၀၀ | ၅ | - | ၄၀ | ၈၈၀ | ၁၀၀ | - | - |
| ၂၀၁၀-၁၁ | - | - | ၄၃၀၇ | ၁၇၅ | ၁၅၀ | - | ၁၀၂၅ | - | - | ၅ | - | - | ၆၀၀ | ၁၀၀ | - | ၇၈၇ |
| ၂၀၁၁-၁၂ | - | - | - | ၁၇၅ | - | - | ၆၅၀ | - | - | | - | - | ၄၅၀ | ၅၀ | - | ၁၈၀၀ |
| ၂၀၁၂-၁၃ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | |
| ၂၀၁၃-၁၄ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၇၆၀ |
| ၂၀၁၄-၁၅ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၄၃၀ |
| ၂၀၁၅-၁၆ | - | - | - | - | ၁၀၀ | - | - | - | - | - | ၁၀ | ၄၀ | ၇၅၀ | ၇၀ | ၆၁၀ | - |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန

## ၄.၃ ဖွဲ့စည်းပုံနှင့်စီမံခန့်ခွဲခြင်း

၁။ ၁၈၅၆ ခုနှစ်မတိုင်မီ ရှေးမြန်မာမင်းများလက်ထက်နှင့်ကိုလိုနီအုပ်ချုပ်ရေးခေတ်တို့တွင် သီးခြားဝန်ကြီးဌာနအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိဘဲ၊သစ်တောဌာနအဖြစ်သာတည်ထောင်လျက် အုပ်ချုပ်ရေးဌာနများမှ ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ သစ်တောရေးရာ ကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ခဲ့ ကြသည်။

၂။ ၁၈၅၆ ခုနှစ်တွင် သစ်တောဌာနကို စနစ်တကျတည်ထောင်ပြီး သစ်တော ပေါက်ရောက်မှုများကို တိုင်းတာစာရင်းကောက်ယူခြင်း၊ သစ်တောအုပ်ချုပ် လုပ်ကိုင်မှု လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခြင်းသည် မြန်မာ့သစ်တောများကို သိပ္ပံနည်းကျ စနစ်တကျ အုပ်ချုပ် လုပ်ကိုင် လာခဲ့ပါသည်။

၃။ ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် သစ်တောဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၄။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအဖြစ်ပြင်ဆင်ဖွဲ့စည်းလျက်သစ်တောရေးရာကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့သည်။

၅။ ၁၉၇၂ ခုနှစ်တွင်သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံလုံးရှိ သစ်တောများကိုလည်း သစ်တောတိုင်းကြီး (Forest Circle) ၈ ခုနှင့် သစ်တောခရိုင် ၃၆ခုအဖြစ်ခွဲခြား၍စီမံအုပ်ချုပ်ခဲ့ပါသည်။သစ်တောနယ်တစ်ခုစီအတွက် သစ်တောအုပ်ချုပ်မှုစီမံကိန်း (Working Plans)များရေးဆွဲပြီးအုပ်ချုပ်ခဲ့ပါသည်။

၆။ ၁၉၈၃ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ ၁၉၈၂ ခုနှစ် ဇူလိုင်လ(၂)ရက်နေ့စွဲပါ စာအမှတ် ၁/၁၈၀/(ဂ)(ရ)(၁၃၆၆/၈၂)နှင့် ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆) နေ့စွဲပါစာအမှတ် ဒ၀တ/သစ်တော/၈၃ တို့အရ နယ်ဘက်အုပ်ချုပ်ရေး(Civil Administration)နှင့် လိုက်လျောညီထွေ ရှိစေရန် သစ်တောခရိုင် (Forest Division) များကို ဖျက်သိမ်း၍ ဗဟိုပြည်နယ်/တိုင်း၊ မြို့နယ်များ အဖြစ် သစ်တောဦးစီးဌာနကို ဝန်ထမ်းဦးရေ (၃၈၅၉)ဦး ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့ စည်းခဲ့ ပါသည်။

၇။ ၁၉၈၈ခုနှစ်တွင်သစ်တောဦးစီးဌာန၏ဖွဲ့စည်းပုံကိုဝန်ထမ်းအင်အား စုစုပေါင်း(၁၄၇၅၁) ဦးဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စီမံခန့်ခွဲရေး၊ဘဏ္ဍာရေး၊လုပ်ငန်းဆောင်ရွက်ရေးကိစ္စများတွင် ပြည်နယ်/တိုင်းများမှ အဆိုပြုတင်ပြချက်များကို ဗဟိုမှ စိစစ်၍ချမှတ်ဆောင်ရွက် စေခဲ့ပါသည်။

၈။ ၁၉၉၂ ခုနှစ်၊ မတ်လ(၅)ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၉၂)အရ လယ်ယာနှင့် သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန အဖြစ် သီးခြားစီ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၉။ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်နေ့တွင် တိုင်း/ခရိုင်/မြို့နယ်ရုံးများဖွဲ့စည်း၍ အုပ်ချုပ်ရေး စနစ် အမျိုးမျိုးပြောင်းလဲ၍ သစ်တောများကိုအုပ်ချုပ်လုပ်ကိုင်ခဲ့ပါသည်။

၁၀။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ၁၉၉၃ခုနှစ်၊စက်တင်ဘာလ(၁၀)ရက်ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၉၄၃/၉၃)ဖြင့် သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီနှင့်ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေးကော်မတီများဖွဲ့စည်းပြီး နိုင်ငံတော်ပိုင်သစ်တောများမပြုန်းတီးရေး၊ သစ်တောများပြန်လည်ပြုစု ပျိုးထောင်ရေး ကော်မတီများကို ဖွဲ့စည်းပြီး နိုင်ငံတော်ပိုင်သစ်တောများ မပြုန်းတီးရေး၊ သစ်တောများပြန်လည်ပြုစုပျိုးထောင်ရေး၊ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်နှင့်ပတ်သက်သည့် မသမာမှုများ ကင်းရှင်းရေးတို့အတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြုစုရန် စသည်များကို အကောင် အထည်ဖော်သွားမည် ဖြစ်ပါသည်။ မြစ်ကြီးနားခရိုင်၏လက်ရှိဝန်ထမ်းဖွဲ့စည်းပုံကိုဇယား(၄-၃) တွင် ဖော်ပြထားပါသည်။

## ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

မြစ်ကြီးနားခရိုင်အတွင်းရှိသစ်တောဝန်ထမ်းများအားအရည်အသွေးမြင့်မားစေရေးအတွက် ပြည်တွင်းမော်ဘီမြို့၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၊ သင်တန်းကျောင်းတွင်အခြေခံ/အဆင့်မြင့်သစ်တောအရာရှိသင်တန်း၊အခြေခံသစ်တောပညာ(အထူး) သင်တန်း၊ သစ်တောပျိုးဥယျာဉ်၊ သစ်တောစိုက်ခင်း၊ သစ်တောလမ်းဖောက် လုပ်ခြင်းသင်တန်း၊ စက်ကိရိယာ ကိုင်တွယ်ခြင်းသင်တန်း၊ ဦးစီးအရာရှိများအတွက် သီးခြားပို့ချသော စီမံရေးရာသင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲ တို့အား သင်တန်းသားများကို အခါအားလျော်စွာ တက်ရောက် သင်ကြားစေခဲ့ပါသည်။ အတွဲ (၂) ၊ ဇယား (၄-၄)တွင် ဖော်ပြ ထားပါသည်။

## ၄.၅ အခွန်တော်ငွေနှင့်အသုံးစရိတ်

မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် လွန်ခဲ့သည့် ၁၀ နှစ်ကာလအတွင်း ရရှိသည့် အခွန်တော်ငွေနှင့် အသုံးစရိတ်များကို ဇယား (၄-၅)ခ နှင့် နှစ်အလိုက် အသေးစိတ် စာရင်းပြည်ထောင်စု/ပြည်နယ်အလိုက်ကို အတွဲ(၂) ဇယား(၄-၅)က၊ခ တွင် ဖော်ပြထားပါသည်။

## မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန၊အခွန်တော်ငွေ/အသုံးစရိတ်

ပြည်နယ် ဇယား (၄-၅)ခ

| ကာလ | အခွန်တော်ကျပ်(ထောင်ပေါင်း) | | | | | အသုံးစရိတ်(ကျပ်ထောင်ပေါင်း) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ငွေလုံးငွေရင်း | | | သာမန် | | | |
| | သစ် | ထင်း/ မီးသွေး | ဝါး/ကြိမ် | အခြား | ပေါင်း | အဆောက်အဦ | သစ်တောစိုက်ခင်း | ပေါင်း | ဝန်ထမ်းလစာနှင့် ခရီးစရိတ် | လုပ်အားခများ | အခြားအသုံးစရိတ် | ပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၀၀၆-၀၇ မှ ၂၀၁၅-၁၆ | ၃၄၉၈၃၆ | ၁၀၀၃၀၆ | ၁၁၄၆၈၁ | ၁၅၈၅၈၀ | ၇၂၃၄၀၃ | ၄၈၆၀ | ၄၈၃၀၅ | ၅၃၁၆၅ | ၇၁၅၅၅၅ | ၅၀၂၁၈ | ၄၆၁၆၃ | ၈၁၁၉၃၆ |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန၊အခွန်တော်ငွေ/အသုံးစရိတ်

ပြည်ထောင်စု



| ကာလ | အခွန်တော်ကျပ်(ထောင်ပေါင်း) | | | | | အသုံးစရိတ်(ကျပ်ထောင်ပေါင်း) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ငွေလုံးငွေရင်း | | | သာမန် | | | |
| | သစ် | ထင်း/ မီးသွေး | ဝါး/ကြိမ် | အခြား | ပေါင်း | အဆောက်အဦ | သစ်တောစိုက်ခင်း | ပေါင်း | ဝန်ထမ်းလစာနှင့် ခရီးစရိတ် | လုပ်အားခများ | အခြားအသုံး စရိတ် | ပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ | ၅၅၂၀၉ | | | ၃၀၆၆၁ | ၈၅၉၇၀ | ၁၄၅ | ၆၁၆၁ | ၆၃၀၆ | ၁၁၃၄ | ၁၀၈၆၇ | ၅၁၇၄ | ၁၇၁၇၅ |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုများအပေါ်သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

လွန်ခဲ့သည့်၁၀နှစ်တာကာလအတွင်းရည်မှန်းချက်များအပေါ်ဆောင်ရွက်နိုင်မှုအခြေအနေမှာ တိုးတက်လာကြောင်းတွေ့ရှိရပါသည်။

### ၅.၂ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ

မြစ်ကြီးနားခရိုင်တွင် ကချင်၊ ရဝမ်၊ လီဆူး၊ လရှီ၊ ချင်းစသည့် လူမျိုးများ နေထိုင်ကြပါသည်။သစ်တောလုပ်ငန်းများဆောင်ရွက်ရာတွင်အခြေအနေအရကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများသို့ဝင်ထွက်ရန် ခက်ခဲခြင်းကြောင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့် ညှိနှိုင်းဆောင်ရွက်၍ သစ်တောလုပ်ငန်းများလုပ်ဆောင်ကြပါသည်။ ဒေသကုန်ဈေးနှုန်းကြီးမားမှုကြောင့် လုပ်သားရရှိမှု ခက်ခဲပါသည်။

### ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

သစ်တောအုပ်ချုပ်လုပ်ကိုင်ရာတွင် နယ်မြေမတည်ငြိမ်ခြင်း ဒေသခံတိုင်းရင်းသားများသည် အခြေခံဗဟုသုတနည်းပါးခြင်းတို့ကြောင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းချက်များ ရှိခဲ့ပါသည်။

### ၅.၄ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီမံခန့်ခွဲမှု

လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ခရိုင်အတွင်း ဝန်ထမ်းအင်အား အပြည့်အစုံမရှိခြင်း၊ အဆောက်အဦကောင်းစွာ၊ လုံလောက်စွာမရှိခြင်း၊ ယာဉ်ယန္တရားများပြည့်စုံစွာမရှိခြင်း၊ စက်ကိရိယာများလုံလောက်စွာမရှိခြင်း၊သစ်တောဥပဒေမူဝါဒများအားခရိုင်အတွင်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲဖြန့်ချိနိုင်ရေး အားနည်းချက်များ ရှိကြောင်း တွေ့ရှိရပါသည်။

### ၅.၅ ပြင်ပအကြောင်းရပ်များအကျိုးသက်ရောက်မှု

ဘာသာစကား အခက်အခဲကြောင့်လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲရှိကြောင်းလေ့လာသုံးသပ်ပါသည်။

### ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

ဒေသခံလူထု၏ အဓိကလိုအပ်ချက်များမှာ သစ်တောများအပေါ်မှီခိုနေရရာ လူမှုရေး၊ စီးပွားရေးလိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန်အခက်အခဲရှိပါသည်။

### ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ်

လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ရရှိသည့် အခွန်တော်ငွေနှင့် အသုံးစရိတ်များမှာ ၂၀၀၇ခုနှစ် မှစ၍ ၂၀၁၀ ခုနှစ်အထိ အခွန်တော်ရရှိမှုများပြားပြီး အသုံးစရိတ်နည်းပါးခဲ့သော်လည်း ၂၀၁၂ ခုနှစ် နောက်ပိုင်း မှစ၍ အခွန်တော်ရငွေထက် အသုံးစရိတ်သုံးစွဲမှုများပြားခဲ့ပါသည်။

### ၅.၈ လုပ်ငန်းများဆိုင်ရာအခက်အခဲအတားအဆီးများ

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်သည် နယ်မြေလုံခြုံအေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ကုန်ဈေးနှုန်း ကြီးမြင့်ခြင်း၊ ကျောက်စိမ်းတွင်းနှင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများရှိပြီး ၎င်းမှော်များသို့အလုပ်ကြမ်းသမားများသွားရောက်လုပ်ကိုင်ခြင်းကြောင့် သစ်တောလုပ်ငန်းများအတွက် လုပ်သားရှားပါးပြီး လုပ်ခဈေးကြီးမြင့်ခြင်း၊ မြစ်ကြီးနား-ဝိုင်းမော်-ချီဖွေ-ဆော့လော်၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း၊ မြစ်ကြီးနား-ဖားကန့်၊ မြစ်ကြီးနား-တနိုင်းကားလမ်းများရှိသော်လည်းကားခဈေးကြီးခြင်းစသည့် အခက်အခဲများရှိနေသောကြောင့် နိုင်ငံတော် အစိုးရကချမှတ်ထားသည့် လုပ်အားခငွေများနှင့် လုပ်ငန်းဆိုင်ရာလုပ်ကိုင် ဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးများ ရှိနေသောကြောင့် နိုင်ငံတော်အစိုးရကချမှတ်သည့် လုပ်အားခငွေများနှင့် လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရာတွင် အခက်အခဲ အတားအဆီးများ ဖြစ်ပေါ်နေပါသည်။

### ၅.၉ အထွေထွေ

သစ်ပင်ပွဲတော် သစ်ပင်ဖြန့်ဝေမှုမှာ မြစ်ကြီးနားခရိုင်တွင် တပ်မတော်၊ တပ်ရင်း တပ်ဖွဲ့ အဆောက်အဦသစ်များ၊ စာသင် ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းတို့မှ လာရောက် တောင်းခံပြီး စိုက်ပျိုး ကြပါသည်။ ကမ်းနားမြို့ပတ်လမ်း လမ်းဘေးဝဲယာတွင်လည်းကောင်း၊ သစ်ပင်များကို သစ်တောဦးစီး ဌာန ဝန်ထမ်းများမှ စိုက်ပျိုးပြုစုလျက်ရှိပါသည်။

## ၆။ နိဂုံး

မြစ်ကြီးနားခရိုင်အတွင်း နယ်မြေလုံခြုံရေးမတည်ငြိမ်မှုကြောင့် သစ်တောလုပ်ငန်းများ/ သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းများအား အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မတည်ငြိမ်မှုအား အခွင့်ကောင်းယူ၍ တဖက်နိုင်ငံသို့ တရားမဝင် သစ်တောထွက်ပစ္စည်းများ ထွက်ရှိမှုများလည်း တွေ့ရှိရရာ စီမံကိန်းကာလအတွင်း အထူးသတိပြုရန်လိုအပ်မည် ဖြစ်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

၇။ **သစ်တောမူဝါဒ**

- ၁၉၉၂ ခုနှစ် သစ်တောဥပဒေ (၁၀)ခ အရ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နှင့်စပ်လျဉ်းသည့် စီမံကိန်းများကိုရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံတင်ပြရမည်ဟု ဖော်ပြ ထားပါသည်။
- ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထားကြေငြာချက် အခန်း ၃-၆ အရ သစ်တော ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျလမ်းညွှန်ချက်များနှင့်ရည်မှန်းချက်များ ချမှတ်ပေးနိုင်မည့် ၁၀ နှစ် စီမံကိန်းတစ်ရပ်ကိုရေးဆွဲသွားရန် မူဝါဒလုပ်ငန်းတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။
- ထို့အပြင် ၁၉၉၅ ခုနှစ် အမျိုးသား သစ်တောရေးရာဆောင်ရွက်မှုစီမံချက် သစ်တော အုပ်ချုပ် လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မည့် နယ်မြေတစ်ခု စီအတွက် ဘက်စုံအသုံးချအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းများကို ရေးဆွဲရန် အကြံပြု ထားပါသည်။
- စနစ်တကျရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ မရှိဘဲ သစ်တော များကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထို့အပြင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်း ဒေသသစ်အဖွဲ့(International Tropical Timber Organization- ITTO) ကသတ်မှတ် ထားသော သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ် လုပ်ကိုင် ခြင်း (Sustainable Forest Management- SFM)၏ စံချိန်စံညွှန်း (Indicator) တစ်ခုလည်း ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထား ကြေညာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့်အချက်(၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်ရေးဆွဲခြင်းဖြစ်ပါသည်။

(က) **ကာကွယ်ခြင်း။** ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပန်းကျင်ကို ကာကွယ်ရပါမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း။** လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်မည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့ နိုင်စေ ရေးအတွက် ထိန်းသိမ်းရပါမည်။

(ဂ) **အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။** ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အဦ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစ ရှိသည့် အခြေခံစားဝတ် နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း။** သစ်တောသယံဇာတများမှရရှိနိုင်မည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဂေဟစနစ်ကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန်စီမံရပါမည်။

(င) **ပြည်သူတို့ကပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း။** သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားကြရပါမည်။

(စ) **ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း။** နိုင်ငံတော်၏ လူမှု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် သစ်တောများ၏ အခိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်းနိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များနှင့်ရည်ရွယ်ချက်များ

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှုဦးတည်ချက်များ(၁၀ နှစ်တာကာလအတွက်)

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများဖူလုံစေရန်နှင့်ဝင်ငွေရရှိစေရန်။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းများရေးဆွဲ၍ သစ်တောများကိုစနစ်တကျအုပ်ချုပ် ပြုစုထိန်းသိမ်းခြင်းဖြင့် သစ်တော သယံဇာတများကို အကျိုးရှိရာအသုံးချလာနိုင်ပြီး သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပါသည်။

#### ၈.၁.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျအုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်အကျိုးစီးပွား ခံစားနိုင်စေရန်။

### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့်ဂေဟစနစ်မျှတရေးကိုဆောင်ရွက်သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

### ၈.၂.၁ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးမှု

နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိစိတ် ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်အတွက် လူမှုစီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန်ရရှိ ခံစားနိုင်ရေး၊ ဂေဟစနစ်များ မျှမျှတတနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောများ ပြန်လည် စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်ညီ တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့်ကြိုးပြင် ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကိုဆောင်ရွက်သွားရန်။ နိုင်ငံတော်ဧရိယာ၏ စုစုပေါင်း၃၀%ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း၊သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်ဧရိယာ စုစုပေါင်း ၅% ကိုလည်းကောင်း၊ ရေရှည်တွင် ၁၀% အထိလည်းကောင်း ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၈.၂.၃ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

သစ်တောများမှ လိုအပ်သောသစ် ကုန်ကြမ်းပမာဏနှင့် အမှန်တကယ်ထုတ်လုပ်ပေးနိုင်သည့် အခြေအနေအပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်မည်ဖြစ်ပါသည်။

#### ၈.၂.၃.၁ သစ်နှင့်သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု

သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုအား ၂၀၁၅-၁၆ ခုနှစ် ထုတ်လုပ်မှုအတိုင်း ဆက်လက်ထုတ်လုပ်သွားပါမည်။

### ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

အထူးတင်ပြရန်မရှိပါ။

### ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့်ကုန်သွယ်မှု

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဖိုးမြှင့်ပစ္စည်းများတင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံတကာသစ်ဈေးသို့ ဝင်ရောက်ကုန်သွယ်မှုပြုရန်ရည်ရွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများ ကာကွယ်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင် ခြင်းဖြင့်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးတုံးမည့်အန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန် အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း များရေးဆွဲ၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုတင်ပြသည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို မြစ်ကြီးနားခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ် အုပ်ချုပ်လုပ်ကိုင်သွားရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ စီမံကိန်းသက်တမ်းကာလမှာ (၁၀)နှစ်(၂၀၁၆-၁၇ခုနှစ် မှ ၂၀၂၅-၂၆ ခုနှစ် အထိ) ဖြစ်ပြီး၊ စီမံကိန်းစတင်ပြီး(၅)နှစ် (၂၀၂၀-၂၁) ခုနှစ်အကြာတွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုပြန်လည် သုံးသပ်ပြီးပြင်ဆင်ရေးဆွဲ သွားမည်ဖြစ်ပါသည်။ မြစ်ကြီးနားခရိုင်အတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့် သစ်တောထွက် ပစ္စည်းထွက်ရှိမှု အလားအလာ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်၊ ဒေသခံတို့၏သစ်နှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့် ရေမြေထိန်းသိမ်းမှုလိုအပ်ချက် စသည့် အချက်အလက်များကိုအခြေခံ၍ အလုပ်တိုက်နယ်များ တည်ထောင်ပြီးစနစ်တကျစီမံ အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

စီမံကိန်းကာလအတွက် ဖွဲ့စည်းထားသည့် အလုပ်တိုက်နယ်များအား အောက်ပါအတိုင်း ဇယားဖြင့် ဖော်ပြအပ်ပါသည်-

နောက်ဆက်တွဲ(ခ)-အဆက်

# မြစ်ကြီးနားခရိုင် အလုပ်တိုက်နယ်အလိုက် ဧရိယာခွဲဝေသတ်မှတ်ခြင်း ဇယား

| တည်နေရာ | ထုတ်လုပ်ရေး အလုပ် တိုက်နယ် | စိုက်ခင်းများ အလုပ် တိုက်နယ် | ဒေသထောက်ပံ့ရေး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ် | ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ် | သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများ အလုပ်တိုက်နယ် | သဘာဝ ထိန်းသိမ်းရေး နယ်မြေများ | အလုပ်တိုက် နယ်တွင် မပါဝင်သော ဧရိယာများ | စုစုပေါင်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ကြိုးဝိုင်း | ၈၈၆၂၄ | ၁၃၆၁ | ၁၃၄၉၈၇ | ၁၆၀၀ | ၂၈၄၅၂ | | | ၂၅၅၀၂၄ | |
| ကြိုးပြင်ကာကွယ်တော | | ၄၁၄၈ | ၅၈၂၁၅ | ၄၈၉၉၀ | ၁၅၇၈၇၈ | | ၉၉ | ၂၆၉၃၃၀ | |
| ဘေးမဲ့တော | | | | | | ၂၁၃၆၄၀၅ | | ၂၁၃၆၄၀၅ | |
| သစ်တောနယ်မြေပေါင်း | ၈၈၆၂၄ | ၅၅၀၉ | ၁၉၃၂၀၂ | ၅၀၅၉၀ | ၁၈၆၃၃၀ | ၂၁၃၆၄၀၅ | ၉၉ | ၂၆၆၀၇၅၉ | |
| အဆိုပြုကြိုးပြင်ကာကွယ်တော | - | | | | | | | | |
| ကြိုးပြင်တော | | ၆၀၀ | ၃၆၀ | ၅၀ | | ၄၆၀၄၈၅ | | ၄၆၁၄၉၅ | |
| စုစုပေါင်း | ၈၈၆၂၄ | ၆၁၀၉ | ၁၉၃၅၆၂ | ၅၀၆၄၀ | ၁၈၆၃၃၀ | ၂၅၉၆၈၉၀ | ၉၉ | ၃၁၂၂၂၅၄ | |

## ၉.၁ သစ်ထုတ်လုပ်ရေးသဘာဝတောများ

### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) ရောင်းတန်းဝင်သစ်များ ထာဝစဉ် စဉ်ဆက်မပြတ်ထုတ်လုပ်ရေး၊

(၂) ပါဝင်ပင်များအမျိုးအစားညီညွတ်၍သဘာဝတောများ၏တန်ဘိုးကိုထိန်းသိမ်းရေး၊

(၃) သဘာဝတောများ၏ဂေဟစနစ်မျှတရေးနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး။

### ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ထာဝစဉ် ညီတောထွက်ရရှိရေး ရည်မှန်းချက်အပေါ် အခြေခံလျှက် မြစ်ကြီးနားခရိုင် အတွင်းရှိသစ်ထုတ်လုပ်ရေး သဘာဝတောများကို ထုတ်လုပ်ရေးအလုပ်တိုက်နယ် တစ်ခု စနစ်တကျဖွဲ့စည်းအုပ်ချုပ်သွားမည်ဖြစ်ပါသည်။သစ်ပင်ပေါက်ရောက်မှု အခြေအနေအရ သင့်တော်သောသစ်တောစိုက်ပျိုးခြင်းစနစ်များဖြစ်သည့်ပဂတ္တိနှင့်ဓမ္မတာမျိုးဆက်ခြင်း၊ အုပ်မိုးကာ ဆိုင်းခုတ်လှဲခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ နွယ်ဖြတ်ညှောင်ပတ်ခုတ်လှဲခြင်းနှင့် ထိန်းချုပ်မီးရှို့ခြင်းများချမှတ်ကျင့်သုံးသွားရန် ဖြစ်ပါသည်။ သစ်တောများ၏ မူလဂေဟ စနစ် မပျက်ရေးကို ဦးတည်လျှက် သစ်မထုတ် မီနှင့် သစ်ထုတ်ပြီး သစ်တောများ၏ သယံဇာတစာရင်းများကို အခြေခံလျှက် လေ့လာ ဆန်းစစ် ၍ အုပ်ချုပ်လုပ်ကိုင်သွား ရမည် ဖြစ်ပါသည်။

#### ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ်

ဤအလုပ်တိုက်နယ်ကို သစ်ထုတ်လုပ်နိုင်သည့်ကြိုးဝိုင်း (၄)ခု ဖြင့်ဖွဲ့စည်းထားပြီး ဧရိယာ(၈၈၆၂၄)ဧကရှိပါသည်။

##### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့်ခုတ်စဉ်များဖွဲ့စည်းခြင်း

ထုတ်လုပ်ရေးအလုပ်တိုက်နယ်ကိုဖွဲ့စည်းရာတွင် သွားလာရေးလွယ်ကူမှု၊ နှစ်စဉ်သစ်ထုတ်လုပ်ရာတွင်စီးပွားရေးတွက်ခြေကိုက်မှု၊ သစ်ထွက်ပမာဏ ရရှိနိုင်မှု၊ သစ်တောအမျိုးအစား တူညီမှုစသည့်အချက်များ အပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ထုတ်လုပ်ရေးအလုပ်တိုက်နယ်တွင်ခုတ်စဉ်တစ်ခုဖွဲ့စည်း၍ အုပ်ချုပ်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ခုတ်စဉ်ကိုခုတ်ပတ်အဖြစ် (၃၀)နှစ် သတ်မှတ်ပြီးဧရိယာအကြမ်းဖျင်းတူညီသည့်နှစ်စဉ်ခုတ်ကွက်(၃၀)ကွက် ခွဲခြား ပြီး ပင်ရေနှင့် ပြန်လည်စစ်ဆေးသည့်စနစ် (Equal area with tree numbers check)ကိုအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။အလုပ်တိုက်နယ်အတွင်းရှိ ခုတ်စဉ်၏ ဧရိယာဧက၊ ထုတ်လုပ်ခွင့်ပြု သည့် အရွယ်အစားကို ဇယား (၉.၁.၂.၁.၁.၄)တွင်ဖော်ပြပါသည်။

ဇယား(၉.၁.၂.၁.၁)

| ခုတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| I | နန့်ခိုကြိုးဝိုင်း<br>နန့်စွန်တီးကြိုးဝိုင်း<br>တောင်ပလောင်ကြိုးဝိုင်း<br>ဥယာဟာသကြိုးဝိုင်း | | ၃၂၃၅၆<br>၂၃၆၂၀<br>၂၃၀၁၉<br>၉၆၂၉ | |
| | **ခုတ်စဉ်(I )ပေါင်း** | | **၈၈၆၂၄** | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## ၉.၁.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ကျွန်းနှင့်သစ်မာတို့၏ ပေါက်ရောက်မှုအခြေအနေများအား ဇယား (၉.၁.၂.၁.၁.၁)က၊ခ ပင်ထောင်ဇယား/ ထုထည်ဇယားတွင်လည်းကောင်း၊ အသေးစိပ်ကို အတွဲ(၂) နောက်ဆက်တွဲ(ဂ)(ဃ) တွင်လည်းကောင်း ဖော်ပြထားပါ သည်။

## ထုတ်လုပ်ရေးအလုပ်တိုက်နယ်

**၁။ ခုတ်ပတ်** ၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆

**၂။ အလုပ်တိုက်နယ်** ထုတ်လုပ်ရေးအလုပ်တိုက်နယ်

**၃။ ခုတ်စဉ်** I

**၄။ ဧရိယာစုစုပေါင်း** ၈၈၆၂၄ ဧက

### ပင်ထောင်ဇယား(ပင်ရေ)

**ဇယား(၉.၁.၂.၁.၁.၁)က**

| သစ်မျိုး/ အုပ်စု | ရင်စို့လုံးပတ် အတန်းအစား | | | | | | | | | | ပါဝင်မှုရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'နှင့် အထက် | ပေါင်း | |
| ကျွန်း | ၄၁၂၉၂ | ၁၉၁၆၅ | ၁၃၇၉ | ၇၉၄၂ | ၀ | ၀ | ၀ | ၀ | ၀ | ၆၉၇၇၈ | ၁၇.၃၆ |
| အုပ်စု(၁) | ၈၃၄၆ | ၁၉၂၄ | ၁၂၀၄ | ၁၅၁၅ | ၃၄၃ | ၀ | ၀ | ၀ | ၂၃၄၆ | ၁၅၆၇၈ | ၃.၉၀ |
| အုပ်စု(၂) | ၃၄၇၅၄ | ၁၆၉၆၀ | ၃၄၃၆ | ၅၀၀၁ | ၁၃၃၄ | ၂၇၂၂ | ၀ | ၃၅၅၁ | ၂၃၇၇ | ၇၀၁၃၅ | ၁၇.၄၅ |
| အုပ်စု(၃) | ၁၃၆၄၃ | ၆၈၇၁ | ၁၅၅၈ | ၄၂၁၆ | ၆၈၇ | ၁၇၇၆ | ၉၆ | ၉၇ | ၂၄၄၀ | ၃၁၃၈၄ | ၇.၈၁ |
| အုပ်စု(၄) | ၄၄၁၅ | ၂၃၆၅ | ၅၆၁ | ၁၉၅၈ | ၄၆၀ | ၃၃၂၈ | ၂၉၉ | ၁၉၅ | ၄၂၀ | ၁၄၀၀၁ | ၃.၄၈ |
| အုပ်စု(၅) | ၁၁၈၁၁၂ | ၃၉၀၆၄ | ၉၆၃၁ | ၆၇၇၇ | ၄၅၄၀ | ၄၉၄၇ | ၂၈၄၈ | ၂၇၈၅ | ၁၂၁၅၈ | ၂၀၀၈၆၂ | ၄၉.၉၉ |
| **စုစုပေါင်း** | **၂၂၀၅၆၂** | **၈၆၃၄၉** | **၁၇၇၆၉** | **၂၇၄၀၉** | **၇၃၆၄** | **၁၂၇၇၃** | **၃၂၄၃** | **၆၆၂၈** | **၁၉၇၄၁** | **၄၀၁၈၃၈** | |

ဇစ်မြစ်- ၂၀၁၀-၁၁ခုနှစ်One Shot Inventory

## ထုထည်ဇယား(ကုဗတန်)

ဇယား(၉.၁.၂.၁.၁.၁)ခ

| သစ်မျိုး/ အုပ်စု | ရင်စို့လုံးပတ် အတန်းအစား | | | | | | | | | | ပါဝင်မှု ရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၂'၀" မှ ၄'၅" | ၄'၆" မှ ၄'၁၁" | ၅'၀" မှ ၅'၅" | ၅'၆" မှ ၅'၁၁" | ၆'၀" မှ ၆'၅" | ၆'၆" မှ ၆'၁၁" | ၇'၀" မှ ၇'၅" | ၇'၆" မှ ၇'၁၁" | ၈'နှင့် အထက် | ပေါင်း | |
| ကျွန်း | ၁၃၃၃၂ | ၁၇၀၅၅ | ၁၅၉၉ | ၁၁၁၀၃ | ၀ | ၀ | ၀ | ၀ | ၀ | ၄၃၀၈၉ | ၁၂.၄၆ |
| အုပ်စု(၁) | ၂၆၈၅ | ၁၂၀၉ | ၁၁၉၃ | ၁၈၃၂ | ၅၃၅ | ၀ | ၀ | ၀ | ၇၂၈၅ | ၁၄၇၃၉ | ၄.၂၆ |
| အုပ်စု(၂) | ၁၂၇၀၈ | ၁၂၅၆၅ | ၄၁၀၇ | ၇၅၄၀ | ၂၅၁၁ | ၄၉၇၇ | ၀ | ၁၀၇၁၄ | ၁၁၅၀၆ | ၆၆၆၂၈ | ၁၉.၂၆ |
| အုပ်စု(၃) | ၃၉၄၆ | ၄၈၂၄ | ၁၅၉၅ | ၅၂၈၄ | ၁၀၅၃ | ၃၄၇၁ | ၂၄၀ | ၂၉၃ | ၁၂၆၁၂ | ၃၃၃၁၈ | ၉.၆၃ |
| အုပ်စု(၄) | ၁၅၃၅ | ၁၆၉၇ | ၆၁၈ | ၂၇၀၀ | ၈၇၆ | ၆၉၉၁ | ၈၁၂ | ၆၂၈ | ၁၉၅၇ | ၁၇၈၁၄ | ၅.၁၅ |
| အုပ်စု(၅) | ၂၈၀၈၁ | ၂၇၃၇၃ | ၉၂၂၃ | ၇၇၇၁ | ၇၄၀၃ | ၈၆၈၆ | ၇၂၂၅ | ၅၈၂၁ | ၆၈၇၂၃ | ၁၇၀၃၀၆ | ၄၉.၂၄ |
| **စုစုပေါင်း** | **၆၂၂၈၇** | **၆၄၇၂၃** | **၁၈၃၃၅** | **၃၆၂၃၀** | **၁၂၃၇၈** | **၂၄၁၂၅** | **၈၂၇၇** | **၁၇၄၅၆** | **၁၀၂၀၈၃** | **၃၄၅၈၉၄** | |

ဇစ်မြစ်- ၂၀၁၀-၁၁ခုနှစ်One Shot Inventory

### ၉.၁.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

ခရိုင်အတွင်းရှိ သဘာဝတောများကို မြန်မာ့ရွေးချယ် ခုတ်လှဲနည်း စနစ်ဖြင့် ဆက်လက်ကျင့်သုံးအုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ကျွန်းနှင့်ရောင်းတန်းဝင်သစ်မာမျိုးများ၏ ကြီးထွားမှုနှင့် ရှင်သန်ပေါက်ရောက်မှု ပိုမိုကောင်းမွန်ရန်၊ မျိုးဆက်ပင်များကိုပိုမိုတိုးပွားရန်နှင့်ထုတ်ယူသုံးစွဲနိုင်သည့်အပင်များ၏ အရေအတွက်ပိုမိုများပြားလာစေရန် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သဘာဝတောများမှ သစ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် ကန့်သတ်လုံးပတ်အတန်းအစား ပြည့်မီသည့် အပင်များကိုသာ ကျွန်းသင်းသတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း လုပ်ငန်းများကို ညွှန်ကြားချက်များနှင့်အညီ တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နှစ်စဉ်ခုတ်ကွက်များအတွင်း ကျွန်းနှင့်သစ်မာ ထုတ်ယူခြင်းကို တစ်ပြိုင်နက်တည်းဆောင်ရွက်ခြင်းအားဖြင့် သစ်တောများအပေါ် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေပါသည်။ မြန်မာ့ရွေးချယ် ခုတ်လှဲခြင်းစနစ်သည် ကန့်သတ်လုံးပတ်အတန်းအစား ပြည့်မီသည့်အပင်များကိုသာ ရွေးချယ်ထုတ်ယူသုံးစွဲသည့် နည်းစနစ်ဖြစ်သဖြင့် သဘာဝဝန်းကျင် ပျက်စီးမှုနည်းပါးသည့် ထုတ်ယူခြင်းစနစ်(ReduceImpact Logging System)တစ်ခုလည်းဖြစ်သည်။

အနားပေးဧရိယာများတွင် ဓမ္မတာမျိုးဆက်ခြင်း ၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်းနှင့်

အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။အတွဲ(၂) နောက်ဆက်တွဲ(၄)(၃) ဖြင့်ဖော်ပြအပ်ပါသည်။

### ၉.၁.၂.၁.၁.၃ ခုတ်ပတ်

ခုတ်စဉ်တစ်ခုပြီးမြောက်သည်အထိ ဆောင်ရွက်မည့် အချိန်ကာလ ဖြစ်သော ခုတ်ပတ်ကို နှစ်ပေါင်း ၃၀ နှစ် သတ်မှတ်ပါသည်။

### ၉.၁.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

သစ်မျိုးအလိုက်ခွင့်ပြုသည့်အရွယ်အစား၊ ရင်စို့လုံးပတ်(Girth Limit) များနှင့် ကျွန်းအတွက်တောထွက်လုံးပတ် (Yield Girth) ကိုပါခုတ်စဉ်အလိုက် ဇယား(၉.၁.၂.၁.၁.၄)တွင် ဖော်ပြထားပါသည်။

**ခုတ်စဉ်အလိုက်၊ သစ်မျိုးအလိုက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားစာရင်း**

ဇယား(၉.၁.၂.၁.၁.၄)

| ခုတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | ထုတ်လုပ်ခွင့်ပြုသည့်အရွယ် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | သစ်မျိုး | လုံးပတ် | |
| I | နန့်ခိုကြိုးဝိုင်း<br>နန့်စွန်တီးကြိုးဝိုင်း<br>တောင်ပလောင်ကြိုးဝိုင်း<br>ဥယာဟာသကြိုးဝိုင်း | | ၃၂၃၅၆<br>၂၃၆၂၀<br>၂၃၀၁၉<br>၉၆၂၉ | ကျွန်း၊<br>သစ်ယာ/အင်ကြင်း<br>အင်/ကညင်<br>မီးခြစ်သစ်/အခြားသစ် | ၆' ၆"<br>၆' ၀"<br>၆' ၆"<br>၆' ၀" | |
| | **ခုတ်စဉ်(I )ပေါင်း** | | **၈၈၆၂၄** | | | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၉.၁.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

စီမံကိန်းကာလအတွင်း နှစ်စဉ်ထုတ်လုပ်သုံးစွဲနိုင်မည့်တောထွက်(AAC)ကို ၂၀၁၀ ခုနှစ်အတွင်း One Shot Inventory သစ်တော သယံဇာတ စာရင်းကောက်ခြင်းကိန်းဂဏန်းများမှ အခြေခံ၍ တွက်ချက်ထားပါသည်။

နှစ်စဉ်တောထွက် တွက်ချက်ရာတွင် အောက်ပါ ပုံသေနည်းကို အသုံးပြုပါသည်။

$$\text{နှစ်စဉ်တောထွက်} = \frac{(\text{လုံးပတ်အတန်းအစား II} + ၂\text{x}\text{လုံးပတ်အတန်းအစား I})}{၆၀}$$

မြစ်ကြီးနားခရိုင်အတွင်း ကျွန်းရင်စို့လုံးပတ် ၆' ၆" နှင့်သစ်မာရင်စို့ လုံးပတ် ၆' ၆" နှင့် အထက်အပင်များအား အတန်းအစား I အဖြစ် လည်းကောင်း၊ ၅'

၆" မှ ၆' ၅" အထိအပင်များအား အတန်းအစား II အဖြစ် လည်းကောင်း တွက်ချက်ထားပါသည်။

အတန်းအစား I ၏ ရှင်သန်မှုရာခိုင်နှုန်း = ၉၅ %

အတန်းအစား II ၏ ရှင်သန်မှုရာခိုင်နှုန်း = ၉၀%

မြစ်ကြီးနားခရိုင်အတွင်းရှိ ခုတ်စဉ်အလိုက် ကျွန်းနှင့် သစ်မာနှစ်စဉ် တောထွက် ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဇယား(၉.၁.၂.၁.၁.၅)

(ပင်)

| စဉ် | ခုတ်စဉ် | ကျွန်း | သစ်မာ အုပ်စု | | | | | |
|---|---|---|---|---|---|---|---|---|
| | | | (၁) | (၂) | (၃) | (၄) | (၅) | ပေါင်း |
| ၁ | ခုတ်စဉ်(၁) | ၁၆၀ | ၃၆၀ | ၁၀၁၀ | ၆၂၀ | ၃၈၀ | ၃၀၉၀ | **၅၄၆၀** |

ထုတ်လုပ်ရေးအလုပ်တိုက်နယ်အတွင်း သစ်မာအုပ်စု (၁)(၃)နှင့် (၄)တို့မှာ ရှိသင့်သည့် ပါဝင်ပင်ရာခိုင်နှုန်းထက် လျော့နည်းနေသဖြင့် အနားပေး၍ တောကိုပြုစုထိန်းသိမ်းသင့်ပါသည်။

### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

နှစ်စဉ်တောထွက်ကိုပိုမိုတိကျစွာ ခန့်မှန်းနိုင်ရေးအတွက် သစ်ထုတ်လုပ်မည့် နှစ်စဉ်ခုတ်ကွက်များတွင် သစ်မထုတ်မီသစ်တောသယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်းကို တစ်နှစ်သို့မဟုတ် နှစ်နှစ် ကြိုတင်၍ အောက်ပါအတိုင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်။ သယံဇာတ စာရင်းကောက်ရာတွင် ဧရိယာ၏ ၁၀% အနည်းဆုံး ရရှိရန်လိုအပ်ပါသည်။ နှစ်စဉ် ခုတ်ကွက်များတွင် ပါဝင်သည့်အကွက်များအား တစ်နှစ်ကြိုတင်၍ စာရင်းကောက်ယူပြီး သယံဇာတစာရင်းကောက်ယူရန် စီမံချက်များ ရေးဆွဲ အကောင် အထည်ဖော်မည်ဖြစ်ပါသည်။

သယံဇာတစာရင်း ကောက်ယူရာတွင် ကျွန်းနှင့်သစ်မာအားလုံး လုံးပတ် ၂'၀"- ၅'၅" ၊ ၅'၆"-၆'၅" ၊ ၆'၆" - ၇'၅"၊ ၇'၆"နှင့်အထက် လုံးပတ်အတန်း အစား ၄ မျိုးခွဲခြားပြီး ပါဝင်ပင်များ အားလုံးတိုင်းတာမှတ်သားရန်။

နှစ်စဉ်ခုတ်ကွက်များတွင် ဓမ္မတာမျိုးဆက်မှုအခြေအနေ၊ သေကြေ ပျက်စီး မှုတို့အား စာရင်းပြုစုရန်၊ ထို့အပြင်အကွက်နယ်နိမိတ်၊ ကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက် မည်ဖြစ်ပါသည်။

### ၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း

နှစ်စဉ်ခုတ်ကွက်များတွင်သစ်ထုတ်ပြီးနောက်ကျန်ရှိသည့်တော၏အခြေ အနေကိုသိရှိရန် အထက်ပါအတိုင်းစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ပါမည်။ရရှိသောစာရင်းများအရသစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းဖြစ်သောဓမ္မတာမျိုးဆက်ခြင်း၊အလင်းဖွင့်ခြင်း၊ အုပ်မိုးကာဆိုင်းခုတ် လှဲခြင်းစသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ် ပါသည်။

### ၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ

ထုတ်လုပ်ရေးအလုပ်တိုက်နယ်များဖွဲ့စည်းရာတွင် သစ်တောဖုံးလွှမ်းလျှက်ရှိသောအစိုးရမြေ (ကြိုးပြင်တော)များ ပါဝင်သဖြင့် ကြိုးပြင် ကာကွယ်တော အဖြစ် အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထုတ်လုပ်ရေး အလုပ်တိုက်နယ်များအတွင်း အောက်ဖော်ပြပါ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) ကျွန်းသင်းသတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၈၉ မှ ၉၁ အထိ ၄င်း၊ ၁၄၀ မှ ၁၆၀ အထိ လည်းကောင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျွန်းသင်းသတ်ခြင်းအစီအစဉ်ကို အတွဲ(၂) နောက်ဆက်တွဲ(င)အရ လည်းကောင်း၊ ကျွန်းသင်းသတ်ခြင်း မှတ်တမ်းကို နောက်ဆက်တွဲ(ဇ)အရ လည်းကောင်း ဆောင် ရွက်ရန်ဖြစ်ပါသည်။

(ခ) သစ်မာပင်ထောင် ရိုက်မှတ်ခြင်းများ ဆောင်ရွက်ရာတွင် ဌာန ဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၁၆၁ အရ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းအစီအစဉ်များကိုအတွဲ(၂) နောက်ဆက်တွဲ(ဆ)အရလည်းကောင်း၊ သစ်မာထုတ်လုပ်ခြင်း မှတ်တမ်းကို နောက်ဆက်တွဲ (ဈ) အရလည်းကောင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ဂ) အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် ၁၀၆ မှ ၁၁၅ အထိ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါ သည်။

(ဃ) ကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် ၄၂ မှ ၆၁ အထိ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

(င) သစ်ထုတ်လုပ်ငန်း ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီးနောက် ကျွန်းနှင့် သစ်မာပင်များလှဲခြင်းနှင့် ဖြတ်ပိုင်းပေးခြင်း လုပ်ငန်း များစစ်ဆေးရန်အတွက် ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ် ၂၁၅ မှ ၂၁၈ အထိ နောက်ဆက်တွဲ (XXXIII)အရ လိုက်နာဆောင်ရွက် မည်ဖြစ်ပါသည်။

(စ) ခမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျွန်းနှင့်အခြား အဖိုးတန်သစ်မျိုးများ ခမ္မတာနည်းဖြင့် မျိုးဆက်သည့် ဧရိယာများကို ခုတ်လှဲမျိုးဆက်ခြင်း စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(ဆ) စီမံကိန်း ၁၀နှစ်တာကာလအတွင်း သစ်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်သစ်ထုတ်ခွင့်ပြုသည့် အချိန်ကာလငုတ်တက်စီမံချက်များ၊ သဘာဝဂေဟ်ကျင် ပျက်စီးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကိုရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ကချင်ပြည်နယ်၊မြစ်ကြီးနားခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့်စိုက်ပျိုးတည်ထောင်လျက်ရှိပါသည်

(၁) ပြည်တွင်းပြည်ပသစ်နှင့် သစ်တောထွက်ပစ္စည်းများ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များမျှတမှုကို ပြန်လည်ရရှိစေရန်နှင့် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့် ကိုက်ညီသည့် ဘက်စုံသုံးအဖိုးတန် သစ်မျိုးများ စိုက်ပျိုးရန်၊

(၂)၁၉၉၅ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒအရ နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးရှိရှိအသုံးချသွားနိုင်ရေးအတွက် ထုတ်လုပ်ရေး သစ်တောစိုက်ခင်းများ တည်ထောင်သွားရန်၊

(၃)ထုတ်လုပ်ရေး သစ်တောများကို သင့်လျော်သည့် စိုက်ပျိုးပြုစုနည်းများ အသုံးပြု၍ တည်ထောင်သွားရန်။

## ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

မြစ်ကြီးနားခရိုင်အတွင်းတည်ထောင်ပြီးဖြစ်သော ထုတ်လုပ်ရေးသစ်တော စိုက်ခင်းများ နှင့် နောင်တည်ထောင်မည့် ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများအား အလုပ်တိုက်နယ် နှင့် စိုက်ကွက်စဉ်များအဖြစ်ဖွဲ့စည်း၍ စနစ်တကျ ထိန်းသိမ်းအုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ စိုက်ခင်းများအား တောပျက်များ(Degraded Forests)နှင့် ဓမ္မတာမျိုး ဆက်ခြင်း(Natural Regeneration) ဖြင့်မျိုးဆက်ရန် မလုံလောက်သည့် တောများတွင် တည်ထောင်ရန် ရည်ရွယ်ပါသည်။ စိုက်ခင်းဒေသမှန်ကန်စွာရွေးချယ်ခြင်း၊ ဒေသနှင့် သစ်မျိုး ကိုက်ညီမှု၊ သင့်လျော်သည့် စိုက်ပျိုးပြုစုနည်းစနစ်နှင့် သက်ပတ် ရွေးချယ်ခြင်း၊ ကြားဖြတ်နှင့် အပြီးသတ် တောထွက်တွက်ချက်ခြင်းစသည့် သစ်တော စိုက်ခင်းလုပ်ငန်း များအားဆောင်ရွက်လျက် အောင်မြင်စွာ တည်ထောင်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

### ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ်

ခရိုင်အတွင်းရှိစီးပွားရေးစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများနှင့် တည်ထောင်ရန် လျာထားဧရိယာများအားလုံးစုစည်း၍ စိုက်ခင်းများအလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်း ထားပြီး ဧရိယာ(၆၁၀၉)ဧကရှိပါသည်။

#### ၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့်စိုက်ကွက်စဉ်ဖွဲ့စည်းမှု

စိုက်ခင်းများ အလုပ်တိုက်နယ်တွင် စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ် နှင့် ပုဂ္ဂလိကစိုက်ခင်းများအလုပ်တိုက်နယ် တို့ဖွဲ့စည်းထားပြီး အလုပ်တိုက်နယ် အလိုက် သစ်မျိုးအလိုက်စိုက်ကွက်စဉ် ဖွဲ့စည်းထားရှိမှုအား ဇယား(၉.၂.၂. ၁.၁) က၊ ခ၊ ဂ၊ဃ၊င တို့ဖြင့်ဖော်ပြအပ်ပါသည်။ စီမံကိန်းကာလအတွင်း တည်ထောင် ရန်လျာထားဧရိယာများကို ဇယား(၉.၂.၂.၁.၁)စ ဖြင့်ဖော်ပြ အပ်ပါသည်။

**စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ်**

စိုက်ကွက်စဉ်(I)ကျွန်း　　　　ဇယား(၉.၂.၂. ၁.၁)က

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ ဧက | စိုက်ခင်း တည်နေရာ | ပန္နက်အကွာအဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၁ | ၁၉၉၉ | ၆၃ | ဝါးရှောင်ကြိုးဝိုင်း | ၈.၅'×၈.၅' | |
| | (၁)ပေါင်း | | ၆၃ | | | |
| ၂ | ၂ | ၂၀၀၀<br>၂၀၀၀<br>၂၀၀၀ | ၁၀၀<br>၅၀<br>၅၀ | ဆင်ဘိုကြိုးပြင်<br>ဝါးရှောင်ကြိုးပြင်<br>ချီဖွေအပ | ၈.၅'×၈.၅'<br>။ | |
| | (၂)ပေါင်း | | ၂၀၀ | | | |

စိုက်ကွက်စဉ်(I)ကျွန်း ဇယား(၉.၂.၂. ၁.၁)က

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာဧက | စိုက်ခင်း တည်နေရာ | ပန္နက်အကွာအဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၃ | ၃ | ၂၀၀၁ | ၁၀၀ | ဆင်ဘိုကြိုးပြင် | ၈.၅'×၈.၅' | |
| | (၃)ပေါင်း | | ၁၀၀ | | | |
| ၄ | ၄ | ၂၀၀၂<br>၂၀၀၂<br>၂၀၀၂ | ၁၅၀<br>၅၀<br>၅၀ | ဆင်ဘိုကြိုးပြင်<br>ဆဒုံးအဆိုပြု<br>ချီဖွေအပ | ၈.၅'×၈.၅'<br>။<br>၈.၅'×၈.၅' | |
| | (၄)ပေါင်း | | ၂၅၀ | | | |
| ၅ | ၅ | ၂၀၀၃ | ၁၀၀ | ဆင်ဘိုကြိုးပြင် | ၈.၅'×၈.၅' | |
| | (၅)ပေါင်း | | ၁၀၀ | | | |
| ၆ | ၆ | ၂၀၀၄ | ၁၀၀ | | | |
| | (၆)ပေါင်း | | ၁၀၀ | | | |
| ၇ | ၇ | ၂၀၀၈<br>၂၀၀၈ | ၂၅<br>၂၅ | ဆင်ဘိုကြိုးပြင်<br>ဥယာဟာသကြိုးဝိုင်း | ၉'×၉'<br>။ | |
| | (၇)ပေါင်း | | ၅၀ | | | |
| ၈ | ၈ | ၂၀၀၉<br>၂၀၀၉ | ၇၅<br>၅၀ | ဆင်ဘိုကြိုးပြင်<br>မလော်ကြိုးဝိုင်း | ၉'×၉'<br>။ | |
| | (၈)ပေါင်း | | ၁၂၅ | | | |
| ၉ | ၉ | ၂၀၁၀ | ၇၅ | မလော်ကြိုးဝိုင်း | ၉'×၉' | |
| | (၉)ပေါင်း | | ၇၅ | | | |
| ၁၀ | ၁၀ | ၂၀၁၁ | ၇၅ | ။ | ၉'×၉' | |
| | (၁၀)ပေါင်း | | ၇၅ | | | |
| | စိုက်ကွက်စဉ်(I)ပေါင်း | | ၁၁၃၈ | | | |

## စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ်

စိုက်ကွက်စဉ်(II)ပျဉ်းကတိုး ဇယား(၉.၂.၂. ၁.၁)ခ

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာဧက | စိုက်ခင်းတည်နေရာ | ပန္နက်အကွာအဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၁ | ၁၉၉၆<br>၁၉၉၆ | ၅၀<br>၅၀ | ဝါရှောင်ကြိုးဝိုင်း<br>ချီဖွေအပ | ၈.၅'×၈.၅'<br>၈.၅'×၈.၅' | |
| | (၁)ပေါင်း | | ၁၀၀ | | | |
| ၂ | ၂ | ၁၉၉၉<br>၁၉၉၉ | ၃၇<br>၅၀ | မိုင်းနားကြိုးဝိုင်း<br>တနိုင်းအပ | ၈.၅'×၈.၅'<br>၈.၅'×၈.၅' | |
| | (၂)ပေါင်း | | ၈၇ | | | |
| ၃ | ၃ | ၂၀၀၀<br>၂၀၀၀ | ၃၀<br>၅၀ | တနိုင်းအပ<br>။ | ၁၅'×၁၅'<br>၈.၅'×၈.၅' | |
| | (၃)ပေါင်း | | ၈၀ | | | |

စိုက်ကွက်စဉ်(II)ပျဉ်းကတိုး ဇယား(၉.၂.၂. ၁.၁)ခ

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ ဧက | စိုက်ခင်း တည်နေရာ | ပန္နက်အကွာ အဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၄ | ၄ | ၂၀၀၁ | ၅၀ | တနိုင်းအပ | ၈.၅'×၈.၅' | |
| | | ၂၀၀၁ | ၅၀ | ဝါရှောင်အပ | ။ | |
| | | ၂၀၀၁ | ၅၀ | ချီဖွေအပ | ။ | |
| | (၄)ပေါင်း | | ၁၅၀ | | | |
| ၅ | ၅ | ၂၀၀၃ | ၅၀ | တနိုင်းအပ | ၈.၅'×၈.၅' | |
| | | ၂၀၀၃ | ၅၀ | ဆဒုံးအဆိုပြု | ။ | |
| | | ၂၀၀၃ | ၅၀ | ချီဖွေအပ | ။ | |
| | (၅)ပေါင်း | | ၁၅၀ | | | |
| ၆ | ၆ | ၂၀၀၄ | ၅၀ | တနိုင်းအပ | ၈.၅'×၈.၅' | |
| | | ၂၀၀၄ | ၁၀၀ | မံဝိန်းအပ | ၈.၅'×၈.၅' | |
| | (၆)ပေါင်း | | ၁၅၀ | | | |
| ၇ | ၇ | ၂၀၀၅ | ၅၀ | တနိုင်းအပ | ။ | |
| | | ၂၀၀၅ | ၁၀၀ | မံဝိန်းအပ | ။ | |
| | (၇)ပေါင်း | | ၁၅၀ | | | |
| ၈ | ၈ | ၂၀၁၀ | ၁၀၀ | ဝါရှောင်ကြိုးဝိုင်း | ၉'×၉' | |
| | (၈)ပေါင်း | | ၁၀၀ | | | |
| ၉ | ၉ | ၂၀၁၁ | ၁၀၀ | ဝါရှောင်ကြိုးဝိုင်း | ၉'×၉' | |
| | (၉)ပေါင်း | | ၁၀၀ | | | |
| | စိုက်ကွက်စဉ်(II)ပေါင်း | | ၁၀၆၇ | | | |

## ပုဂ္ဂလိကစိုက်ခင်းများအလုပ်တိုက်နယ်

စိုက်ကွက်စဉ်(I)ကျွန်း ဇယား(၉.၂.၂. ၁.၁)ဂ

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ ဧက | စိုက်ခင်း တည်နေရာ | ပန္နက်အကွာ အဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| | ၁ | ၂၀၀၇-၀၈ | ၁၀၀ | ဝါရှောင်(ပြြင်) | ၈.၅'×၈.၅' | |
| | (၁)ပေါင်း | | ၁၀၀ | | | |
| ၂ | ၂ | ၂၀၀၈-၀၉ | ၁၀၀ | ဝါရှောင်(ပြြင်) | ။ | |
| | (၂)ပေါင်း | | ၁၀၀ | | | |
| ၃ | ၃ | ၂၀၀၉-၁၀ | ၁၀၀ | ဝါရှောင်(ပြြင်) | ။ | |
| | (၃)ပေါင်း | ။ | ၁၀၀ | | ။ | |
| | စိုက်ကွက်စဉ် (I)ပေါင်း | | ၃၀၀ | | | |

## ပုဂ္ဂလိကစိုက်ခင်းများအလုပ်တိုက်နယ်

စိုက်ကွက်စဉ်(II)သစ်မာမျိုးစုံ ဇယား(၉.၂.၂.၁.၁)ဃ

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင် သည့်ခုနှစ် | ဧရိယာ ဧက | စိုက်ခင်း တည်နေရာ | ပန္နက်အ ကွာ အဝေး | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၁ | ၂၀၁၀-၁၁ | ၅၀၀ | ဝါးရှောင်(ပြင်) | ၉'×၉' | |
| ၂ | ၂ | ၂၀၁၀-၁၁ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၃ | ၃ | ၂၀၁၀-၁၁ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၄ | ၄ | ၂၀၁၀-၁၁ | ၁၃ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၅ | ၅ | ၂၀၁၀-၁၁ | ၁၀ | ဝါးရှောင်ကြိုးဝိုင်း | ၉'×၉' | |
| ၆ | ၆ | ၂၀၁၀-၁၁ | ၁၀ | ဝါးရှောင်ကြိုးဝိုင်း | ၉'×၉' | |
| ၇ | ၇ | ၂၀၁၀-၁၁ | ၄၀ | ဝါးရှောင်ကြိုးဝိုင်း | ၉'×၉' | |
| ၈ | ၈ | ၂၀၁၂-၁၃ | ၆ | နန့်ဝါကြိုးဝိုင်း | ၅'×၅' | |
| ၉ | ၉ | ၂၀၁၂-၁၃ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၁၀ | ၁၀ | ၂၀၁၂-၁၃ | ၁၀ | ဝါးရှောင်ကြိုးဝိုင်း | ၉'×၉' | |
| ၁၁ | ၁၁ | ၂၀၁၂-၁၃ | ၂၀ | ဝါးရှောင်ကြိုးဝိုင်း | ၅'×၆' | |
| ၁၂ | ၁၂ | ၂၀၁၂-၁၃ | ၄ | ဝါးရှောင်ကြိုးဝိုင်း | ၅'×၅' | |
| ၁၃ | ၁၃ | ၂၀၁၃-၁၄ | ၁၅၀ | ဝါးရှောင်(ပြင်)ကာ/ကွယ် | ၉'×၉' | |
| ၁၄ | ၁၄ | ၂၀၁၃-၁၄ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၆'×၆' | |
| ၁၅ | ၁၅ | ၂၀၁၃-၁၄ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၁၆ | ၁၆ | ၂၀၁၃-၁၄ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၉'×၉' | |
| ၁၇ | ၁၇ | ၂၀၁၄-၁၅ | ၁၀ | မိုင်းနားကြိုးဝိုင်း | ၈'×၈' | |
| | **စိုက်ကွက်(II)စဉ်ပေါင်း** | | **၈၃၃** | | | |

## ပုဂ္ဂလိကစိုက်ခင်းများအလုပ်တိုက်နယ်

စိုက်ကွက်စဉ်(III)ရာဘာ ဇယား(၉.၂.၂.၁.၁)င

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင် သည့်ခုနှစ် | ဧရိယာ ဧက | စိုက်ခင်း တည်နေရာ | ပန္နက် အကွာ အဝေး | မှတ် ချက် |
|---|---|---|---|---|---|---|
| ၁ | ၁ | ၂၀၀၈-၀၉ | ၉၅၀ | ဝါးရှောင်(ပြင်) | ၂၅'×၇' | |
| ၂ | ၂ | ၂၀၀၉-၁၀ | ၁၃၀၀ | ဝါးရှောင်(ပြင်) | ၂၅'×၇' | |
| ၃ | ၃ | ၂၀၀၉-၁၀ | ၁၀၀ | နန့်ဝါကြိုးဝိုင်း | ၁၀'×၂၀' | |
| ၄ | ၄ | ၂၀၁၀-၁၁ | ၂၅၀ | ဝါးရှောင်(ပြင်) | ၂၅'×၇' | |
| | **စိုက်ကွက်စဉ်(III)ပေါင်း** | | **၂၆၀၀** | | | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်၊သစ်တောဦးစီးဌာန။

## စီမံကိန်းကာလအတွင်းစိုက်ခင်းတည်ထောင်ရန်လျာထားဧရိယာများ

ဇယား(၉.၂.၂.၁.၁)(စ)

| စဉ် | တည်ထောင်ခုနှစ် | စိုက်ခင်းတည်ထောင်မည့်နေရာ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | ကြိုးဝိုင်း/အကွက် | မြစ်ကြီးနား | ဝိုင်းမော် | |
| ၁ | ၂၀၁၆-၁၇ | - | - | - | - |
| ၂ | ၂၀၁၇-၁၈ | - | - | - | - |
| ၃ | ၂၀၁၈-၁၉ | - | - | - | - |
| ၄ | ၂၀၁၉-၂၀ | - | - | - | - |
| ၅ | ၂၀၂၀-၂၁ | - | - | - | - |
| ၆ | ၂၀၂၁-၂၂ | - | - | - | - |
| ၇ | ၂၀၂၂-၂၃ | - | - | - | - |
| ၈ | ၂၀၂၃-၂၄ | - | - | - | - |
| ၉ | ၂၀၂၄-၂၅ | - | - | - | - |
| ၁၀ | ၂၀၂၅-၂၆ | - | - | - | - |
| | ခရိုင်ချုပ်စုစုပေါင်း | - | - | - | - |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၉.၂.၂.၁.၁.၁နေရာဒေသရွေးချယ်ခြင်း

မြစ်ကြီးနားခရိုင်အတွင်း စိုက်ခင်းများကို ကျူးကျော်တောင်ယာ၊ ဖုန်းဆိုး ဟောင်းများ၊ တောပျက်များစသည့် မြေဩဇာအခြေအနေ ကောင်းမွန်သည့် နေရာများတွင် ရွေးချယ်စိုက်ပျိုးသွားမည် ဖြစ်ပါ သည်။

### ၉.၂.၂.၁.၁.၂ဒေသနှင့်သစ်မျိုးလိုက်ဖက်မှု

မြစ်ကြီးနားသစ်တောခရိုင်အတွင်း မိုးရေချိန်၊ အပူချိန်၊ ရေလက်ကျန်၊ မြေသားတည်ဆောက်မှု၊ မီးနှင့်ရေလွှမ်းမိုးမှုဒဏ် ခံနိုင်မှုစသည့် အချက်များ အပေါ်အခြေခံပြီး စိုက်ခင်းအမျိုးအစား အပေါ်မူတည်၍ အောက်ပါ သစ်မျိုး များ စိုက်ပျိုးရန် သင့်လျော်ပါသည်။

(၁) စီးပွားရေးသစ်တောစိုက်ခင်း   ကျွန်း/ပျဉ်းကတိုး/ပိတောက်

(၂) ရေဝေရေလဲသစ်တောစိုက်ခင်း၊ မယ်ဇလီ/အော်ရီရှား

### ၉.၂.၂.၁.၁.၃သစ်တောစိုက်ပျိုးပြုစုခြင်းစနစ်

မြစ်ကြီးနားခရိုင်အတွင်း တည်ထောင်ပြီးခဲ့သော စိုက်ခင်းများမှာ တောပျက် များ၊ ဖုန်းဆိုးတောများအပြောင်ခုတ်လှဲပြီး တောင်ယာစနစ်ဖြင့် တောင်ယာ သီးနှံများနှင့် တွဲဘက်စိုက်ပျိုး၍ တည်ထောင်ထားခဲ့ပါသည်။ တည်ထောင် ပြီးသည့် စိုက်ခင်းများအားမီးကာကွယ်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊

ပင်ကျပ်နုတ်ခြင်း စသည့် သစ်တော ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရပါမည်။ မြစ်ကြီးနားခရိုင်တွင် မျိုးသန့်ဥယျာဉ်တည်ထောင်ခြင်း၊ မျိုးသန့်ပင်များရှာဖွေသတ်မှတ် ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မျိုးစေ့များအား ပျဉ်းမနားမြို့နှင့် အောင်လံ(မြေထဲ)မြို့ တို့မှဝယ်ယူစိုက်ပျိုးကြပါသည်။ ပျိုးပင်များရှာဖွေခြင်းကိုတို့တွင် ထားရှိ စိုက်ပျိုး၍ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူ လူထုထံ ဖြန့်ချီပေး လျက် ရှိပါသည်။

သစ်တောလုပ်ငန်းဆောင်ရွက်မည့် အချိန်ဇယားအား ဇယား (၉..၂.၂.၁.၁.၃)ဖြင့် ဖော်ပြအပ်ပါသည်။

## သစ်တောစိုက်ခင်းလုပ်ငန်းအချိန်ဇယား

ဇယား( ၉.၂.၂.၁.၁.၃)

| စဉ် | လုပ်ငန်းအမည် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁။ | နေရာရွေးချယ်ခြင်း | | | | | | | | | | | — | — |
| | တောတိုင်းခြင်း | | | | | | | | | | | | — |
| ၂။ | တောင်ယာကွက်များ ခွဲခြင်း | | | | | | | | | | | | |
| ၃။ | တောင်ယာခုတ်ခြင်း | — | — | | | | | | | | | | |
| ၄။ | မီးကာကွယ်ခြင်း | — | — | — | | | | | | | | | |
| ၅။ | မီးရှို့ခြင်း | | | — | | | | | | | | | |
| ၆။ | ကျွန်းခွေခြင်း | | | | — | — | | | | | | | |
| ၇။ | ပန္နက်ရိုက်ခြင်း | | | | | — | — | | | | | | |
| ၈။ | သစ်စေ့စုဆောင်းခြင်း | | | | | | | | | | — | — | — |
| ၉။ | ပျိုးပင်များပြုစုပျိုးထောင်ခြင်းပျိုးဥယျာဉ်လုပ်ငန်းများ | — | — | — | — | — | | | | | | — | — |
| ၁၀။ | စိုက်ပျိုးခြင်းး | | | | | — | — | — | | | | | |
| ၁၁။ | စစ်ဆေးလမ်းဖော်လုပ်ခြင်း | | | | | | | | | | | | — |
| ၁၂။ | သေပင်ဖာထေးြခင်း | | | | | | | — | — | | | | |
| ၁၃။ | ပထမအကြိမ်ပေါင်းသင်ရှင်းလင်းြခင်း | | | | | | — | — | | | | | |
| ၁၄။ | ဒုတိယအကြိမ်ပေါင်းသင်ရှင်းလင်းခြင်း | | | | | | | | — | — | | | |
| ၁၅။ | တတိယအကြိမ်ပေါင်းသင်ရှင်းလင်းခြင်း | | | | | | | | | — | — | | |
| ၁၆။ | ရှင်ပင်ရေတွက်ခြင်း | | | | | | | | | | | | — |

## ၉.၂.၂.၁.၁.၄သက်ပတ်

စီးပွားရေး စိုက်ခင်းများအတွက် ကျွန်းနှင့် ပျဉ်းကတိုး၊ သစ်မျိုးများ၏ သက်ပတ်အား (၄၀) နှစ် သတ်မှတ်ပါသည်။

## ၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှု ပြဋ္ဌာန်းချက်များ

### ၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီလုပ်ငန်းများ

စိုက်ခင်းများကို မတည်ထောင်မီအကြိုလုပ်ကိုင်ရမည် လုပ်ငန်းများ နှင့် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက် ရန် ဖြစ်ပါသည်။

(၁) စိုက်ခင်းတည်ထောင်ရန် သဘာဝတောတောင်များကို ခုတ်ထွင် ရှင်းလင်းခြင်းမပြုဘဲ ပျက်စီးယိုယွင်း လျက်ရှိသော သဘာဝတော များ (Degraded Forest) အပြောင်ခုတ်လှဲ ထုတ်လုပ်ပြီးသည့် စိုက်ခင်းများတွင်သာ စိုက်ခင်းများ တည်ထောင်မည်ဖြစ်ပါ သည်။

(၂) ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြား ရှားပါးသည့် မြေမျက်နှာသွင်ပြင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်တည်လျက်ရှိသော ဒေသများတွင် သစ်တော စိုက်ခင်းများ တည်ထောင်မည် မဟုတ်ပါ။

(၃) သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးဝိုင်းတော များ၊ ကြိုးပြင်ကာကွယ်တောများတွင်သာ တည်ထောင်ရန် ဖြစ်ပါသည်။ ကြိုးပြင်တောများတွင် တည်ထောင်ပါက ကြိုးပြင်ကာကွယ်တော အဖြစ် အမြန်ဆုံး ဖွဲ့စည်းသတ်မှတ် မည်ဖြစ်ပါသည်။

(၄) စီမံကိန်း(၁၀)နှစ်တာ ကာလအတွင်းစိုက်ခင်းများ တည်ထောင်ရန် ရည်ရွယ်သည့်ဧရိယာများကို စစ်ဆေးပြီး၊ ပါဝင် ပင်မြေပုံရေးဆွဲ ခြင်း၊ ခုတ်လှဲမျိုးဆက်ခြင်းစီမံကိန်းကို ဌာနဆိုင်ရာ ညွှန်ကြားချက် အပိုဒ် ၆၅၊ ၁၁၃၊ ၁၁၅၊ နောက်ဆက်တွဲ ၇ နှင့် အမှုထမ်းများလိုက် နာရန် အမိန့်လက်စွဲ ၁၃၅၊ နောက်ဆက်တွဲ ၂၂ တွင်ဖော်ပြထားပါ သည့်အတိုင်းလိုက်နာ ဆောင်ရွက် မည်ဖြစ်ပါသည်။

(၅) ကျွန်းနှင့် သစ်မာပင်ထောင်ရိုက်မှတ်ခြင်း၊ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ခုတ်လှဲမျိုးဆက်ခြင်း၊ စီမံချက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် စိုက်ခင်းမတည်ထောင်မီ (၃)နှစ် အတွင်းထုတ်လုပ် ခွင့်ပြုရန်နှင့် ပင်ထောင်တံဆိပ်ရိုက်မှတ် ရာဍ္ဍဌာနဆိုင်ရာ ညွှန်ကြားချက် အပိုဒ်(၁၆)အရ ဆောင်ရွက် မည် ဖြစ်ပါသည်။

(၆) မျိုးဆက်ခြင်း။ သစ်တောစိုက်ခင်းများရွေးချယ်ရာတွင် မိမိဒေသနှင့်သင့်လျော်သည့် သစ်မျိုးရွေးချယ်ခြင်း၊ သင့်လျော် သောစိုက်ပျိုးနည်းစနစ် ရွေးချယ်ခြင်းစသည့် မျိုးဆက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီးလုပ်ငန်းများ

တည်ထောင်ပြီးသစ်တောစိုက်ခင်းများအားပေါင်းရှင်းခြင်းနှင့်ပြုစုခြင်း၊ဖာထေးခြင်း၊ မီးကာကွယ်ခြင်း စသည့်လုပ်ငန်းများကို ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပင်ကြပ်နုတ်ခြင်းဆောင်ရွက်ရာတွင်အမှုထမ်းများလိုက်နာရန်အမိန့် နည်းလမ်းများနှင့် ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါသည်။ ရောဂါပိုးမွှားအန္တရာယ် ကာကွယ်ခြင်း၊ ပိုးမွှားတို့အလေ့အထကို လေ့လာသိရှိထားခြင်းကို ညွှန်ကြားချက်များအတိုင်း မြေပုံများဖြင့်ပြည့်စုံစွာ ရေးဆွဲဆောင်ရွက်ထားရှိမည် ဖြစ်ပါသည်။ ပင်ကျပ်နုတ်ခြင်းအစီအစဉ်အား အတွဲ(၂)၊ နောက်ဆက်တွဲ(စ)အရ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၆ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း

### ၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်

စီမံကိန်းကာလအတွင်း ကျွန်းစိုက်ခင်းများ ပင်ကျပ်နုတ်ခြင်းမှ ရရှိလာမည့်တောထွက်များကို ခန့်မှန်းတွက်ချက်ပြီး ဇယား (၉-၂-၂-၁-၁-၆-၁) ဖြင့်ဖော်ပြထားပါသည်။ စီမံကိန်းကာလအတွင်း အမှန်တကယ် ထွက်ရှိသည့် ကြားဖြတ် တောထွက်များကို စာရင်းပြုစုထားရှိမည် ဖြစ်ပါသည်။

## စီမံကိန်းကာလအတွင်း ထွက်ရှိမည့် ခန့်မှန်းကြားဖြတ်တောထွက်စာရင်း

ဇယား(၉-၂-၂-၁-၁-၆-၁)

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင် သည့်စနစ် | ပင်ကြပ် နှုတ်မည့် အကြိမ် | ပင်ကျပ် နှုတ်မည့် နှစ် | ဧရိယာ (ဧက) | ထွက်ရှိမည့်ကြားဖြတ် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ပျမ်းမျှ လုံးပတ် (လက်မ) | ပျမ်းမျှ အမြင့်(ပေ) | ပင်ရေ |
| ၁ | ၁ | ၂၀၀၈ | ပ-ကြိမ် | ၂၀၁၈ | ၅၀ | ၂'၁၁" | ၄၅' | ၁၅၀၀၀ |
| ၂ | ၂ | ၂၀၀၉ | ပ-ကြိမ် | ၂၀၁၉ | ၁၂၅ | ၂' | ၄၄' | ၂၅၀၀၀ |
| ၃ | ၃ | ၂၀၁၀ | ပ-ကြိမ် | ၂၀၂၀ | ၁၇၅ | ၁'၁၁" | ၄၂' | ၁၇၂၅၀ |
| ၄ | ၄ | ၂၀၁၁ | ပ-ကြိမ် | ၂၀၂၁ | ၁၇၅ | ၁'၉" | ၄၀' | ၁၇၂၅၀ |

မှတ်ချက်။ ။ပျမ်းမျှဒေသအတန်းအစား(၄)အတွက် ကြားဖြတ်တောထွက်ကို ခန့်မှန်းတွက်ချက် ထားခြင်းဖြစ်ပါသည်။

### ၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်

စီးပွားရေးစိုက်ခင်းများအလုပ်တိုက်နယ် စိုက်ကွက်စဉ် I ကျွန်းအတွက် သတ်ပတ်(၄၀)နှစ် ထွက်ရှိမည့်အပြီးသတ် တောထွက်ကို ဒေသအတန်း အစား(၂/၃)ကို အခြေခံ၍ အောက်ပါ အတိုင်း ဇယား(၉-၂-၂-၁-၁-၆-၂) တွင် ခန့်မှန်း တွက်ချက်ဖော်ပြထားပါသည်။

**ဇယား (၉.၂.၂.၁.၁.၆.၂)က**

| စဉ် | နှစ်စဉ် စိုက်ကွက် | ဧရိယာ (ဧက) | သတ်ပတ်(၄၀)နှစ် ပြည့်မည့်နှစ် | အပြီးသတ်တောထွက် Hoppus Cubic ton |
|---|---|---|---|---|
| ၁ | ၁ | ၆၃ | ၂၀၃၉ | ၇၈၉ |
| ၂ | ၂ | ၂၀၀ | ၂၀၄၀ | ၂၅၀၅ |
| ၃ | ၃ | ၁၀၀ | ၂၀၄၁ | ၁၂၅၂ |
| ၄ | ၄ | ၂၀၀ | ၂၀၄၂ | ၂၅၀၅ |
| ၅ | ၅ | ၁၀၀ | ၂၀၄၃ | ၁၂၅၂ |
| ၆ | ၆ | ၁၀၀ | ၂၀၄၄ | ၁၂၅၂ |
| ၇ | ၇ | ၅၀ | ၂၀၄၈ | ၆၂၆ |
| ၈ | ၈ | ၁၂၅ | ၂၀၄၉ | ၁၅၆၅ |
| ၉ | ၉ | ၁၂၅ | ၂၀၅၀ | ၁၅၆၅ |
| ၁၀ | ၁၀ | ၇၅ | ၂၀၅၁ | ၉၃၉ |

မှတ်ချက်။နှစ်(၄၀)ပြည့်သည့်အခါတစ်ဧကလျှင်၁၂.၅၂၂၆၂ဟောပတ်တန်ထွက် ရှိမည်ဟု ခန့်မှန်း၍ တွက်ချက် ဖော်ပြထားပါသည်။

ဇယား (၉-၂-၂-၁-၁-၆-၂) ခ

| စဉ် | နှစ်စဉ် စိုက်ကွက် | ဧရိယာ (ဧက) | သတ်ပတ်(၆၀)နှစ် ပြည့်မည့်နှစ် | အပြီးသတ်တောထွက် Hoppus Cubic ton |
|---|---|---|---|---|
| ၁ | ၁ | ၆၃ | ၂၀၃၉ | ၁၄၇၀ |
| ၂ | ၂ | ၂၀၀ | ၂၀၄၀ | ၄၆၆၆ |
| ၃ | ၃ | ၁၀၀ | ၂၀၄၁ | ၂၃၃၃ |
| ၄ | ၄ | ၂၀၀ | ၂၀၄၂ | ၄၆၆၆ |
| ၅ | ၅ | ၁၀၀ | ၂၀၄၃ | ၂၃၃၃ |
| ၆ | ၆ | ၁၀၀ | ၂၀၄၄ | ၂၃၃၃ |
| ၇ | ၇ | ၅၀ | ၂၀၄၈ | ၁၁၆၇ |
| ၈ | ၈ | ၁၂၅ | ၂၀၄၉ | ၂၉၁၆ |
| ၉ | ၉ | ၁၂၅ | ၂၀၅၀ | ၂၉၁၆ |
| ၁၀ | ၁၀ | ၇၅ | ၂၀၅၁ | ၁၇၅၀ |

မှတ်ချက်။ ကျွန်းစိုက်ခင်းများ နှစ်(၆၀) ပြည့်သည့်အခါ တစ်ဧက ၂၃.၃၃၀၇၆ ဟော့ပတ်(စ်)တန်ထွက်ရှိမည်ဟုခန့်မှန်း၍တွက်ချက်ဖော်ပြထားပါသည်။

## ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ စီမံခန့်ခွဲမှု

စိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ မြို့နယ်အလိုက်၊ နှစ်အလိုက် စီမံကိန်းလျာထားချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပြီး စိုက်ခင်းများတည်ထောင်ရာတွင် ဝန်ထမ်းများသီးခြား တာဝန် ပေးအပ်ခြင်း၊ စိုက်ခင်းလုပ်သားရရှိရေးအတွက် စီမံကိန်းစနစ်တကျ ဖြန့်ဖြူး ခြင်း စသည်တို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

## ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

မြစ်ကြီးနားခရိုင်သည်ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် လုပ်သားရရှိရန်ခက်ခဲမှုရှိပါသည်။ နယ်မြေတည်ငြိမ်းအေးချမ်းမှု မရှိခြင်းကြောင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ စိုက်ခင်းများပြုစု ထိန်းသိမ်းခြင်းတွင် အခက်အခဲများရှိပြီး စိုက်ခင်းအောင်မြင်မှုကို မျှော်မှန်း သလောက်မရရှိခဲ့ပါ။

# ၉.၃ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

## ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ဒေသထောက်ပံ့ရေး ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) သစ်တောများရေရှည်တည်တံ့စေရန်

(ခ) သစ်တောတို့နှင့် ဆက်နွယ်နေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်

(ဂ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု၊ ပတ်ဝန်းကျင်တည်ငြိမ်မှုကို တိုးမြှင့်ခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရန်

(ဃ) ဒေသခံပြည်သူများကိုယ်တိုင် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောများကို စီမံအုပ်ချုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် တည်တံ့မှုကို ထိန်းသိမ်းနိုင်ရုံသာမက ဂင်ငွေရရှိလာစေပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်တို့ဖြစ်ပါသည်။

## ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဦးတည်လျက်၊ သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည်တို့ကို သစ်တောများအတွင်းမှ ရေရှည်ထုတ်လုပ် သုံးစွဲနိုင်ရန်နှင့် သစ်တောများမရှိသောနေရာများ၊ သစ်တောပြုန်းတီး ပျက်စီး သွားသောနေရာများတွင် ကျေးရွာသုံး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော စိုက်ခင်းတည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို လူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် -

(က) နည်းပညာနှင့် စီးပွားရေးဆိုင်ရာသင်တန်းများပေးခြင်းဖြင့် ဒေသခံပြည်သူများကိုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်း အခြေခံလုပ်ငန်းများ ဖွဲ့စည်းပေးခြင်း

(ဂ) ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဝယ်ယူသူများအကြားပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်များကို ပိုမိုခိုင်မာတောင့်တင်းလာစေရန် မြို့နယ်အဆင့်မှ အမျိုးသားအဆင့် အဖွဲ့အစည်း(သို့မဟုတ်) ကွန်ယက်များဖြစ်လာစေရန် ကူညီပံ့ပိုးပေးခြင်း----- များဆောင်ရွက်မည်ဖြစ်ပါသည်။

## ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ်

### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

အလုပ် တိုက်နယ်ဖွဲ့ စည်းရာတွင် -

(၁) ဒေသအတွင်းနေထိုင်သည့် လူဦးရေပမာဏ

(၂) သစ်တောထွက်ပစ္စည်းလိုအပ်ချက်နှင့်

(၃) သစ်တောများမှထွက်ရှိမှုပမာဏစသည့်အချက်များအပေါ်အခြေခံပါသည်။

**စီမံကိန်းကာလ(၁၀)နှစ်တာအတွက်နှစ်စဉ် သစ်ဝါးနှင့်ထင်းမီးသွေးလိုအပ်ချက်တွက်ချက်မှုစာရင်း**

ဇယား(၉.၃.၂.၁.၁)

| စဉ် | မြို့နယ် | အိမ်ထောင်စု | သစ်လိုအပ်ချက် (ကုဗတန်) | တိုင်လိုအပ်ချက် | မျောလိုအပ်ချက် (လုံး) | ဝါးလိုအပ်ချက် (လုံး) | ထင်း/မီးသွေးလိုအပ်ချက် (ကုဗတန်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မြစ်ကြီးနား | ၅၀၅၈၃ | ၅၅၆၄၁ | ၇၁၈၃.၃ | ၇၁၈၃၃ | ၉၆၁၀၇၇၀၀ | ၇၆၁၂၉၅ | |
| ၂ | ဆင်ဘို(ခွဲ) | ၂၀၀၈ | ၂၂၀၉ | ၄၆၄.၆ | ၄၆၄၆ | ၃၈၁၅၂၀၀ | ၄၂၄၃၉ | |
| ၃ | အင်းဂျန်ယန် | ၂၈၅ | ၃၁၄ | ၈၀.၁ | ၈၀၁ | ၅၄၁၅၀၀ | ၆၈၂၈ | |
| ၄ | တနိုင်း | ၆၃၉၈ | ၇၀၃၈ | ၁၂၁၇.၄ | ၁၂၁၇၄ | ၁၂၁၅၆၂၀၀ | ၁၂၀၅၈၄ | |
| ၅ | ရှင်ဗွေယန် | ၂၁၃၀ | ၂၃၄၃ | ၄၂၄.၂ | ၄၂၄၂ | ၄၀၄၇၀၀၀ | ၄၁၃၃၈ | |
| ၆ | ဝိုင်းမော် | ၁၉၇၈၀ | ၂၁၇၅၈ | ၅၂၃၀.၈ | ၅၂၃၀၈ | ၃၇၅၈၂၀၀၀ | ၄၄၈၃၃၄ | |
| ၇ | ဆဒုံး | ၁၆၁၀ | ၁၇၇၁ | ၃၇၈.၆ | ၃၇၈၄ | ၃၀၅၉၀၀၀ | ၃၄၀၀၇ | |
| ၈ | ကန်ပိုက်တီ | ၁၄၇၀ | ၁၆၁၇ | ၃၁၆.၆ | ၃၁၆၆ | ၂၇၉၃၀၀၀ | ၂၉၁၅၂ | |
| ၉ | ချီဖွေ | ၁၉၃၁ | ၂၁၂၄ | ၄၈၈.၇ | ၄၈၈၇ | ၃၆၆၈၉၀၀ | ၄၂၃၆၈ | |
| ၁၀ | ပန်ဝါ | ၁၃၇၅ | ၁၅၁၃ | ၃၇၃.၇ | ၃၇၃၇ | ၂၆၁၂၅၀၀ | ၃၁၂၁၉ | |
| ၁၁ | ဆော့လော် | ၁၀၇၃ | ၁၁၈၀ | ၂၉၃.၅ | ၂၉၃၅ | ၂၀၃၈၇၀၀ | ၂၅၂၀၇ | |
| | **ခရိုင်ပေါင်း** | **၈၈၆၄၃** | **၉၇၅၀၈** | **၁၆၄၅၁.၅** | **၁၆၄၅၁၃** | **၁၆၈၄၂၁၇၀၀** | **၁၅၈၂၇၇၁** | |

မှတ်ချက်။(၁)သစ်လိုအပ်ချက်အားအိမ်ထောင်စု(၁)စုလျှင်(၁)နှစ်အတွက်(၀.၁၁)ကုဗတန်ဖြင့် တွက်ချက်ထားပါသည်။

(၂) တိုင်လိုအပ်ချက်အား အိမ်ထောင်စု(၁)စုလျှင်(၁)နှစ် အတွက် မြို့ပြ(၀.၀၁)တိုင် ဦးရေနှင့် ကျေးလက်(၀.၀၃)တိုင်ဦးရေတို့ဖြင့် တွက်ချက်ထားပါသည်။

(၃) မျောလိုအပ်ချက်အား အိမ်ထောင်စု(၁)စုလျှင်(၁)နှစ် အတွက် မြို့ပြ(၀.၁)မျော ဦးရေ နှင့် ကျေးလက်(၀.၀၃)မျောဦးရေတို့ဖြင့် တွက်ချက်ထားပါသည်။

(၄)ဝါးလိုအပ်ချက်အားအိမ်ထောင်စု(၁)စုလျှင် (၁)နှစ်အတွက်(၁၉၀)ကုဗတန်ဖြင့် တွက်ချက်ထားပါသည်။

(၅)ထင်းလိုအပ်ချက်အား အိမ်ထောင်စု(၁)စုလျှင် (၁)နှစ်အတွက် မြို့ပြ(၁.၄) ကုဗတန်နှင့်ကျေးလက်(၂.၅) ကုဗတန်ဖြင့် တွက်ချက်ထားပါသည်။

လုပ်ကွက်စဉ်အလိုက်ဖွဲ့စည်းထားသောဧရိယာများကိုဇယား(၉.၃.၂.၁.၁)က တွင်ဖော်ပြထားပါသည်။

အကျိုးဖြစ်ထွန်းနိုင်သော(Effective)ဧရိယာများတွင် လက်ရှိအပင်ပေါက် ရောက်နေသော ဧရိယာများနှင့်ပြန်လည်ပြုစု ပျိုးထောင်နိုင်သော ဧရိယာ များပါဝင်ပြီး ဖြစ်ထွန်းနိုင်ခြင်း မရှိသော(Ineffective) ဧရိယာ များတွင် ထွန်ယက်စိုက်ပျိုးမြေများ၊ လမ်းများ၊ တောင်ယာများစသည်ဖြင့် ထည့် သွင်းထားပါသည်။ လုပ်ကွက်စဉ်အလိုက် ထောက်ပံ့ရေးအကွက်နှင့် အနား ပေးအကွက်၊ နှစ်စဉ်ထုတ်ယူခွင့်ပြုနိုင်မည့် ဧရိယာနှင့် တောထွက်ကို ဇယား (၉.၃.၂.၁.၁)က နှင့် ဂ တွင် ၄င်း၊ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ် အတွင်းရှိ ကျေးရွာထင်းစိုက်ခင်းများနှင့် ဒေသအစုအဖွဲ့ပိုင်သစ်တောများ ကို ဇယား(၉.၃.၂.၁.၁)ဃ၊ င ဖြင့် ဖော်ပြအပ် ပါသည်။

**ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်၊လုပ်ကွက်စဉ်အလိုက်ဧရိယာခွဲဝေမှုဇယား**

ဇယား (၉.၃.၂.၁.၁) က

| စဉ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | အကွက် အမှတ်များ | ဧရိယာ (ဧက) | | | | |
|---|---|---|---|---|---|---|---|
| | | | ကျေးရွာ ထင်း | အစု အဖွဲ့ | သဘာဝတော | | စုစုပေါင်း |
| | | | | | Effective | Ineffective | |
| ၁ | အရိန္ဒမာကြိုးဝိုင်း | - | | | ၈၅၆၃ | ၂၀၄၀ | ၁၀၆၀၃ |
| ၂ | မလော်ကြိုးဝိုင်း | - | | | ၆၃၀၀ | ၆၆၂၀ | ၁၂၉၂၀ |
| ၃ | ပုဂါ(ဝိုင်း) | - | | | ၂၆၂၁ | ၄၀ | ၂၆၆၁ |
| ၄ | ရွှေကိုင်းမော် | | | | ၁၆၂၅ | ၁၈၆ | ၁၈၁၁ |
| ၅ | တာလောကြီးကြိုးဝိုင်း | - | | | ၄၆၂၀ | ၅၁၇၂ | ၉၇၉၂ |
| ၆ | ပုဂါ(ပြင်) | - | | | ၈၇၈၇၀ | ၈၇၇၀ | ၉၆၆၄၀ |
| ၇ | ကြိုးပြင်တော | | ၅၆၀ | | | | ၅၆၀ |
| | **မြစ်ကြီးနားမြို့နယ်လုပ်ကွက်စဉ်(I)ပေါင်း** | | **၅၆၀** | **၀** | **၁၁၁၅၉၉** | **၂၂၈၂၈** | **၁၃၄၉၈၇** |
| ၈ | ခန့်ဖူး(ပြင်) | - | | | ၃၃၆၇၉ | | ၃၃၆၇၉ |
| ၉ | မိုင်းနား | - | | ၁၄၃၀ | ၃၂၉၅ | | ၄၇၂၅ |
| ၁၀ | နန့်ဝါကြိုးဝိုင်း | | ၁၀၀ | ၁၁၀၀ | ၁၇၅၉ | | ၂၉၅၉ |
| ၁၁ | ဝါရှောင်(ဝိုင်း) | - | ၃၀ | ၄၈၇ | | | ၅၁၇ |
| ၁၂ | ဝါရှောင်(ပြင်) | - | ၃၀ | ၃၃၆၀ | | ၁၂၉၄၅ | ၁၆၃၃၅ |
| ၁၃ | ကြိုးပြင်တော | | ၃၆၀ | | | | ၃၆၀ |
| | **ဝိုင်းမော်မြို့နယ်လုပ်ကွက်စဉ် (II)ပေါင်း** | | **၅၂၀** | **၆၃၇၇** | **၃၈၇၃၃** | **၁၂၉၄၅** | **၅၈၅၇၅** |
| | **လုပ်ကွက်စဉ် ပေါင်း** | | ၁၀၈၀ | ၆၃၇၇ | ၁၅၀၃၃၂ | ၃၅၇၇၃ | ၁၉၃၅၆၂ |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်၊ သစ်တောဦးစီးဌာန။

## လုပ်ကွက်စဉ်အလိုက်ထောက်ပံ့ရေးနှင့် အနားပေး အကွက်ခွဲဝေမှုဇယား

ဇယား(၉.၃.၂.၁.၁)ခ

| စဉ် | ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော | အကွက် အမှတ်များ | ဧရိယာ (ဧက) | | |
|---|---|---|---|---|---|
| | | | ထောက်ပံ့ရေးအကွက် | အနားပေးအကွက် | စုစုပေါင်း |
| ၁ | အရိန္ဒမာကြိုးဝိုင်း | | ၆၅၂၃ | ၂၀၄၀ | ၈၅၆၃ |
| ၂ | မလော်ကြိုးဝိုင်း | | ၆၃၀၀ | - | ၆၃၀၀ |
| ၃ | ပုဂါ(ဝိုင်း) | | ၂၅၈၁ | ၄၀ | ၂၆၂၁ |
| ၄ | ရွှေကိုင်းမော် | | ၁၄၃၉ | ၁၈၆ | ၁၆၂၅ |
| ၅ | တာလောကြီးကြိုးဝိုင်း | | ၆၄၂၀ | - | ၄၆၂၀ |
| ၆ | ပုဂါ(ပြင်) | | ၇၉၁၀၀ | ၈၇၇၀ | ၈၇၈၇၀ |
| ၇ | ကြိုးပြင်တော | | - | - | - |
| မြစ်ကြီးနားမြို့နယ်လုပ်ကွက်စဉ် (I)ပေါင်း | | | ၁၀၀၅၆၃ | ၁၁၀၃၆ | ၁၁၁၅၉၉ |
| ၈ | ခန့်ဖူး(ပြင်) | | ၃၃၆၇၉ | | ၃၃၆၇၉ |
| ၉ | မိုင်းနား(ဝိုင်း) | | ၃၂၉၅ | | ၃၂၉၅ |
| ၁၀ | နန့်ဝါကြိုးဝိုင်း | | ၁၇၅၉ | | ၁၇၅၉ |
| ၁၁ | ဝါရှောင်(ဝိုင်း) | | - | | - |
| ၁၂ | ဝါရှောင်(ပြင်) | | - | | - |
| ၁၃ | ကြိုးပြင်တော | | - | | - |
| ဝိုင်းမော်မြို့နယ်လုပ်ကွက်စဉ် (II)ပေါင်း | | | ၃၈၇၃၃ | - | ၃၈၇၃၃ |
| လုပ်ကွက်စဉ် ပေါင်း | | | ၁၃၉၂၉၆ | ၁၁၀၃၆ | ၁၅၀၃၃၂ |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်၊ သစ်တောဦးစီးဌာန။

## လုပ်ကွက်စဉ်အလိုက်နှစ်စဉ်ထောက်ပံ့ပေးနိုင်သောဧရိယာဖော်ပြမှုဇယား

ခုတ်ပတ်(R) =၂၀နှစ် ဇယား(၉.၃.၂.၁.၁) ဂ

| စဉ် | လုပ် ကွက် စဉ် | ကြိုးဝိုင်း /ကြိုးပြင် ကာကွယ်တော | ထောက်ပံ့ရေး အတွက် အသုံးပြုနိုင်သော ဧရိယာ (ဧက)(A) | ထောက်ပံ့ရေးအတွက် နှစ်စဉ်ခွင့်ပြုနိုင် သောဧရိယာ (ဧက)(A/R) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၁ | အရိန္ဒမာကြိုးဝိုင်း | ၆၅၂၃ | ၃၂၆ | |
| ၂ | ၂ | မလော်ကြိုးဝိုင်း | ၆၃၀၀ | ၃၁၅ | |
| ၃ | ၃ | ပုဂါ(ဝိုင်း) | ၂၅၈၁ | ၁၂၉ | |
| ၄ | ၄ | ရွှေကိုင်းမော် | ၁၄၃၉ | ၇၂ | |
| ၅ | ၅ | တာလောကြီးကြိုးဝိုင်း | ၆၄၂၀ | ၂၃၁ | |
| ၆ | ၆ | ပုဂါ(ပြင်) | ၇၉၁၀၀ | ၃၉၅၅ | |
| ၇ | ၇ | ကြိုးပြင်တော | - | - | |
| | မြစ်ကြီးနားမြို့နယ်လုပ်ကွက်စဉ် (I)ပေါင်း | | ၁၀၀၅၆၃ | ၅၀၂၈ | |
| ၈ | ၈ | ခန့်ဖူး(ပြင်) | ၃၃၆၇၉ | ၁၆၈၄ | |
| ၉ | ၉ | မိုင်းနား(ဝိုင်း) | ၃၂၉၅ | ၁၆၅ | |
| ၁၀ | ၁၀ | နန့်ဝါကြိုးဝိုင်း | ၁၇၅၉ | ၈၈ | |
| ၁၁ | ၁၁ | ဝါရှောင်(ဝိုင်း) | - | - | |
| ၁၂ | ၁၂ | ဝါရှောင်(ပြင်) | - | - | |
| ၁၃ | ၁၃ | ကြိုးပြင်တော | - | - | |
| | ဝိုင်းမော်မြို့နယ်လုပ်ကွက်စဉ် (II)ပေါင်း | | ၃၈၇၃၃ | ၁၉၃၇ | |
| | လုပ်ကွက်စဉ် ပေါင်း | | ၁၃၉၂၉၆ | ၆၉၆၅ | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်၊ သစ်တောဦးစီးဌာန။

# ထောက်ပံ့ရေးစိုက်ခင်းများ၏နှစ်စဉ်စိုက်ကွက်စဉ်ဇယား

ဇယား(၉.၃.၂.၁.၁)ဃ

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ(ဧက) | စိုက်ခင်းတည်နေရာ | ပန္နက်အကွာအဝေး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | ၁ | ၁၉၈၅ | ၅၀ | နောင်နန်း | ၈.၅×၈.၅ | |
| | (၁)ပေါင်း | | **၅၀** | | | |
| ၂။ | ၂ | ၁၉၈၆ | ၅၀ | ပိတောင်ပယ်ဖျက် | -။- | |
| | (၂)ပေါင်း | | **၅၀** | | | |
| ၃။ | ၃ | ၁၉၈၇ | ၅၀ | နော့သင်းစတား | -။- | |
| | (၃)ပေါင်း | | **၅၀** | | | |
| ၄။ | ၄ | ၁၉၈၈ | ၃၅ | -။- | -။- | |
| | (၄)ပေါင်း | | **၃၅** | | | |
| ၅။<br>၆။ | ၅ | ၁၉၉၉<br>၁၉၉၉ | ၁၀<br>၂၅ | ဗလမင်းထင် | -။- | |
| | (၅)ပေါင်း | | **၃၅** | | | |
| ၆။ | ၆ | ၂၀၀၀<br>၂၀၀၀<br>၂၀၀၀ | ၅၀<br>၃၀<br>၃၀ | နန့်ကွေ<br>ဝါရှောင်(ပြင်)<br>ချီဖွေအပ | -။-<br>-။-<br>-။- | |
| | (၆)ပေါင်း | | **၁၁၀** | | | |
| ၇။ | ၇ | ၂၀၀၁<br>၂၀၀၁<br>၂၀၀၁<br>၂၀၀၁ | ၅၀<br>၄၀<br>၃၀<br>၃၀ | မော်ဖောင်း<br>တနိုင်းကြိုးပြင်<br>ဝါရှောင်ကြိုးဝိုင်း<br>ချီဖွေအပ | -။-<br>-။-<br>-။-<br>-။- | |
| | (၇)ပေါင်း | | **၁၅၀** | | | |
| ၈။ | ၈ | ၂၀၀၂<br>၂၀၀၂<br>၂၀၀၂ | ၅၀<br>၅၀<br>၅၀ | တနိုင်းကြိုးပြင်<br>ဆဒုံးအဆိုပြု<br>ချီဖွေအပ | -။-<br>-။-<br>-။- | |
| | (၈)ပေါင်း | | **၁၅၀** | | | |
| ၉။ | ၉ | ၂၀၀၃<br>၂၀၀၃<br>၂၀၀၃ | ၅၀<br>၅၀<br>၅၀ | တနိုင်းကြိုးပြင်<br>ဆဒုံးအဆိုပြု<br>ချီဖွေအပ | -။-<br>-။-<br>-။- | |
| | (၉)ပေါင်း | | **၁၅၀** | | | |
| ၁၀ | ၁၀ | ၂၀၀၄<br>၂၀၀၄ | ၅၀<br>၁၀၀ | တနိုင်းကြိုးပြင်<br>ဝါရှောင်အပ | -။-<br>-။- | |
| | (၁၀)ပေါင်း | | **၁၅၀** | | | |
| ၁၁။ | ၁၁ | ၂၀၀၅<br>၂၀၀၅<br>၂၀၀၅ | ၅၀<br>၅၀<br>၅၀ | တနိုင်းကြိုးပြင်<br>နန့်ဝါကြိုးဝိုင်း<br>-။- | -။-<br>-။-<br>-။- | |
| | (၁၁)ပေါင်း | | **၁၅၀** | | | |
| | ခရိုင်ပေါင်း | | **၁၀၈၀** | | | |

### ၉.၃.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ခရိုင်အတွင်း ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော အလုပ် တိုက်နယ်များမှ သစ်၊ထင်း၊တိုင်၊မျှော၊ ဝါးစသည့် သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ရေးအတွက် သစ်ပင်ပေါက်ရောက်မှုအခြေအနေကို လုံခြုံရေး အခြေအနေအရကောက်ယူ ဖော်ပြနိုင်ခြင်းမရှိပါ။ အခြေအနေ ပေးပါက ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တော များအတွင်း One short Inventory ပြုလုပ်တိုင်းတာ စာရင်း ကောက်ယူသွားမည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဒေသခံပြည်သူများ လိုအပ်ချက်ဖြစ်သည့် အခြေခံလိုအပ်ချက် ဖြစ်သည့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူရရှိရေးအတွက် ခုတ်ကွက်၊ အနားပေးကွက်များ၊ စနစ်တကျသတ်မှတ်ရပါသည်။ အနားပေးကွက်များတွင် သဘာဝနည်းစနစ်များဖြစ်သော ငုတ်တက်စနစ်၊ ငုတ်တက်ချန်ပင်စနစ်များဖြင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မျိုးဆက်ခြင်းညံ့ဖျင်းပါကသီးနှံ/ သစ်တောရောနှော စိုက်ခင်းများအဖြစ်လည်းကောင်း၊ ကျေးရွာသုံးစိုက်ခင်းများအဖြစ်လည်းကောင်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ရန် ကျေးလက်ပြည်သူများအားစည်းရုံးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်နည်းစနစ်

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များမှ ဒေသခံပြည်သူများ လိုအပ်သည့် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ မျှော၊ တိုင်စသည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ကြိုးပြင်ကာကွယ်တော၊ အဆိုပြုကြိုးပြင်ကာကွယ်တောများမှ ရွေးချယ်ခုတ်လှဲ နည်းစနစ်ဖြင့် ခုတ်စဉ် အလိုက် ထုတ်လုပ်မည်ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၄ ခုတ်ပတ်

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ကိုခုတ်ပတ်(၂၀)နှစ်သတ်မှတ်ပါသည်။

### ၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်တွင် ကျွန်းပင်များကို ထုတ်လုပ်ရေး

အလုပ်တိုက်နယ်အတွင်း သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားမှာ ၆ ပေ ၆ လက်မ ဖြစ်ပါသည်။ ကျန်သစ်များမှာ သစ်ယာ/ အင်ကြင်း ၆ ပေ ၆ လက်မ၊ အင်/ကညင် ၇ ပေ ၆ လက်မ၊ မီးခြစ်သစ် ၆ ပေ၊ အခြား သစ် ၆ ပေ ဖြစ်ပါသည်။ မြေပြင် အထက် ၄ ပေ ၆ လက်မ နေရာ၌ တိုင်းတာ ရမည်ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၆ တောထွက်တွက်ချက်ခြင်း**

ခန့်မှန်းတောထွက်များကို တွက်ချက်ရာ၌ ယခင်သုံးစွဲခဲ့သော ဧရိယာ/ သက်ပတ် နည်းစနစ်အတိုင်း တွက်ချက်ပြီး နှစ်စဉ်တောထွက်ကို ခန့်မှန်း ဧရိယာဖြင့် ဇယား(၉-၃-၂-၁-၁)ဂအတိုင်း ဖော်ပြအပ်ပါသည်။

**၉.၃.၂.၁.၁.၇ သစ်မထုတ်မီသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများမထုတ်မီတောထွက်သိရှိနိုင်ရေး အ တွက်အနည်းဆုံးတစ်နှစ်ကြို၍သစ်တောသယံဇာတစာရင်းကောက်ခြင်းလုပ် ငန်းစီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း**

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူပြီးနောက်တော၏ အခြေ အနေသိရှိရန်နှင့် လိုအပ်သောသစ်တောစိုက်ပျိုး ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်သစ်ထုတ်ပြီး ၁ နှစ်အတွင်း စာရင်းကောက်ယူခြင်း လုပ်ငန်း များ ကိုလုပ်ကိုင်သွားမည် ဖြစ်ပါသည်။

**၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ**

ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အလုပ် တိုက်နယ်များတွင် အုပ်ချုပ်လုပ်ကိုင်ရာ၌ သစ်တောဥပဒေ၊ နည်းဥပဒေနှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်များအရ လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောအနီး နေထိုင်သည့် ကျေးရွာသားများ အားအခွန်လွတ်/ အခွန်တော်ဖြင့်သစ်နှင့်အခြား သစ်တောထွက် ပစ္စည်းများထုတ်ယူခြင်း နှင့်ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ခ) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ပါဝင်ဖွဲ့စည်း ထားသည့် ဧရိယာအားလုံးအားကွင်းနင်းစစ်ဆေးပြီး ၄လက်မ=၁မိုင် စကေးမြေပုံ

နှင့် ထောက်ပံ့ရေးအတွက် အနားပေးကွက် ဟူ၍ ခွဲခြားဖော်ပြပါမည်။

(ဂ) ထောက်ပံ့ရေးအကွက်တွင်အောက်ဖော်ပြပါလုပ်ငန်းများကိုဆောင်ရွက်ပါမည်။

၁။ ကျွန်းနှင့်သစ်မာ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်ပါမည်။

၂။ ဒေသထောက်ပံ့ရေး အတွက်သစ်နှင့် အခြားသစ်တောထွက် ပစ္စည်းများထုတ်လုပ်ရန်အတွက် နှစ်စဉ်ခုတ်ကွက်အလိုက် အုပ်ချုပ်မှုမြေပုံကို ၄ လက္ခ = ၁ မိုင်စကေးဖြင့် ရေးဆွဲခြင်း၊ ခုတ်စဉ်အလိုက် ထုတ်လုပ်ခွင့်ပြုသည့် နှစ်စဉ်ခုတ်ကွက်များ ၏နယ်နိမိတ်သတ်မှတ်ခြင်း၊ ခုတ်ပတ်အလိုက်ထုတ်လုပ်ခွင့် ပြုသည့် နှစ်စဉ်ခုတ်ကွက်များ၊ ဖွင့်လှစ်မည့် အစီအစဉ်များ၊ ရေးဆွဲသတ်မှတ်ခြင်း၊ သစ်၊ ထင်း၊ တိုင်၊မျှောထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားများ သတ်မှတ်ခြင်းနှင့်နှစ်စဉ် ခုတ်ကွက်များအတွင်း ကွင်းဆင်း၍ မှတ်သားခြင်း၊ ကျေးရွာသားများအား နှစ်စဉ်ခုတ်ကွက် ဖွင့်လှစ်မည့် ဧရိယာဧကနှင့်တည်နေရာ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွင့်လှစ်မည့်အချိန် မတ်လ ၁ ရက်မှ မေလ ၃၀ ရက်အထိ စည်းကမ်းဖောက်ဖျက်ပါက အပြစ်ပေးမည့် ပြစ်ဒဏ်များပါ ကြေငြာရပါမည်။

## ၉.၃.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များဆောင်ရွက်ရာ၌ ဒေသထောက်ပံ့ရေး၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောများမှ သစ်နှင့် သစ်တောထွက် ပစ္စည်းများအား စဉ်ဆက်မပြတ်ထုတ်ယူနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ အသိစိတ်ဓါတ်မြင့်မားရေး၊ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အခြေအနေများ အပေါ်မူတည်ပါသည်။ ထို့ကြောင့် ဝန်ထမ်းများအား ပြည်သူလူထုသို့ တိုးချဲ့ပညာပေးရေး လုပ်ငန်းများကို ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ် အနီးရှိကျေးရွာများသို့ ကွင်းဆင်းစည်းရုံးခြင်း၊ ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်စေရန် မြို့နယ်အလိုက်တာဝန် ပေးအပ်မည် ဖြစ်ပါ သည်။

#### ၉.၃.၂.၃ သစ်တောပညာပေးခြင်း

ဒေသခံပြည်သူများ ဝင်ငွေပိုမိုရရှိရေး၊ အလုပ်အကိုင်သစ်များ ဖန်တီးနိုင်ရေး၊ သစ်တော ထွက်ပစ္စည်းများကို တန်ဘိုးအရှိဆုံး ထုတ်ယူသုံးစွဲနိုင်ရေး အတွက် သစ်တောပညာရပ် ဆိုင်ရာနည်းပညာများ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက် မည် ဖြစ်ပါသည်။

### ၉.၃.၃ အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

ဒေသထောက်ပံ့ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရာတွင် သစ်တောဥပဒေထုတ်ပြန်၍လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်၍လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများသတ်မှတ်ခဲ့ပြီးဖြစ်ပါ သည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါ သည်။

### ၉.၃.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

အထူးဖော်ပြရန်မရှိပါ။

## ၉.၄ ရေဝေရေလဲသစ်တောများ

### ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

(၁) မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်တွင် မေခနှင့်မေလိခမြစ်ဆုံရာတန်ဖဲရွာအနီး တွင်ဆည်ပိတ်ပြီး ရေအားလျှပ်စစ်ဓါတ်ထုတ်လုပ်ရန်၂၀၀၉-၁၀ ခုနှစ်တွင် စီမံကိန်း လုပ်ငန်းများစတင်ဆောင်ရွက်လျှက်ရှိခဲ့ပါသည်။ ဝိုင်းမော်မြို့နယ်တွင် စိုက်ပျိုးရေး အတွက် ရေပေးဝေရန် ဝါရှောင်ရေလွှဲဆည်လည်းရှိပါသည်။ ကျိန်ခရန်ရေအား လျှပ်စစ်၊ မြစ်ဆုံရေအား လျှပ်စစ်၊ စိုက်ပျိုးရေးကို အထောက်အကူပေးနေသော ဝါရှောင်ဆည်နှင့်ဧရာဝတီမြစ်ထဲစီးဝင်နေသောမြစ်ချောင်းလက်တက်များတွင် နုန်း ပို့ချမှုလျော့နည်းသက်သာစေသော ရည်ရွယ်ချက်ဖြင့်ပြည်သူလူထု၏ လုပ်အားပူး ပေါင်းဆောင်ရွက်မှုနှင့်ရေဝေရေလဲသစ်တောစိုက်ခင်းများကိုတည်ထောင်ခဲ့သည်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ ဒေသ သစ်တောများထိန်းသိမ်းစီမံ လုပ်ကိုင်ရာတွင် ဒေသခံပြည်သူများမှ အသိစိတ်ဓါတ် ရှိရှိဖြင့် လက်တွဲပါဝင်စေရေးကို ဦးတည်စည်းရုံး ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

## ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

(၁) ရေဝေရေလဲဒေသ ထိန်းသိမ်းရေးနယ်မြေများကို လက်ရှိတည်ဆောက်ပြီး သောဆည်မြောင်း၊ တာတမံများနှင့်တိုးချဲ့ဆောင်ရွက်လျှက်ရှိသည့် ဆည်/ တမံများ၏ ရေဝေရေလဲ ဧရိယာများသာမက ဆည်နှင့်တမံများသို့ စီးဝင် မည့်ချောင်း၊ အင်း၊ အိုင်များ၏ ရေဦးရေဖျားဒေသများအထိ တိုးချဲ့၍ ထိန်းသိမ်းကာကွယ် ပြုစုခြင်း နည်း လမ်းများဖြင့် ဆောင်ရွက် သွားရန်။

(၂) ဆည်၊ ကန်၊ ရေလှောင်တမံများ သက်တမ်းရှည်ကြာတည်တံ့စေရန်နှင့် ရေ အရည်အသွေး အစဉ်ကောင်းမွန်နေစေရေး၊ ရေဝင်ပမာဏကောင်းစေရေး အတွက် ရေဝေရေလဲဒေသများတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက် မှုဖြင့်စိုက်ခင်းများ လိုအပ်သလိုတည်ထောင်ခြင်းနှင့် စီမံအုပ်ချုပ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

ရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်

ဇယား(၉.၄.၂)

| စဉ် | လုပ်ငန်း | ရေတွက်ပုံ | လျာထား | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း | ပေ | ၂၀၀၀ | |
| ၂ | ရေစိမ့်မြောင်းပြုလုပ်ခြင်း | ပေ | ၁၀၀၀ | |
| ၃ | ရေလွှဲမြောင်းပြုလုပ်ခြင်း | ပေ | ၅၀၀ | |
| ၄ | နှုံးတားတမံငယ် တည်ဆောက်ခြင်း | ခု | ၁၀ | |
| ၅ | ကုန်းစောင်း ရေစီးကြောင်းများတွင် သစ်ကိုင်းစည်းမြှုပ်၍ မြေတိုက်စားမှုထိန်းသိမ်းခြင်း | ပေ | ၅၀၀ | |
| ၆ | သက်ရှိစည်းရိုးငယ်များပြုလုပ်ခြင်း | ပေ | ၅၀၀ | |
| ၇ | ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း | ပေ | ၃၀၀ | |
| ၈ | ဝါးစိုက်ပျိုးခြင်း | ရုံ | ၁၀၀ | |

ဇစ်မြစ် မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်

#### ၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

မြစ်ကြီးနားခရိုင်တွင် အရေးပါသည့် ရေဝေရေလဲဒေသများ (Critical Watershed Areas)များရေဝေရေလဲအလုပ်တိုက်နယ်ဖွဲ့စည်းအုပ်ချုပ် ဆောင်ရွက်သွားပါမည်။ လုပ်ကွက်စဉ်အလိုက်ဧရိယာခွဲဝေမှုနှင့် ရေဝေ ရေလဲစိုက်ခင်းများတည်ထောင်ထားရှိမှုအား ဇယား(၉.၄.၂.၁.၁)ကနှင့် ဇယား (၉.၄.၂.၁.၁)ခ ဖြင့် ဖော်ပြအပ်ပါသည်။

# ရေဝေရေလဲအလုပ်တိုက်နယ်၊ လုပ်ကွက်စဉ်အလိုက်ဧရိယာဖော်ပြမှုဇယား

ဇယား(၉-၄-၂-၁-၁)က

| လုပ်ကွက်စဉ် | ဆည်/ တမံ အမည် | ရေဝေရေလဲအလုပ်တိုက်နယ်တွင် ပါဝင်သောဧရိယာ(ဧက) | | | | |
|---|---|---|---|---|---|---|
| | | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | သဘာဝ တော | စိုက် ခင်း | စုစု ပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| I | ဧရာဝတီမြစ် | မြစ်ကြီးနား | ကြိုးပြင်တော | | ၁၆၀၀ | ၁၆၀၀ |
| | ဝါရှောင်ရေလွှဲဆည် | ဝိုင်းမော် | ဝါရှောင်ကြိုးဝိုင်း | ၂၁၇၀၀ | ၆၀၀ | ၂၂၃၀၀ |
| | ။ | ။ | ဝါရှောင်(ပြင်) | | ၁၀၀ | ၁၀၀ |
| | မေခမြစ် | ။ | ခန့်ဖူး(ပြင်) | ၂၆၅၄၀ | - | ၂၆၅၄၀ |
| | မေခမြစ် | ။ | မိုင်းနား(ဝိုင်း) | ၅၀ | - | ၅၀ |
| | | ။ | ကြိုးပြင်တော | - | ၅၀ | ၅၀ |
| **လုပ်ကွက်စဉ်(I) ပေါင်း** | | | | **၄၈၂၉၀** | **၂၃၅၀** | **၅၀၆၄၀** |
| **အလုပ်တိုက်နယ်ပေါင်း** | | | | **၄၈၂၉၀** | **၂၃၅၀** | **၅၀၆၄၀** |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

## လုပ်ကွက်စဉ်အလိုက်၊ရေဝေရေလဲစိုက်ခင်းများ၏နှစ်စဉ်စိုက်ကွက်ဖော်ပြမှုဇယား

ဇယား(၉.၄.၂.၁.၁)ခ

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ(ဧက) | စိုက်ခင်းတည်နေရာ | ပန္နက်အကွာအဝေး |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| (I) | ၁ | ၁၉၉၄ | ၂၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | (၁)ပေါင်း | | ၂၀၀ | | |
| | | ၁၉၉၅ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | | ၁၉၉၅ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | | ၁၉၉၅ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | (၂)ပေါင်း | | ၃၀၀ | | |
| | | ၁၉၉၆ | ၅၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | | ၁၉၉၆ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | (၃)ပေါင်း | | ၁၅၀ | | |
| | | ၁၉၉၇ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | | ၁၉၉၇ | ၁၀၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | (၄)ပေါင်း | | ၂၀၀ | | |
| | | ၁၉၉၈ | ၇၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | | ၁၉၉၈ | ၁၃၀ | ပိတောင်ပယ်ဖျက် | ၁၅' x ၁၅' |
| | (၅)ပေါင်း | | ၂၀၀ | | |
| | | ၁၉၉၉ | ၁၀၀ | ကျိုန်ခရန်အပတော | ၁၅' x ၁၅' |
| | | ၁၉၉၉ | ၁၀၀ | ကျိုန်ခရန်အပတော | ၁၅' x ၁၅' |
| | (၆)ပေါင်း | | ၂၀၀ | | |
| | | ၂၀၀၀ | ၁၀၀ | ကျိုန်ခရန်အပတော | ၁၅' x ၁၅' |
| | (၇)ပေါင်း | | ၁၀၀ | | |
| | | ၂၀၀၁ | ၁၀၀ | ကျိုန်ခရန်အပတော | ၁၅' x ၁၅' |
| | (၈)ပေါင်း | | ၁၀၀ | | |
| | | ၂၀၀၅ | ၁၅၀ | ကျိုန်ခရန်အပတော | ၁၅' x ၁၅' |
| | (၉)ပေါင်း | | ၁၅၀ | | |
| **နှစ်စဉ်စိုက်ကွက်ပေါင်း** | | | **၁၆၀၀** | | |

ဇယား(၉.၄.၂.၁.၁)ခ

| စဉ် | နှစ်စဉ်စိုက်ကွက် | တည်ထောင်သည့်ခုနှစ် | ဧရိယာ(ဧက) | စိုက်ခင်းတည်နေရာ | ပန္နက်အကွာအဝေး |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| (II) | ၁ | ၁၉၉၆-၉၇ | ၅၀ | ခန့်ဖူး(ပြင်) | ၁၅' x ၁၅' |
| | | ။ | ၁၀၀ | ဝါးရှောင်ကြိုးဝိုင်း | ၁၅' x ၁၅' |
| | (၁)ပေါင်း | | ၁၅၀ | | |
| | ၂ | ၂၀၀၂-၀၃ | ၁၀၀ | ဝါးရှောင်(ပြင်) | ၃၀' x ၃၀' |
| | (၂)ပေါင်း | | ၁၀၀ | | |
| | ၃ | ၂၀၀၃-၀၄ | ၁၀၀ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | (၃)ပေါင်း | | ၁၀၀ | | |
| | ၄ | ၂၀၀၄-၀၅ | ၅၀ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | | ။ | ၅၀ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | (၄)ပေါင်း | | ၁၀၀ | | |
| | ၅ | ၂၀၀၅-၀၆ | ၅၀ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | (၅)ပေါင်း | | ၅၀ | | |
| | ၆ | ၂၀၀၈-၀၉ | ၅၀ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | | ။ | ၂၅ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | | ။ | ၂၅ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | (၆)ပေါင်း | | ၁၀၀ | | |
| | ၇ | ၂၀၀၉-၁၀ | ၁၂၅ | ဝါးရှောင်ကြိုးဝိုင်း | ၃၀' x ၃၀' |
| | | ။ | ၂၅ | ဝါးရှောင်ကြိုးဝိုင်း | |
| | (၇)ပေါင်း | | ၁၅၀ | | |
| | နှစ်စဉ်စိုက်ကွက်ပေါင်း | | ၇၅၀ | | |
| | လုပ်ကွက်စဉ်ပေါင်း | | ၂၃၅၀ | | |

ဇစ်မြစ်-မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

### ၉.၄.၂.၁.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

သစ်ပင်ပေါက်ရောက်မှု အခြေအနေများကို စာရင်းကောက်ယူရာတွင် သစတောသစ်ပင်ကြီးများသာမက အောက်ခံမြက်ပေါင်းပင်များ ပေါက်ရောက်ဖုံးလွှမ်းမှု အခြေအနေအထိ လုပ်ကွက်စဉ်အလိုက် မှတ်တမ်းတင်စာရင်းပြုစုရပါမည်။ သို့သော်လည်း ယခုအထိစာရင်း ကောက်ယူထားခြင်းမရှိသေးပါသဖြင့် ဖော်ပြနိုင်ခြင်း မရှိသေးပါ။

### ၉.၄.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ရေဝေရေလဲဒေသအတွင်းနှင့် ပတ်ဝန်းကျင်နေထိုင်သူများ၏အဆင့်အတန်းမြင့်မားရေးကို ဦးတည်၍ ဒေသခံလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်တောပြုစုပျိုးထောင်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း စနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၃ ခုတ်ပတ်

ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ် အတွင်းရှိလုပ်ကွက်စဉ် များမှ အကြောင်းတစ်စုံတစ်ရာ အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန်လို အပ်ပါကထုတ်လုပ်ရန် သင့်လျော်သည့်ခုတ်ပတ်ကို သတ်မှတ်ဖော်ပြပါမည်။ ယခုအခြေအနေတွင်သစ်ထုတ်ခြင်းမရှိသေးပါ။

### ၉.၄.၂.၁.၁၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်အတွင်းရှိ လုပ်ကွက်စဉ် များမှ အကြောင်းတစ်စုံတရာ အခြေအနေတစ်ရပ်ရပ်ကြောင့် သစ်ထုတ်ရန် လိုအပ်ပါကသင့်လျော်သည့်ထုတ်လုပ်ခွင့်ပြုသောအရွယ်အစားကိုသတ်မှတ် ဖော်ပြပေးပါမည်။ ယခုအချိန်တွင် ထုတ်လုပ်ခြင်း မရှိသေးသဖြင့် ဖော်ပြနိုင် ခြင်းမရှိသေးပါ။

### ၉.၄.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း

ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်အတွင်းရှိလုပ်ကွက်စဉ်များမှသစ် ထုတ်ရန်အခြေအနေရှိလာပါက တောထွက်တွက်ချက်ခြင်းကို ရေဝေရေလဲ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီစီစစ်တွက်ချက် သွားပါမည်။

### ၉.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဌာန်းချက်များ

ဆည်၊ကန်၊ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲ

ဒေသများရှိ သစ်တောများကို အစွန့်ရှည်ကြာစွာ တည်တံ့စေရေးအတွက် ရေ ဝေရေလဲဒေသ အလုပ်တိုက်နယ်များဖွဲ့စည်း၍ အောက်ပါစီမံ အုပ်ချုပ်လုပ် ကိုင်မှုဆိုင်ရာပြဌာန်းချက်များကိုလိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည် -

(က) လိုအပ်သောနေရာများ၌ သစ်တောသစ်ပင်ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်သွား မည်ဖြစ်ပါ သည်။

(ခ) မြေစားမြေပြိုခြင်းကို ကာကွယ်သည့် ရေမြေထိန်းသိမ်းရေး လုပ်ငန်း များ ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) နုံးပို့ချမှုကို လျော့နည်းစေမည့် နုံးစစ်ကန်များ နုံးထိန်းဆည်များကို လိုအပ်သလို တည်ဆောက်သွားမည်ဖြစ်ပါသည်။

(ဃ) ဒေသခံပြည်သူအစုအဖွဲ့အပိုင် သစ်တောများတည်ထောင်သည့် အလုပ်တိုက်နယ်များတွင်အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များကိုဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ အတိုင်းပြဋ္ဌာန်း ဆောင်ရွက် သွား မည်ဖြစ်ပါသည်။

(င) သီးနှံသစ်တောရော နှောစိုက်ပျိုးသည့် အလုပ်တိုက်နယ်များတွင်သီးနှံ သစ်တောတည်ထောင်ခြင်းအတွက်ရေးဆွဲထားသည့်အုပ်ချုပ်လုပ်ကိုင် မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အတိုင်းလိုက်နာဆောင်ရွက်သွားပါမည်။

(စ) ရေဝေရေလဲဒေသ အလုပ်တိုက်နယ်ဒေသ ဖြစ်သည့်အတွက် ရေမြေ ထိန်းသိမ်းရေး၊မြေတိုက်စားမှုမဖြစ်စေရေး၊ သက်ဆိုင်ရာဆည်မြောင်း၊ တမံများတွင် ရေလုံလောက်စွာနှင့် ရေကောင်းရေသန့်ရရှိနိုင်ရေး စသည့်အကျိုးပြုလုပ်ငန်းများဖြစ်ပေါ်စေရန်သို့မဟုတ် မထိခိုက်စေရန် အတွက် အထူးသတိပြု ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

### ၉.၄.၂.၂ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ရေဝေရေလဲဒေသ ထိန်းသိမ်းရာတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်မှသာ ရေဝေရေလဲသစ်တောများ အောင်မြင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ရေဝေရေလဲဒေသ ထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်းအား စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေဝေရေလဲဒေသတွင် သစ်တောများထူထောင်ခြင်း၊ စိုက်ပျိုးပြုစုခြင်းဖြင့် ဒေသတွင်းနေပြည်သူများရေတို အကျိုးကျေးဇူးနှင့် ရေရှည်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်းနားလည်သဘောပေါက်လက်ခံလာအောင်ဆောင်ရွက်ကြရပါမည်။

### ၉.၄.၂.၃ သစ်တောပညာပေးခြင်း

ရေဝေရေလဲအလုပ်တိုက်နယ်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် အတွက်ရေဝေရေလဲဒေသအတွင်းနေထိုင်သည့် ပြည်သူလူထုအား အောက်ဖော် ပြပါ နည်းလမ်းများဖြင့်သစ်တောပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်

(က) ရေတိုက်စားပြိုပျက်မှု နည်းပါးစေခြင်းနှင့် နုံးပို့မှုနည်းစေမည့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို ဒေသခံပြည်သူများအား ပညာပေး၍ လက်တွေ့ ဆောင်ရွက်စေခြင်း။

(ခ) သစ်တောမြေများစနစ်တကျ အုပ်ချုပ်ခြင်းဖြင့် ဝင်ငွေတိုးတက် ရရှိစေရေး အတွက် နည်းစနစ်နှင့်သီးနှံမှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်ရေးကို ပညာပေး စည်းရုံး ဆောင်ရွက်စေခြင်း။

(ဂ) ရေဝေရေလဲဒေသအတွင်း နေထိုင်သူများ၏ လူနေမှုအဆင့်အတန်း ကိုမြှင့် တင်၍ ရေဝေရေလဲဒေသထိန်းသိမ်း စီမံအုပ်ချုပ်ပြီး စီမံအုပ်ချုပ်မှု လုပ်ငန်း များတွင် ပါဝင် ဆောင်ရွက်ပညာပေးခြင်း။

(ဃ) ရေဝေရေလဲဒေသများကို စနစ်တကျစီမံအုပ်ချုပ်ပြီးအများပြည်သူ အကျိုးပြု လုပ်ငန်းများ လက်တွေ့ပြသခြင်းဖြင့် ပြည်သူလူထု တစ်ရပ်လုံးမှ ပူးပေါင်း ပါဝင် ဆောင်ရွက်လာစေရန် ပညာပေးခြင်း။

ဆည်၊ ရေလှောင်တမံတစ်ခု၏ ရေရှည်တည်တံ့မှုနှင့် ရေကိုအဆက် မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးသည် ယင်းရေဝေရေလဲဒေသနှင့် အနီး ပတ်ဝန်းကျင်ရှိ ပြည်သူများ၏ သစ်တောပညာအသိဖြင့် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်မှု အပေါ်တွင် အဓိက ဖြစ်ပါသည်။

## ၉.၅ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ

### ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

သဘာဝတောများအတွင်း ပေါက်ရောက်လျက်ရှိသောသစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် အကျိုးရှိစွာ စနစ် တကျ ထုတ်ယူနိုင်ရန် ရည်ရွယ်ပါသည်။

### ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ယခုအခါ လူနေမှုနှင့် စီးပွားရေးလျင်မြန်တိုးတက်လျက်ရှိပြီးစက်မှုနည်းပညာများ တိုး တက်ထွန်း ကားလာသဖြင့် သစ်တောထွက်အသေးအဖွဲ့ဟုသတ်မှတ်ခဲ့သော ပစ္စည်းများ သည်လည်း နိုင်ငံတော်၏ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံခြားသို့ တင်ပို့ကုန်ပစ္စည်း အဖြစ် တိုးတက်တင်ပို့လျက်ရှိပါသည်။ သို့ပါ၍သဘာဝတောများ ယိုယွင်းပျက်စီးခြင်း မရှိစေဘဲ စဉ်ဆက်မပြတ် နှစ်စဉ်တောထွက် ပုံမှန်ရရှိရေးအတွက် ခုတ်ကွက်များ ခွဲခြား သတ်မှတ်ခြင်း၊ ခုတ်စဉ်များပိုင်းခြားခြင်း၊ခုတ်ပတ်များသတ်မှတ်ကာ အုပ်ချုပ်လုပ်ကိုင် ဆောင်ရွက် သွားရန်လိုအပ်ပါသည်။ သစ်တောများ၏ မူလဂေဟစနစ်မပျက်စေရေးကို ဦးတည်လျက် သယံဇာတများကို စာရင်းကောက်ယူခြင်း ပြုလုပ်ပြီးလေ့လာဆန်းစစ် အုပ်ချုပ် လုပ်ကိုင်သွားရန်ဖြစ်ပါသည်။

## ၉.၅.၂.၁ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်

### ၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

**သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်း**များအလုပ်တိုက်နယ်အား ထုတ်လုပ်ရေးအလုပ်တိုက်နယ်အပါအဝင်ဖွဲ့စည်းထားပါသည်။ ရေရှည် စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန်အတွက် ခုတ်စဉ်(၂)ခု ဖွဲ့စည်းထားပါသည်။ ခုတ်ပတ်(၁၀) နှစ်အဖြစ် သတ်မှတ် ဆောင်ရွက်သွားပါမည်။

#### ၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု/ထွက်ရှိမှုအခြေအနေ

ခုတ်စဉ်အတွင်းသစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းထွက်ရှိနိုင်မှု အလားအလာကို မြို့နယ်အလိုက် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောအလိုက် ဇယား (၉.၅.၂.၁.၁.၁) တွင် ဖော်ပြထားပါသည်။

**အပင်ပေါက်ရောက်မှု/ထွက်ရှိနိုင်မှုအလားအလာ**

ဇယား (၉.၅.၂.၁.၁.၁)

| ခုတ်စဉ် | မြို့နယ် | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော/ကြိုးပြင်တော | ဧရိယာဧက | မှတ်ချက် |
|---|---|---|---|---|
| I | မြစ်ကြီးနား | နန့်ခို(ဝိုင်း) | ၃၂၃၅၆ | |
| | ။ | နန့်ဆယ်(ဝိုင်း) | ၂၈၄၅၂ | |
| | ။ | နန့်စွန်တီး(ဝိုင်း) | ၂၃၆၂၀ | |
| | ။ | တောင်ပလောင်(ဝိုင်း) | ၂၃၀၁၉ | |
| | ။ | ဥယာဟာသ(ဝိုင်း) | ၉၆၂၉ | |
| | | **ပေါင်း** | **၁၁၇၀၇၆** | |
| II | ဝိုင်းမော် | ဝါရှောင်(ဝိုင်း) | ၆၆၄၅၃ | |
| | ။ | ဝါရှောင်(ပြင်) | ၉၁၄၂၅ | |
| | | **ပေါင်း** | **၁၅၇၈၇၈** | |
| | | **စုစုပေါင်း** | **၂၇၄၉၅၄** | |

ဇစ်မြစ် - မြစ်ကြီးနားခရိုင်သစ်တောဦးစီးဌာန။

#### ၉.၅.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ကြိမ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် သစ်တောစိုက်ပျိုးပြုစုရေး နည်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

#### ၉.၅.၂.၁.၁.၃ ခုတ်ပတ်

ကြိမ်ထုတ်လုပ်ရန်ခုတ်ပတ်သည်(၃)နှစ်သတ်မှတ်ပါသည်။

### ၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားနှင့်ပမာဏ

မြစ်ကြီးနားခရိုင်တွင် ကြိမ်ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားမှာ ရေကြိမ်၊ တောင်ကြိမ်၊ ကြိမ်နီတို့သည် လုံးပတ်(၁ လက်မ)အောက်၊ ယမထာကြိမ်သည်(၁")အထက်ရှိပြီး၊ ပမာဏမှာနှစ်စဉ်(၅၀၀၀၀၀)လုံးခန့် ရှိပါသည်။

### ၉.၅.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

နှစ်စဉ် ဝါးလုံးရေ(၁၀)သိန်း၊ ကြိမ်လုံးရေ(၅)သိန်း ထွက်ရှိနိုင်မည်ဟု ခန့်မှန်းပါသည်။

### ၉.၅.၂.၁.၁.၆ သက်ပတ်

ကြိမ်၏သက်ပတ်အား (၃)နှစ်သတ်မှတ်ပါသည်။

### ၉.၅.၂.၁.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်များ

သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများထုတ်လုပ်ရာတွင် ယင်းပစ္စည်းများမပျက်စီးမပြုန်းတီးစေဘဲအစဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် အောက်ဖော်ပြပါဋ္ဌာနဆိုင်ရာညွှန်ကြားချက်များတိုင်းလိုက်နာဆောင်ရွက်ရန်ဖြစ်သည်-

(က) သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းအလုပ်တိုက်နယ်ကိုသစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရမြေ(ကြိုးပြင်တော)တွင် ဖွဲ့စည်းခဲ့ပါက ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံး ဖွဲ့စည်းရန်။

(ခ) ဤအလုပ်တိုက်နယ်မှ ထုတ်လုပ်သည့် သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ၏ပေါက်ရောက်/ထွက်ရှိမှုစာရင်းများကောက်ယူရန်

(ဂ) ဤအလုပ်တိုက်နယ်မှထုတ်လုပ်မည့်သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ၏စီမံကိန်း ၁၀နှစ်တာကာလအတွင်းထုတ်လုပ်မှု အစီအစဉ်ကိုခုတ်စဉ်အလိုက်ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အရွယ်အစား၊ ထုတ်ယူခွင့်ပြုသည့်အချိန်ကာလ၊ ထုတ်ယူခွင့်ပြုသည့် နေရာဒေသ၊ ထုတ်ယူခွင့်ပြုသည့် နည်းစနစ်နှင့် အခွန်တော်နှုန်းထားများကို ပြဋ္ဌာန်းချက်များတွင် ထည့်သွင်း ဖော်ပြ ပေးရန် ဖြစ်ပါသည်။

### ၉.၅.၂.၂ သယံဇာတစာရင်းကောက်ယူခြင်း

အလုပ်တိုက်နယ်တစ်ခုလုံးရှိ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်သည့် ကိန်းဂဏန်းများကို စာရင်းဇယားပြုစုဖော်ပြရန် ဖြစ်ပါသည်။ ထာဝစဉ်တိုးတက်ထုတ်လုပ်သွားနိုင်ရေးအတွက် နှစ်စဉ်တောထွက်ကိုအခါအား လျော်စွာပြန်လည် သတ်မှတ်နိုင်ရန် စာရင်း ကောက်ယူရပါမည်။

## ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

### ၉.၆.၁ ဂေဟစနစ်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများ အုပ်ချုပ်လုပ်ကိုင်ရာတွင် မူလပတ်ဝန်းကျင် သဘာဝ အပင်များနှင့် သတ္တလောကတို့ အပြန်အလှန် အကျိုးပြုမြဲ ပြုစေရန်အတွက် ဖြစ်တည် လျှက်ရှိ သောဂေဟစနစ်များကို ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

### ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကိုအကောင်အထည်ဖော်ရန်

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ နှင့် ရာသီအလိုက်ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်

(ဃ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့်တောရိုင်းတိရစ္ဆာန်များသဘာဝအပင်များနှင့်ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်နှင့် အခြားထူးခြားသည့် အသွင်အပြင်လက္ခဏာရှိသော နေရာဒေသများအား နိုင်ငံတော်၏ ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းရန်

(င) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကိုအထောက်အကူဖြစ်စေရန်

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်

(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်

(ဓ) ပြည်သူလူထုအတွက် အပန်းဖြေအနားယူမှုအခွင့်အလမ်းများ ဖော်ထုတ် ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်

**၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/ အမျိုးအစားများ**

**၉.၆.၁.၂.၁ လုံးဝကာကွယ်ထိန်းသိမ်းထားသော သဘာဝကြိုးဝိုင်း**

မရှိပါ

**၉.၆.၁.၂.၂ အမျိုးသားဥယျာဉ်**

ဖော်ပြရန်မရှိပါ။

**၉.၆.၁.၂.၃ သဘာဝထူးခြားသည့် မြေပြင်လက္ခဏာ**

အပန်းဖြေနေရာနှင့်ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းအထောက်အကူပြုရန် ရည်ရွယ် ထိန်းသိမ်းထားသည့် သဘာဝနယ်မြေ မရှိသေးပါ။

**၉.၆.၁.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များဘေးမဲ့တော**

မြစ်ကြီးနားမြို့နယ်တွင် ပိတောင်ဘေးမဲ့တော၊ တနိုင်းမြို့နယ်တွင် ဟူးကောင်း ချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများရှိပါသည်။

**၉.၆.၁.၂.၅ ကာကွယ်ထိန်းသိမ်းထားသော တောတောင်ရေမြေရှုခင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၆ သဘာဝသယံဇာတ အရင်းအမြစ်ကြိုးဝိုင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၇ ဇီဝဆိုင်ရာ သဘာဝနယ်မြေ**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၈ ဘက်စုံအသုံးချရေး အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

**၉.၆.၁.၂.၉ ဇီဝဝန်းကျင် ကြိုးဝိုင်း**

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

### ၉.၆.၁.၂.၁၀ ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးကြိုးဝိုင်း

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

### ၉.၆.၁.၂.၁၁ အခြားကြိုးဝိုင်းများ

ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိပါ။

### ၉.၆.၁.၃ ဥယျာဉ်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ရန် ဥယျာဉ်မြေအဖြစ် စီမံလုပ်ကိုင်ရာတွင်ဥယျာဉ်မြေဇရိယာအတွင်း ဖြစ်တည်လျှက်ရှိသော ဂေဟစနစ်များကို ရေရှည်ကာကွယ်ထိန်းသိမ်းပြီး လူတို့၏ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွှတ်စွာဖြင့်စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အပန်းဖြေသည့်နေရာအဖြစ်လည်းကောင်း၊ ပညာရေးနှင်သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်းအုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်သည်။

ဓါတ်သတ္တုတူးဖော်ခြင်း၊ သစ်ဝါးထုတ်လုပ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအမဲလိုက်ခြင်း၊ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ကာကွယ်တားမြစ်မည်ဖြစ်ပါသည်။ ဥယျာဉ်ဇရိယာအတွင်းတည်ရှိပြီး ကျေးရွာနှင့်လူနေအိမ်များအတွက်ပင်လျှင် ၎င်းတို့၏ လူမှုစီးပွားရေးကို မထိခိုက်စေရန်အတွက် ချွင်းချက်ထားရှိမည်ဖြစ်ပါသည်။

### ၉.၆.၁.၄ တရားဥပဒေစိုးမိုးရေး

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄)အရ တိကျစွာအကောင်အထည်ဖော်မည်ဖြစ်ပါသည်။

### ၉.၆.၁.၅ ကြားခံနယ်မြေ အုပ်ချုပ်လုပ်ကိုင်ခြင်း

သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ရာတွင် ဒေသခံပြည်သူအစုအဖွဲ့များ၏အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ ပျားရည်အစရှိသည့် သစ်တောထွက်ပစ္စည်းများကို ဆက်လက်ထုတ်ယူရရှိရေးအတွက် ကြားခံနယ်မြေဖွဲ့စည်းပြီး စီးပွားဖြစ် သစ်၊ ထင်းထုတ်ယူခြင်းကိုမူ ကန့်ကွက်သွားမည်ဖြစ်ပါသည်။

### ၉.၆.၁.၆ ပညာပေးအစီအစဉ်

သဘာဝထိန်းသိမ်းရေးနယ်မြေများရှိဂေဟစနစ်များကိုအုပ်ချုပ်ရာတွင်သက်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဒေသခံပြည်သူများ၏ အသိစိတ်ဓါတ်များ အတွေးအမြင်များအရေးကြီးသည့်အလျောက်၎င်းတို့အားသင်တန်းများ၊ သရုပ်ပြအစီအစဉ်များ၊ ဟောပြောပွဲများ၊ လက်တွေ့သင်တန်းများ ပို့ချသွားမည်ဖြစ်ပါသည်။

ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင်သီးနှံပျိုးပင်များ၊ အခမဲ့ဖြန့်ဝေခြင်း၊ ပညာပေးလုပ်ငန်းများနှင့်ဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ ဒွန်ဘန်ကျေးရွာမှဒေသခံတစ်ဦးအားသင်တန်းများပေး၍လင်းတစာရင်းကောက်ယူစေခြင်း၊ ဒေသခံများ နှင့် ပူးပေါင်း၍ လင်းတမျိုးစိတ် ပျံ့နှံ့တည်ရှိမှုကို ကွင်းဆင်းလေ့လာခြင်း၊

### ၉.၆.၁.၇ သဘာဝအခြေခံခရီးသွားလုပ်ငန်း

သစ်တောဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်အဖွဲ့(FFI)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ဇီဝမျိုးစုံကွဲဆိုင်ရာထိန်းသိမ်းရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း ( Collaborative Program to support the Conservation of Biodiversity in Myanmar )ကို ၆-၁၂-၂၀၁၂ မှ ၅-၁၂-၂၀၁၇ အထိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အီမောဘွမ်ဒေသအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့်အလားအလာများကို တိုးမြှင့်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

### ၉.၆.၁.၈ ဇီဝမျိုးစုံမျိုးကွဲစာရင်းကောက်ယူခြင်း

ခရိုင်အတွင်း တည်ထောင်ထားရှိသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ သားငှက်တိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို စာရင်းကောက်ယူမှတ်တမ်းတင်လျှက်ရှိပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်

- အမေရိကန်နိုင်ငံအခြေစိုက်သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildife Conservation Society-WCS)နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းရေးစီမံကိန်း
- ဂျာမနီနိုင်ငံ၊ Marburg တက္ကသိုလ်၊ ပထဝီဌာနနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ မြင့်မားသော တောင်တန်းဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း

- အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (Fauna & Floa International-FFI) ဖြတိန်နိုင်ငံနှင့် ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း
- အင်္ဂလန်နိုင်ငံအခြေစိုက် Indo-Myanmar Conservation (IMC)နှင့်ပူးပေါင်း၍ မြန်နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့်သဘာဝနယ်မြေများ စီမံအုပ်ချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရေးစီမံကိန်း
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စစ်ဆောင်ပနားအပူပိုင်းရုက္ခဗေဒဉယျာဉ်(XTBG) နှင့် ပူးပေါင်း၍ အပင်မျိုးစိတ်များ သုတေသနဆိုင်ရာ ပူးပေါင်းရေးစီမံကိန်း

**၉.၆.၁.၉ နေရင်းဒေသပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း**

ယိုယွင်းပျက်စီးလျက်ရှိသောနေရင်းဒေသ သဘာဝတောများကိုပြန်လည်တည်ထောင် ထိန်းသိမ်းမည်ဖြစ်ပါသည်။

**၉.၆.၁.၁၀ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း**

စီမံကိန်းကာလအတွင်း လုပ်ဆောင်မည့်လုပ်ငန်းများ တစ်ခုစီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို နှစ်ကာလအလိုက် ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ကိုင်ရန် အစီအစဉ်များချမှတ် ဆောင်ရွက်မည် ဖြစ်ပါသည်။

**ပိတောင်ဘေးမဲ့တော**

**၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း**

**၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်မှန်းချက်များ**

(က) ပိတောင်ဘေးမဲ့တော၏ ဇီဝမျိုးစုံမျိုးကွဲများအား တိုးတက်သောစီမံအုပ်ချုပ်မှုစနစ်များဖြင့်ထိန်းသိမ်းသွားခြင်းဖြင့်ရေရှည်ဖွံ့ဖြိုးတိုးတက်၍ကောင်းမွန်သော ဂေဟစနစ်ကောင်းများ ရှိစေပြီး ရာသီဥတုညီညွတ် မျှတ၍ ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေရန် ၊

(ခ) ဒေသခံတို့၏ သဘာဝဝန်းကျင်ထိန်းသိမ်းရေး အသိတရားများ နိုးကြားတက်ကြွပြီး တောကိုမှီခိုမှု ကင်းလွတ်၍ ထိန်းသိမ်းရေးလုပ်ငန်းတွင်ပူးပေါင်း ပါဝင်လာစေရန် ၊

(ဂ) တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားသည့် ငှက်များကိုကာကွယ်ထိန်းသိမ်းရာ၌ နိုင်ငံတော်က

သဘော တူ လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်ရန်

(ဃ) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကိုအထောက်အကူဖြစ်စေရန်

( င ) သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

## ၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

### ၉.၆.၂.၂.၁ နေရင်းဒေသအတွင်း ပြင်ပကာကွယ်ထိန်းသိမ်းခြင်း

ပိတောင်ဘေးမဲ့တောသည် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့် ဘေးမဲ့တော တစ်ခုအဖြစ် ထင်ရှားခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား သဘာဝအတောအတွင်းညီညွတ်စွာ ဆက်လက်ပေါက်ဖွားရှင်သန်စေရန် သစ်တော ဥပဒေအရ အရေးယူခြင်းအပြင် အသိပညာပေးခြင်း၊ ပညာပေးဟော ပြောပွဲများပြုလုပ်ခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူအတွင်းအသိ ပညာစိမ့်ဝင်၍ ပူးပေါင်းပါဝင်လာစေရန်ဆောင်ရွက်သွားရပါမည်။ ဘေးမဲ့တော အတွင်း၌တောရိုင်း တိရစ္ဆာန်များပေါများလာပါက တိရစ္ဆာန်မျိုးစိတ်အလိုက် တိရစ္ဆာန်ရုံနှင့် အခြားဘေးမဲ့တောများသို့ ပို့ဆောင်စေ၍ ဆက်လက်ပွားများ ရန်ထိန်းသိမ်းဆောင်ရွက်သွားပါမည်။ဘေးမဲ့တောအပြင်ဘက်မြို့ပေါ်၊ ကျေးရွာ များတွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းကို စုံစမ်းဖော် ထုတ်အရေးယူခြင်း၊ ပြည်ပထွက် ပေါက်(ဗလမင်းထင်)တံတား၊ မြို့ဝင်ရှဒေါင် ဂိတ်တို့တွင်ရှာဖွေ ဖမ်းဆီးခြင်းများကို မြို့နယ်သစ်တောနှင့် ပေါင်းစပ်ညှိနှိုင်း ထိန်းသိမ်းဆောင်ရွက်သွားရပါမည်။

### ၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်စာရင်းများ ကောက်ယူ၍ မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ သဘာဝအပင်များနှင့် ၎င်းတို့၏ နေရင်း ဒေသများကို ဦးစားပေးကင်းလှည့် ထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။ လိုအပ်ပါက ယင်းနေရင်းဒေသများတွင် ကင်းစခန်းများ တည်ဆောက် ထိန်းသိမ်းသွား ရမည်ဖြစ်ပါသည်။

### ၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ စာရင်းကောက်ယူခြင်း

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ စာရင်းကောက်ယူခြင်း လုပ်ငန်းကို မိုးတွင်းကာလ၌ သွားလာရေးခက်ခဲသဖြင့် ပွင့်လင်းရာသီများတွင် ဆောင်ရွက်

သွားပါမည်။

(က) ငှက်စာရင်းကောက်ယူခြင်း လုပ်ငန်းအား လစဉ်ဆောင်ရွက်ခြင်း၊

(ခ) ဆောင်းခိုငှက်စာရင်းများအား အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် နှစ်စဉ် ကောက်ယူခြင်း၊

(ဂ) နို့တိုက်သတ္တဝါစာရင်းအား ဇန်နဝါရီ ၊ ဖေဖော်ဝါရီ၊ မတ်လများ တွင် နှစ်စဉ်ကောက်ယူခြင်း၊

(ဃ) တွားသွားသတ္တဝါစာရင်းအား ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် နှစ်စဉ်ကောက်ယူခြင်း၊

(င) လိပ်ပြာစာရင်းအား အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများ တွင် နှစ်စဉ်ကောက်ယူခြင်း၊

(စ) ပရဆေး၊ သစ်ခွနှင့်သဘာဝပေါက်ပင်များစာရင်းအား ကင်းလှည့် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်အတူ စာရင်း ကောက်ယူသွားရပါမည်။ထိုလုပ်ငန်းများ ဆောင်ရွက်သွားရာတွင် အခြားအဖွဲ့အစည်းများ၏နည်းပညာ၊ ငွေအင်အားအကူ အညီတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာလျှင် မြန်စွာပြီးစီး နိုင်မည်ဖြစ်ပါသည်။

**၉.၆.၂.၂.၄ သုတေသနလုပ်ငန်းများ**

ပိတောင်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲများ များပြားစွာ ကျန်ရှိနေသေး သဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ ၏ ကျွမ်းကျင်မှုအလိုက် -

(က) တောရိုင်းတိရစ္ဆာန်စာရင်းကောက်ယူခြင်း၊

(ခ) ငှက်စာရင်းကောက်ယူခြင်း၊

(ဂ) ပရဆေး ၊ သစ်ခွစာရင်းကောက်ယူခြင်း၊

(ဃ) သဘာဝပေါက်ပင်စာရင်းကောက်ယူခြင်း၊

(င) ဒရယ်၊မျောက်လွှဲကျော်သုတေသနလုပ်ငန်းများဆောင်ရွက်သွားရပါမည်။

**၉.၆.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု**

ဇယား(၉.၆.၃)က၊ခ၊ဂ၊ဃ တို့ဖြင့် ဖော်ပြ အပ်ပါသည်။

# ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဝန်ထမ်းအင်အားဖွဲ့စည်းပုံစာရင်း

ဇယား(၉.၆.၃) က

| စဉ် | ရာထူးအမည် | လစာနှုန်း | ဝန်ထမ်းအင်အား | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ခွင့်ပြု | ခန့်ထား | လို | ပို | |
| ၁ | ဦးစီးအရာရှိ | ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀ | ၁ | | ၁ | | |
| ၂ | တောအုပ်ကြီး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂ | ၁ | ၁ | | |
| ၃ | ဌာနခွဲစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၁ | | ၁ | | |
| ၄ | တောအုပ် | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | ၄ | ၄ | | | |
| ၅ | အကြီးတန်းစာရေး | ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀ | | ၁ | | ၁ | |
| ၆ | တောခေါင်း | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၆ | ၂ | ၄ | | |
| ၇ | လုံခြုံရေး-၄ | ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀ | ၁ | | ၁ | | |
| ၈ | တောကြပ် | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၆ | ၁ | ၅ | | |
| ၉ | တိထိန်း-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၆ | | ၆ | | |
| ၁၀ | လုံခြုံရေး-၅ | ၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀ | ၃ | | ၃ | | |
| ၁၁ | လုပ်သား | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | ၅ | ၁ | ၄ | | |
| | စုစုပေါင်း | | ၃၅ | ၁၀ | ၂၆ | ၁ | |

## သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊
## ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံး
## အဆောက်အဦးစာရင်း

ဇယား(၉.၆.၃) ခ

| စဉ် | မြေ | တည်ရှိနေရာ | | အကျယ်အဝန်း (ဧက) | မြေအမည်ပေါက် | အဆောက်အဦး | | | | အကျယ်အဝန်း (အလျား ×အနံ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | မြို့ | မြို့နယ် | | | အမည် | အမျိုးအစား | အထပ် | လုံးရေ | | |
| ၁ | ဌာနပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | ၁.၂၆၉ | အုပ်ချုပ် | အုပ်/မှူးရုံး | နံကပ်/သွပ်မိုး | ၁ ထပ် | ၁ | ၂၆'၉"×၂၄'၇" | |
| ၂ | ဌာနပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | | ရေးမှူး၊ | ဝန်ထမ်းအိမ် | နံကပ်/သွပ်မိုး | ၁ ထပ် | ၃ | ၃၈'၇"×၂၄'၇" | |
| ၃ | ဌာနပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | | ပိတောင် | ဝန်ထမ်းအိမ် | ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး | ၁ ထပ် | ၁ | ၂၁'၄"×၁၇'၀" | |
| ၄ | ဌာနပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | ၀.၅၀၀ | | ပြည်ထောင် ကင်းစခန်း | ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး | ၁ ထပ် | ၁ | ၉'၀"×၈'၀" | |
| ၅ | ဌာနပိုင် | မြစ်ကြီးနား | မြစ်ကြီးနား | ၀.၅၀၀ | | မလိခ ကင်းစခန်း | ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး | ၁ ထပ် | ၁ | ၂၀'၀"×၁၈' ၀" | |

ဇစ်မြစ်-သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

# ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရုံး၊ စက်ပစ္စည်းစာရင်း

ဇယား(၉.၆.၃) ဂ

| စဉ် | စက်ပစ္စည်း အမျိုးအမည် | စက်အမှတ် | အမှတ် တံဆိပ် | စက်ပစ္စည်း အမျိုးအမည် | စွမ်းအား | အရွယ် အစား | ဈေးနှုန်း | ထုတ်ယူရရှိ သည့်ဌာန | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရုပ်မြင်သံကြားစက် | | SONY | SONY | 220 V | | | ICIMOD | ကောင်း |
| ၂ | ကက်ဆက် | | SONY | SONY | 220 V | | | ICIMOD | |
| ၃ | လက်နှိပ်စက် | 7087404 | | | | | | သစ်တောရုံးချုပ် | ကောင်း |
| ၄ | ကင်မရာ | 2533558 | NIKON | NIKON | 52 mm | | | သစ်တောရုံးချုပ် | ကောင်း |
| ၅ | GPS | 21F 337127 | Garmin | Garmin | 62S | | | နော်ဝေး(NEA) | ကောင်း |
| ၆ | ကွန်ပြူတာ | CB 24823444 | Lenovo | Lenovo | | | | နော်ဝေး(NEA) | ကောင်း |
| ၇ | Bunocular | CB 492813 | NIKON | NIKON | 10× 42 | | | နော်ဝေး(NEA) | ကောင်း |
| ၈ | ကွန်ပြူတာ | Aspire | Acer | Acer | 500 GB | 20" LBD | | သစ်တောရုံးချုပ် | ကောင်း |
| ၉ | ပရင်တာ | MC 605 | Canon | Canon | | | | သစ်တောရုံးချုပ် | ကောင်း |
| ၁၀ | ရေစုပ်စက် ၄" | LGP-2900B | | | | | | သစ်တောရုံးချုပ် | ကောင်း |
| ၁၁ | 2HP moter | G-175 | MINDONG CHINA | | | | | သစ်တောရုံးချုပ် | |
| ၁၁ | ဝီလီဂျစ် | ဆ/၄၅၂၁ | | | | | | | ကောင်း |
| ၁၂ | ထော်လာဂျီ | ၂၄/၁၅၈၅ | | | | | | | ညံ့ |

ဇစ်မြစ်-သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

## ၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်
ဘဏ္ဍာရေးလချုပ်စာရင်း

ပိတောင်ဘေးမဲ့တောရုံး ဇယား(၉.၆.၄)

| ငွေစာရင်းခေါင်းစဉ် | | ခွဲဝေချထားငွေ | ၁၀/၂၀၁၅ထိ သုံးစွဲပြီးငွေ | မှတ် ချက် |
|---|---|---|---|---|
| ၀၁၀၁ | လစာ | ၁၈၁၂၀၀၀၀ | ၁၁၇၄၇၂၉၀ | |
| ၀၁၀၂ | စရိတ် | | | |
| ၀၁၀၃ | သက်သာ | | | |
| | **၀၁ပေါင်း** | **၁၈၁၂၀၀၀၀** | **၁၁၇၄၇၂၉၀** | |
| ၀၂၀၁ | ခရီးစရိတ် | ၃၄၄၃၀၀ | ၃၄၄၃၀၀ | |
| | **၀၂ ပေါင်း** | **၃၄၄၃၀၀** | **၃၄၄၃၀၀** | |
| ၀၃၀၁ | လုပ်အားခ | ၁၁၀၈၀၀၀ | ၇၇၁၁၀၀ | |
| ၀၃၀၂ | အခွန်အခ | ၂၅၀၀၀ | | |
| ၀၃၀၃ | ဌားရမ်းခ | | | |
| ၀၃၀၄ | သယ်ယူခ | ၅၀၀၀၀ | ၂၁၀၀၀ | |
| ၀၃၀၅ | ရုံးသုံးပစ္စည်း | ၁၂၇၄၀၀ | ၆၅၀၀၀ | |
| ၀၃၀၆ | ဓါတ်ဆီ/စက်ဆီ | ၄၁၇၆၀၀ | ၂၃၆၄၀၀ | |
| ၀၃၀၇ | တယ်လီဖုန်း | ၁၂၀၀၀၀ | ၇၇၀၀၀ | |
| ၀၃၀၈ | လျှပ်စစ် | ၂၂၀၀၀၀ | ၁၈၀၀၀၀ | |
| ၀၃၀၉ | စာနယ်ဇင်း | ၄၀၀၀၀ | ၃၇၀၀၀ | |
| ၀၃၁၂ | ဝတ်စုံ | | | |
| ၀၃၁၃ | လုပ်ငန်းသုံး | ၂၂၀၀၀၀ | ၁၈၈၆၀၀ | |
| | **၀၃ ပေါင်း** | **၂၃၂၈၀၀၀** | **၁၅၇၆၁၀၀** | |
| ၀၄၀၁ | စက်ကရိယာ | ၉၆၀၀၀ | ၄၀၀၀၀ | |
| ၀၄၀၂ | အဆောက်အဦး | ၁၆၀၀၀၀ | ၁၀၀၀၀၀ | |
| ၀၄၀၄ | မော်တော်ယာဉ် | | | |
| ၀၄၀၆ | ကြိုးဝိုင်း | | | |
| ၀၄၀၉ | အခြား | | | |
| | **၀၄ ပေါင်း** | **၂၅၆၀၀၀** | **၁၄၀၀၀၀** | |
| | **စုစုပေါင်း** | **၂၁၀၄၈၃၀၀** | **၁၃၈၀၇၆၉၀** | |

ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

## ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း

### ၉.၆.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်မှန်းချက်များ

- မြန်မာနိုင်ငံ၏ မျိုးသုန်းပျောက်ကွယ်တော့မည့်ကျားများအား အချိန်မီ ထိန်းသိမ်း ကာကွယ်ရန်။
- ကျားတို့၏နေထိုင်ကျက်စားရာဒေသများကိုထိန်းသိမ်းကာကွယ်ရန်။
- ကျားတို့၏ အစာဖြစ်သော သားကောင်များကို လူတို့သတ်ဖြတ်ခြင်းမှ ကာကွယ်ရန်။
- ချင်းတွင်းမြစ်ဖျားခံရာ ရေဝေရေလဲဒေသ၏ သဘာဝဝန်းကျင်နှင့် ဘူမိ ရုပ်သွင်တို့အား ထိန်းသိမ်းကာကွယ်ရန်။
- မျိုးစိတ်သုတေသနလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန်။
- သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်ဒေသခံတို့၏ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုစေရန်။

### ၉.၆.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

#### ၉.၆.၂.၂.၁ နေရင်းဒေသ အတွင်း/ပြင်ပ ကာကွယ်ထိန်းသိမ်းခြင်း

**နေရင်းဒေသ အတွင်း ကာကွယ်ထိန်းသိမ်းခြင်း**

၂၀၁၁ခုနှစ်ကအတည်ပြုသည့် "နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက်(National Biodiverity Strategy and Action Plan NBSAP)"ကိုမဏ္ဍိုင်ပြု၍ နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသော သဘာဝနယ်မြေ ထိန်းသိမ်းရေးဆိုင်ရာအခြေခံ သဘောတရားတို့ကိုလည်း ဆန့်ကျင်သွေဖီခြင်း မရှိစေဘဲ မိမိနိုင်ငံနှင့် ထိန်းသိမ်းရေး နယ်မြေတည်ရာ ဒေသရှိ ရုပ်ပိုင်းဆိုင်ရာ/ စိတ်ပိုင်းဆိုင်ရာ မတူကွဲပြားမှုများအပေါ် ကောင်းမွန်မှန်ကန်သည့် နည်းလမ်းဖြင့် အုပ်ချုပ်လုပ်ကိုင်မည်ဖြစ်ပါသည်။

၁၉၉၈ ခု မှ ၂၀၀၃ ခု ထိပြည်တွင်း၊ ပြည်ပမှ အတတ်ပညာရှင်များပါဝင်သော သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ပူးပေါင်းသည့် အမျိုးသားကျားလေ့လာရေးအဖွဲ့ဖြင့် ဟူးကောင်းဒေသအတွင်းကျားနှင့် တော

ဆင်ရိုင်းအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ သုတေသနပြု လေ့လာရေးလုပ်ငန်း စဉ်တစ်ရပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်း အစီရင်ခံစာအပေါ်သုံးသပ် ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သစ်တောရေးရာဂုန်ကြီးဌာန သည် ဟူးကောင်းဒေသတစ်ခုလုံး၏ ဂေဟစနစ်ရေရှည်တည်တံ့နေစေရေး အတွက်နေရင်းဒေသတွင်းရှိသဘာဂုဂန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများနှင့် ထိစပ် ပထဝီအနေအထားများကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ခန္တီးခရိုင်တို့တွင် (၄၂၉၃၁၂၀)ဧက အား ဖွဲ့စည်းခဲ့ပါသည်။

**နေရင်းဒေသ ပြင်ပ ကာကွယ်ထိန်းသိမ်းခြင်း**

**၉.၆.၂.၂.၂ မျိုးစိတ်အလိုက်အုပ်ချုပ်လုပ်ကိုင်ခြင်း**

မျိုးစိတ်တစ်ခုချင်းအလိုက်ရွေးချယ်ခြိမ်းခြောက်ခံရမှုမရှိပါ။ နေရင်းဒေသအပေါ်သက်ရောက်စိန်ခေါ်မှုများကိုသာဦးစားပေးဖြေရှင်း သွားမည်ဖြစ်ပါသည်။

**၉.၆.၂.၂.၃ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ စာရင်းကောက်ယူခြင်း**

သစ်တောဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) (WCS)ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နေရာ/ ဒေသ/ ဂေဟအလိုက်သော်လည်းကောင်း၊ မျိုးစိတ်အဆင့်အတန်းအလိုက် သော်လည်းကောင်းစာရင်းကောက်ယူခြင်း၊အစီရင်ခံတင်ပြခြင်းတို့ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

**၉.၆.၂.၂.၄ သုတေသနလုပ်ငန်းများ**

သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) (WCS)နှင့် (UNDP)တို့ ပူးပေါင်းဖွဲ့စည်းလျှက် (GEF)၏ ရန်ပုံငွေပံ့ပိုးမှုတို့ ဖြင့်အောက်ပါတို့ကို လေ့လာဖော်ထုတ်သွား ပါမည်-

~ သဘာဝတောပေါက်ရောက်မှု၊ သစ်ပင်သစ်တောဖုံးလွှမ်းမှုဆန်းစစ်၊ လေ့လာ မှတ်တမ်းတင်ခြင်းနှင့်အပင်မျိုးစိတ်၊အပင်အုပ်စု၊တောအမျိုးအစားခွဲခြားခြင်း
~ သားငှက်တိရစ္ဆာန်များပျံ့နှံ့ကျက်စားမှုဆန်းစစ်၊ လေ့လာ၊ မှတ်တမ်းတင်ခြင်း နှင့်ယင်းတို့သည်ဌာနေမျိုးစိတ်၊ ဒေသမျိုးရင်း၊ ရွှေ့ပြောင်းစသည်ဖြင့်မျိုးစိတ် ခွဲခြားခြင်း

- ဂေဟာစနစ်အမျိုးအစား၊အတန်းအစားနှင့်မိုးလေဝသ၊ရာသီဥတုအခြေအနေတို့ကိုမှတ်တမ်းတင်ခြင်း
- ရေတိမ်ဒေသမြက်ခင်းတောများအား သုတေသနပြုစာရင်းကောက်လေ့လာခြင်း၊ အရေးပါသည့်နေရင်းဒေသများအားအထူးစောင့်ကြပ်မှုဖြင့် ထိန်းသိမ်းနိုင်ရေးဆန်းစစ်၊လေ့လာ၊မှတ်တမ်းတင်ခြင်း။
- ဒေသခံများ၏အခြေခံစားဝတ်နေရေး လိုအပ်ချက်များအား အမာခံ ထိန်းသိမ်းရေးနယ်မြေကိုမထိခိုက်စေဘဲကြားခံနယ်မြေအတွင်းမှဖြည့်တင်းပေးနိုင်ရန်လေ့လာခြင်း
- သဘာဝအခြေခံခရီးသွားလုပ်ငန်းအခွင့်အလမ်းများဆန်းစစ်၊လေ့လာ ခြင်း။

## ၉.၆.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

ဝန်ထမ်းဖွဲ့စည်းပုံ၊လက်ရှိအခြေအနေမှာ ခွင့်ပြုအင်အား(၂၆)ဦးအနက် ဦးစီးအရာရှိတစ်ဦးအပါအဝင် ဝန်ထမ်းအင်အား(၁၄)ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းလုံခြုံရေးကျိုးပေါက်နေသည့် ကာလရှည်ကြာလာခြင်း၏ နောက်ဆက်တွဲတရားဥပဒေစိုးမိုးရေးလွန်စွာအားနည်းလျှက်ရှိပါသည်။

လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ တရားဥပဒေစိုးမိုးရေးတို့နှင့်ညီညွတ်သည့်လုပ်ငန်းဆောင်ရွက်နိုင်မှုသည်သာရေရှည်တည်တံ့မည့်ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကိုရရှိနိုင်မည်ဖြစ်၍စီမံချက်ကာလအတွင်း အောက်ပါတို့ကိုအချိန်နှင့်တပြေးညီပြင်ဆင်ဖြည့်ဆည်းပေးနိုင်ခြင်း၊ လုပ်ငန်းအရှိန်ထိရောက်တိုးမြှင့်နိုင်ခြင်းဖြင့်လုပ်ငန်းရလာဒ်များပိုမိုတိုးတက်မြန်ဆန်မြင့်မားလာ မည်ဖြစ်ပါသည်-

- လုံလောက်သော ဝန်ထမ်းအင်အားတိုးမြှင့်ခန့်ထားနိုင်သည့် ဖွဲ့စည်းပုံ(အသစ်) ပြင်ဆင်ဖွဲ့စည်းပေးခြင်း(နှင့်)ခန့်အပ်တာဝန်ပေးအပ်ခြင်း။
- သစ်တောဝန်ထမ်းများကို အခြေခံပြည်သူ့စစ်သင်တန်းကဲ့သို့ လက်နက်ငယ်ကျွမ်းကျင်မှုသင်တန်းများလေ့ကျင့်ပေးခြင်း(နှင့်) လက်နက်ငယ်တပ်ဆင်ပေးခြင်း (သို့တည်းမဟုတ်)ယခင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့်နည်းတူဝန်းကျင်/သားငှက်ထိန်းသိမ်းရေးရဲတပ်ဖွဲ့ကို လုံလောက်သောအင်အားဖြင့် အမြဲတမ်းတွဲဘက်ထမ်းဆောင်စေခြင်း။
- ပြဋ္ဌာန်းထားသည့်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကိုခေတ်ကာလနှင့်လျော်

ညီလျှက်ထိရောက်ဟန်တားသည့်တရားဥပဒေစိုးမိုးမှုကိုအထောက်အကူဖြစ်စေရေး ပြင်ဆင်ရေးဆွဲ၊ထုတ်ပြန်ခြင်း။

~ သဘာဝနယ်မြေထိန်းသိမ်းရေးလုပ်ငန်းများတွင်သက်ဆိုင်ရာနယ်မြေအလိုက်ပြည်နယ်/တိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးအဖွဲ့ (Landscape Label) တို့မှပင်မလုပ်ငန်းတစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဦးဆောင်ပါဝင်လာစေရေး မူဝါဒ(Policy)တစ်ရပ်ပေါ်ထွက်လာစေခြင်း။

**၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး**

ငွေကြေးရန်ပုံငွေစီမံချက် (Financial Plan) နှင့်စပ်လျဉ်း၍အောက်ပါလုပ်ငန်းများတွင်ရန်ပုံငွေရင်းနှီးမြှုပ်နှံခြင်းတွင်လက်ရှိပမာဏဖြင့်လုံလောက်မှုမရှိသဖြင့်သက်ဆိုင်ရာလုပ်ငန်းအလိုက်(ပုံသေ/ပုံသေမဟုတ်သောရင်းနှီးမြှုပ်နှံမှုများ)ကိုအချိန်နှင့်တပြေးညီပြင်ဆင်ဖြည့်ဆည်းပေးနိုင်ခြင်း၊ လုပ်ငန်းအရှိန်ထိရောက်တိုးမြှင့်နိုင်ခြင်းဖြင့်လုပ်ငန်းရလာဒ်များပိုမိုတိုးတက်မြန်ဆန်မြင့် မားလာမည်ဖြစ်ပါသည်-

~ ကင်းလှည့်ထိန်းသိမ်းခြင်းလုပ်ငန်း(တစ်နည်း) နေရင်းဒေသအတွင်းကာကွယ်ထိန်းသိမ်းခြင်း။
(ကင်းတို၊ကင်းရှည်၊သတင်းအခြေခံနယ်မြေရှင်းလင်းခြင်း၊သတင်းအရကင်းပုန်းဝပ်စုံစမ်းဖော်ထုတ်တည်ဆောက်ခြင်း၊စစ်ကြောင်းအသွင်နယ်မြေရှင်းလင်းခြင်း)

~ သုတေသနလုပ်ငန်း(တစ်နည်း) (၉.၆.၂.၂.၃)နှင့်(၉.၆.၂.၂.၄)ပါလုပ်ငန်း။

~ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံထိန်းသိမ်းရေးဆိုင်ရာလူထု၊ အခြေခံပညာကျောင်းများ အသိသတိပေးနှင့်အသိပညာပေးလုပ်ငန်း
(ပညာပေးပြခန်းများဖွင့်လှစ်ခြင်း၊အထိမ်းအမှတ်နေ့များတွင်ဂုဏ်ပြုအခမ်းအနားစီစဉ်ခြင်း၊ပုံမှန်နယ်လှည့်ပညာပေးခြင်း)

~ နယ်နိမိတ်စစ်ဆေး၊ပြင်ဆင်ခြင်းလုပ်ငန်း
(ဆိုင်းဘုတ်၊ဘုတ်ပြား၊ဘုတ်တိုင်...တို့ဆောင်ရွက်ခြင်း)

**၉.၇ သစ်တောကာကွယ်ခြင်း**

၉.၇.၁ နယ်နိမိတ်သတ်မှတ် ပြင်ဆင်ထိန်းသိမ်းခြင်းကြိုးဝိုင်းနှင့် အကွက်နယ်နိမိတ်များကိုပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက် အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲ အခန်း(၆) စာမျက်နှာ ၅၀ မှ ၅၇ တွင် ညွှန်ကြားထားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

### ၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ကြိုးဝိုင်းများကို ၁၀ နှစ်တာကာလအတွင်း အစီအစဉ်ရေးဆွဲ၍ ပြင်ဆင်သွားရမည်ဖြစ်ပါသည်။ ကြိုးဝိုင်းပြင်ဆင်ခြင်း လုပ်ငန်းများနှင့် အတူလူအများဖြတ်သန်း သွားလာပြီးလူနေရပ်နှင့် နီးစပ်သော နေရာများတွင်ပညာပေး၊ သတိပေးနှင့်ကြိုးဝိုင်းဆိုင်းဘုတ်များ စိုက်ထူထားရှိပေး ရမည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောဂန်ထမ်းများမှ လုပ်ငန်းခွင်ဂင်ရောက်သည့် အချိန်များတွင်ကြိုးဝိုင်းနယ်နိမိတ်များကို အမြဲမပြတ် စစ်ဆေးပြီးနှောင့်ယှက် ဖျက်စီးလွယ်သည့်နေရာများမှ နယ်နိမိတ်များကိုပျက်စီးနေကြောင်း တွေ့ရှိရပါက လက်ထောက်ညွှန်ကြားရေးမှူးထံတင်ပြ၍ အထူးခွင့်ပြုမိန့် တောင်းခံပြီးပြင်ဆင် သွားရမည်ဖြစ်ပါသည်။ ခရိုင်အတွင်းရှိကြိုးဝိုင်းများကို ၁၀ နှစ်တာကာလအတွင်း ပြင်ဆင်ရန် အစီအစဉ်ကို ဇယား(၉.၇.၁.၁) ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။

### ၉.၇.၁.၂ အကွက်နယ်နိမိတ်

သစ်တောလုပ်ငန်းများဖြစ်သည့် ကျွန်းသင်းသတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းဆောင်ရွက်သည့်အခါတိုင်း အကွက်နယ်နိမိတ်များကို ပြင်ဆင်သွားရန်ဖြစ်ပါသည်။ သစ်တောလုပ်ငန်းများမရှိသည့်မြို့များတွင် သစ်တောလုပ်ငန်းများကို ၅ နှစ်သို့မဟုတ် ၁၀ နှစ်တစ်ကြိမ် ရန်ပုံငွေခွင့်ပြုချက်အပေါ်မူတည်၍ အကွက်နယ်နိမိတ်များကို ပြင်ဆင်သွားရမည်ဖြစ်ပါသည်။ သစ်တောလုပ်ငန်းများ ဆောင်ရွက်တိုင်း သက်ဆိုင်ရာတာဂန်ကျဂန်ထမ်းများမှ အကွက်နယ်နိမိတ်များအခြေအနေကိုမြို့နယ်ဦးစီးအရာရှိထံ တင်ပြအစီရင်ခံနေရမည်ဖြစ်ပါသည်။ ထို့အပြင်ကြိုးဝိုင်း အတွင်းဖြတ်သန်းသွားသောမော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ လှည်းလမ်းများရှိပါက အကွက်နယ်နိမိတ်များတွင် သတိပေး၊ ပညာပေးနှင့် ကြေငြာဆိုင်းဘုတ်များ စိုက်ထူထားရမည် ဖြစ်ပါသည်။

ဇယား(၉.၇.၁.၁)

## မြစ်ကြီးနားခရိုင် စီမံကိန်းကာလအတွင်းကြိုးဝိုင်းနယ်နမိတ်များပြင်ဆင်ရန်လျာထားချက်

| စဉ် | မြို့နယ် | ကြိုးဝိုင်း | နယ်နမိတ်အလျား(မိုင်) | နှစ်အလိုက်ပြင်ဆင်မည့် အလျား(မိုင်) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၂၃-၂၄ | ၂၀၂၄-၂၅ | ၂၀၂၅-၂၆ |
| ၁ | မြစ်ကြီးနား | နန့်ခို | ၁၀ | ၁၀ | - | - | - | - | - | - | - | - | - |
| | | နန့်စွန်တီး | ၁၀ | | ၁၀ | | | | | | | | |
| | | တောင်ပလောင် | ၁၀ | | | ၁၀ | | | | | | | |
| | | ဥယာဟာသ | ၁၀ | | | | ၁၀ | | | | | | |
| | | **ပေါင်း** | **၄၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | - | - | - | - | - | - |
| ၂ | ဝိုင်းမော် | မိုင်းနား | ၃၀ | | | | | ၅ | ၅ | ၅ | ၅ | ၅ | ၅ |
| | | ဝါရှောင် | ၃၀ | | | | | ၅ | ၅ | ၅ | ၅ | ၅ | ၅ |
| | | **ပေါင်း** | **၆၀** | - | - | - | - | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** |
| | | **စုစုပေါင်း** | **၁၀၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** | **၁၀** |

ဇယား(၉.၇.၁.၂)

## မြစ်ကြီးနားခရိုင် စီမံကိန်းကာလအတွင်း  အကွက်နယ်နမိတ်များပြင်ဆင်ရန်လျာထားချက်

| စဉ် | မြို့နယ် | ကြိုးဝိုင်း | နယ်နမိတ် အလျား (မိုင်) | နှစ်အလိုက်ပြင်ဆင်မည့် အလျား(မိုင်) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | ၂၀၂၂-၂၃ | ၂၀၂၃-၂၄ | ၂၀၂၄-၂၅ | ၂၀၂၅-၂၆ |
| ၁ | မြစ်ကြီးနား | နန့်ခို | ၁၀ | ၁၀ | - | - | - | - | - | - | - | - | - |
| | | နန့်ဆွန်တီး | ၁၆ | ၁၀ | ၃ | ၃ | | | | | | | |
| | | တောင်ပလောင် | ၁၆ | ၁၀ | ၃ | ၃ | | | | | | | |
| | | ဉယာဟာသ | ၁၆ | ၁၀ | | | ၆ | | | | | | |
| **ပေါင်း** | | | **၅၈** | **၄၀** | **၆** | **၆** | **၆** | - | - | - | - | - | - |
| ၂ | ဝိုင်းမော် | မိုင်းနား | ၁၈ | | | | | ၃ | ၃ | ၃ | ၃ | ၃ | ၃ |
| | | ဝါရှောင် | ၁၈ | | | | | ၃ | ၃ | ၃ | ၃ | ၃ | ၃ |
| **ပေါင်း** | | | **၃၆** | - | - | - | - | **၆** | **၆** | **၆** | **၆** | **၆** | **၆** |
| **စုစုပေါင်း** | | | **၉၄** | **၄၀** | **၆** | **၆** | **၆** | **၆** | **၆** | **၆** | **၆** | **၆** | **၆** |

## ၉.၇.၂ မီးကာကွယ်ခြင်း

ရုံး၊ဌာနပိုင်အဆောက်အဦများ၊ပစ္စည်းနှင့် ဆီသိုလှောင်ရုံများ၊ ဝန်ထမ်းနေအိမ်များ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရန် နှစ်စဉ်နွေရာသီမရောက်မီ မီးဘေးကြိုတင်စီမံချက်ရေးဆွဲစေပြီး စီမံချက်ပါအတိုင်း မီးချိပ်၊ မီးကပ်များ၊ ရေပုံးများ၊ မီးသတ်ဗူးများ ထားရှိခြင်းများဆောင်ရွက်ရပါမည်။ရေကန်များတွင်ရေများဖြည့်ထားပေးရပါမည်။ မီးလောင်မှုဖြစ်ပွားပါကမိမိတာဝန်ယူရသောနေရာ မီးကူးစက်လောင်ကျွမ်းခြင်းမရှိရအောင်ဆက်သွယ်ရမည့် လမ်းကြောင်းများ၊အကူအညီရယူရမည့်လမ်းကြောင်းများကိုလေ့ကျင့် သင်ကြားပေးထားရပါမည်။ မီးဘေးအန္တရာယ်ဆိုးရွား ပုံကိုရုပ်ပုံ၊ပိုစတာ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားတို့မှ ပညာပေးဖြန့်ဖြူးနေသည်တို့ကို ကြည့်ရှုစေရန်၊ ဤသို့အန္တရာယ်ဆိုးများမကျရောက်အောင် မီးဂရုစိုက်ရေးလှုံ့ဆော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စိုက်ခင်းများကို (၅)နှစ်သားအထိ မီးကာကွယ်ရပါမည်။ ဇန္နဝါရီလ (၁၅)ရက်မှမေလ (၁၅)ရက်အထိ (၄)လတာကာလကို မီးကာကွယ်သောကာလအဖြစ် သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ နွေရာသီအစတွင်စိုက်ခင်းပတ်လည်၌(၁၀)ပေအကျယ် မီးတားလမ်းကို အပြောင်ရှင်းထားပေးရပါသည်။ အတွင်းမီးတားလမ်းများကိုပါ ဖောက်လုပ်ပေးထားရပါမည်။ ဖြစ်နိုင်လျှင် မီးလှန့်ကွက်များပြုလုပ်ပြီးဆောင်းရာသီတွင် ထိန်းသိမ်းကြိုတင်မီးရှို့ခြင်း၊ (Control Burning) လုပ်ပေးနိုင်လျှင်ပိုကောင်းပါသည်။ အချက်အချာ ကျသောနေရာများတွင်မီးမျှော်စင်များဆောက်လုပ်ပြီးမီးစောင့်များကိုထားပေးရပါမည်။ မီးတားလမ်းတစ်လျှောက်မီးကပ်များကိုထားပေးရပါမည်။ စိုက်ခင်းအတွင်းဝင်ရောက်သူများအားမီးဂရုစိုက်ရန်ပညာပေးခြင်း၊နှိုးဆော်ခြင်းလုပ်ပေးရမည်။စိုက်ခင်းပတ်လည်လူဝင်လူထွက်သောနေရာများတွင် မီးသတိပြုဆိုင်းဘုတ်များ စိုက်ထူပေးရပါမည်။ မီးစောင့်များနှင့်ဝန်ထမ်းများတွဲဖက်၍ တာဝန်ကျစောင့်ရှောက်နေရမည်ဖြစ်ပြီး မီးအန္တရာယ် ကြုံတွေ့ပါကအချက်ပြဆက်သွယ်ရေးအစီအစဉ်၊ အကူအညီရယူမည့် အစီအစဉ်၊ ဝိုင်းဝန်းငြိမ်းသတ်မည့်အစီအစဉ်ကို ကြိုတင်စီစဉ်လေ့ကျင့်ထားရပါမည်။ စိုက်ခင်းများတွင်လည်းနှစ်စဉ်မီးစီမံချက်ကိုရေးသားစေပြီးစီမံချက်ပါအတိုင်းဆောင်ရွက်ရန် ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်နေရမည်ဖြစ်ပါသည်။ သစ်နှင့်သစ်တောထွက်ပစ္စည်း ထုတ်လုပ်သောအဖွဲ့အစည်းများအနေဖြင့်လည်း မီးဘေးအန္တရာယ်မကျရောက်ရအောင် ကြိုတင်ကာကွယ်မှုကိုလိုက်နာဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်သွားရပါမည်။ ၎င်းတို့အား တာဝန်ရှိသူများက လိုအပ်သလိုတွန်းအားပေး ဆောင်ရွက်နေရမည်ဖြစ်ပါသည်။ မီးကာကွယ်ထားသောဧရိယာအတွင်း ဖြတ်သန်းသွားလာသောကျေးရွာသားများ အားမီးဘေးအန္တ

ရာယ်ကာကွယ်ရေးစီမံချက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီးမလိုက်နာပါက ဥပဒေအရထိရောက်စွာအရေးယူဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### ၉.၇.၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း

ခရိုင်အတွင်းရှိ သဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ပိုးမွှားနှင့် ရောဂါအန္တရာယ်များ ကျရောက်ပါက ဖြစ်ပွားမှုပေါ်မူတည်၍ သစ်တောသုတေသန၊ မြန်မာ့စိုက်ပျိုးရေးဌာနတို့နှင့်ညှိနှိုင်းပြီး လိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို ရယူ၍ ကျရောက်သော ပိုးမွှားရောဂါနှင့် အခြားရောဂါများကို လိုအပ်သလို ကာကွယ်သွားမည် ဖြစ်ပါသည်။ ယခင် မှတ်တမ်းများအရ ပိုးမွှားနှင့်ရောဂါအန္တရာယ်များဆိုးရွားစွာ ကျရောက်ခြင်း မရှိခဲ့ကြောင်း သိရှိရပါသည်။

### ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်းကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သစ်တောစိုက်ခင်းများကို ကာကွယ်စောင့်ရှောက်ရန်ဘိနယ်တာဝန်ခံများက မိမိတာဝန်ယူရသော ဘိနယ်တွင် လှည့်လည်စစ်ဆေးပြီးတွေ့ရှိချက်များကို မြို့နယ်ဦးစီးမှူးထံ တင်ပြရပါမည်။ စိုက်ခင်းများတွင်လည်းစိုက်ခင်းတာဝန်ခံဝန်ထမ်းများကို သီးသန့်တာဝန်ပေးထားပါသည်။ မြို့နယ်မှလည်းသစ်တောထိန်းသိမ်းရေးလုပ်ငန်းအတွက်လှုပ်ရှားအဖွဲ့များဖွဲ့စည်း၍ အလျဉ်းသင့်သလိုလှည့်လည်စစ်ဆေး ဆောင်ရွက်သွားရပါမည်။ ၎င်းလှည့်လည်စစ်ဆေးသော အဖွဲ့များသည် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်တောင်ယာခုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ယူခြင်းနှင့် အခြား သစ်တောပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ခြင်းများကို တွေ့ရှိရပါက မြို့နယ်ဦးစီးအရာရှိများမှ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို လက်ထောက်ညွှန်ကြားရေးမှူးများထံ တင်ပြအစီရင်ခံနေရမည် ဖြစ်ပါသည်။

### ၉.၇.၅ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း

မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့နယ်ရှိ ဧရိယာ(၄၅၇၃၉၂)ဧကအား အင်ဂျန်းယန်ကြိုးပြင်ကာကွယ်တောအမည်ဖြင့် သတ်မှတ်တည်ထောင်ရန် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏ အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၁၀)အရ သစ်တောကြေးတိုင် ပုံစံ(၁) ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သော်လည်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အင်ဂျန်းယန်)မှ ရည်ရွယ်ကြောင်း၊ သတ်မှတ်ဧရိယာသည်

